# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၁၇၀)


# နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ရသော်လည်း မပြည့်ဝသေးသည့် ပြည်ထောင်စုအိပ်မက်ကို လက်တွေ့ကျကျ ဖန်တီးပုံဖော်တည်ဆောက်နိုင်မည့် အခွင့်အလမ်းသည် ပြည်ထောင်စုသားအားလုံး၏ လက်တစ်ကမ်းအကွာသို့ ရောက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က**
**(၇၅) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့**
**ပေးပို့သည့်သဝဏ်လွှာ**
**၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်**

**ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ မတ်လ (၁၉) ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ မွန်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော မွန်ပြည်နယ်နေ့အခါသမယတွင် မွန်ပြည်နယ်အတွင်း နေထိုင်ကြသည့် မွန်တိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း)တွင် "မွန်ပြည်နယ်" အဖြစ် စတင်ကမ္ပည်းတင်ရေးသားခဲ့သည့် ၁၉၇၄ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနား နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင်(၇၅) နှစ်တိုင်တိုင်ရောက်ရှိပြီ ဖြစ်ပါသည်။

မွန်ပြည်နယ်သည် မွန်နှင့် ဗမာလူမျိုး အများဆုံးနေထိုင်ကြပြီး ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း စသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများပါ အတူတကွ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ နေရာဒေသအသီးသီးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နှစ်ပေါင်းရာနှင့်ချီ၍ ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြပြီး နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံးဖြင့် အတူလက်တွဲကြိုးပမ်းခဲ့ကြပါသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် ၂၀၁၉ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** သတင်းစဉ်

**နေပြည်တော် မတ် ၁၈**

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒဆရာတော်များနှင့် ၂၀၁၉ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘားအံမြို့ဒေသခံပြည်သူများနှင့်တွေ့ဆုံ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဘားအံမြို့သေဋ္ဌမာရ်အောင်ဘုရားကြီး ဂေါပကအဖွဲ့က အမှတ်တရလက်ဆောင်ပေးအပ်စဉ်။** သတင်းစဉ်

**ဘားအံ မတ် ၁၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရဟတ်ယာဉ်ဖြင့် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❋




# ခေါင်းဆောင်များနှင့် သူ၏ ပြည်သူလူထု

နိုင်ငံများမှာ ပြည်သူတို့က လေးစားခန့်ညားသည့် ခေါင်းဆောင်များရှိ၏။ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသား လူမျိုးစုရေးရာ ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးဦးဆောင်မှု အခန်းကဏ္ဍက ခေါင်းဆောင်များ၊ အလုပ်သမား လယ်သမားအစရှိသည့် လူထုလူတန်းစားအဖွဲ့အစည်းဆိုင်ရာ ခေါင်းဆောင်များ။

မည်သို့သော နယ်ပယ်ကဏ္ဍများက ခေါင်းဆောင်ဖြစ်စေ၊ ဆက်စပ်ရာ နယ်ပယ်ကဏ္ဍက လူအများ၏ လေးစားချစ်ခင်မှု ကြည်ညိုခန့်ညားမှုရှိရေးက အခရာဖြစ်ပါမည်။

လူမျိုးဘာသာမခွဲ၊ အလုပ်လုပ်ကိုင်သည့် မည်သို့သော အတန်းအစားမှမခွဲ၊ ဆင်းရဲချမ်းသာမခွဲ အဖုံဖုံသော ပြည်သူလူထု၏ အားပေးထောက်ခံမှု လိုအပ်သည်ကား နိုင်ငံရေးခေါင်းဆောင်များ ဖြစ်ပါသည်။

နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ အောင်မြင်မှုသည် ပြည်သူလူထု၏ ထောက်ခံမှုပေါ်တွင် လုံးလုံးလျားလျား တည်ပါသည်။ ပြည်သူလူထုသည် ခေါင်းဆောင်၏ ဦးဆောင်မှု၊ ခေါင်းဆောင်၏ လက်တွေ့ဆောင်ရွက်နေမှု၊ ခေါင်းဆောင်၏ ရေရှည်မြော်မြင်ဉာဏ်ကို ကောင်းကောင်း အကဲခတ်နိုင်သူ၊ မှန်မှန်ကန်ကန် အကဲဖြတ်နိုင်သူများ ဖြစ်ပါသည်။

ထို့ကြောင့်ပင် နိုင်ငံရေးခေါင်းဆောင် အစစ်အမှန်တို့သည် ပြည်သူနှင့် တစ်သားတည်းနေလိုကြသည်။ ပြည်သူတို့၏ အစစ်အမှန် ဖြစ်သော ခံစားချက်တို့ကို စာနာနားလည်လိုကြ၏။ ပြည်သူတို့၏ ရင်တွင်းက လာသော လိုအင်ဆန္ဒသဘောထားကို စောကြောလိုကြ၏။

အာဏာရှင်စနစ်များအောက်တွင် နေထိုင်ခဲ့ကြစဉ်ကာလများကို လည်ပြန်ကြည့်လျှင် များစွာသော လေ့လာစရာများရှိသည်ကို တွေ့ရပါမည်။ နိုင်ငံရေးခေါင်းဆောင်များကို တင်သွင်းသော လိမ်လည်လှည့်ဖြားထားသည့် သတင်းများ၊ အစီရင်ခံစာများကြောင့် တိုင်းပြည်မည်မျှလောက် နစ်နာခဲ့သည်တို့မှာ အထင်အရှားဖြစ်ပါ၏။

အောက်ခြေအဆင့်ဆင့်က အလိမ်အညာ အစီရင်ခံမှုများကို သာသာယာယာမွေ့လျော်ခဲ့သော ခေါင်းဆောင်များကို ပြည်သူတို့က မည်သို့သဘောထားခဲ့ကြသည်ဆိုသည်ကလည်း လျှို့ဝှက်ချက် မဟုတ်ခဲ့ပါ။

မြန်မာနိုင်ငံက ပြည်သူ့ကိုယ်စားလှယ်အများစုဖြင့် မဏ္ဍိုင်များကို အတော်အသင့် လွှမ်းမိုးနိုင်ခဲ့ပြီ ဖြစ်သော်လည်း နိုင်ငံအနေဖြင့် နိုင်ငံတကာတွင် ရင်ပေါင်တန်းနိုင်ရန်၊ ပြည်သူတို့၏ နေ့စဉ်ဘဝများ လုံခြုံချောမွေ့နိုင်ရန်၊ နိုင်ငံအဝန်း လွှမ်းခြုံနိုင်သည့် ဥပဒေစိုးမိုးမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုတို့အတွက် များစွာရုန်းကန် ကြိုးစားနေရဆဲအချိန် ဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူတို့၏ အားပေးထောက်ခံမှု ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကို များစွာလိုအပ်နေချိန်ဖြစ်ပါသည်။ သည်လို အချိန်တွင် ပြည်သူတို့၏ ဆန္ဒအမှန်၊ ပြည်သူတို့၏ သဘောထား အမှန်၊ ပြည်သူတို့၏ ခံစားချက်အမှန်တို့ကို အဆင့်ဆင့်သော နိုင်ငံရေး ခေါင်းဆောင်အသီးသီးတို့က စနစ်တကျလေ့လာသင်ယူ နားလည်ကြရန်လိုမည်ဟု ထင်မြင်ပါသည်။

ပြည်သူတို့၏ ဘဝအမှန်များကို သိရှိနိုင်ရေးအတွက် ပြည်သူ့ကြားသို့ တိုးဝင်ကြရေး၊ ပြည်သူနှင့်အတူခံစားကြရေးတို့က အရေးကြီးသည့် နိုင်ငံရေးလုပ်ငန်းစဉ်များဖြစ်သည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄

ကြေးမုံ - ၀၉၂၅၀၁၈၉၂၇၇

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ပဲခူးမြို့ )

၂၀၁၉ ခုနှစ် ၊ မတ်လ (၂၈၊ ၂၉၊ ၃၀)ရက်၊ (ကြာသပတေး၊ သောကြာ၊ စနေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ပဲခူးမြို့

## ငမြှောင်တောင်ပိုး ဘက်စုံစုပေါင်းကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများ အလုပ်ရုံဆွေးနွေး

နေပြည်တော် မတ် ၁၈

မြန်မာနိုင်ငံအတွက် ငမြှောင်တောင်ပိုး ဘက်စုံစုပေါင်းကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများ အလုပ်ရုံ ဆွေးနွေးပွဲကို မတ် ၁၄ ရက်က နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် ပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မီချီကန်တက္ကသိုလ်ပါမောက္ခ Professor Duncan Boughton နှင့် ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက် ဆွေးနွေးကြသည်။

ယခုနှစ် မြန်မာနိုင်ငံအတွင်း သီးနှံအမြောက်အမြားတွင် ကျရောက်ဖျက်ဆီးခဲ့သည့် ငမြှောင်တောင်ဖျက်ပိုး၏ မျိုးစိတ်အသစ်ဖြစ်သော Fall Armyworm ကို ၂၀၁၈ခုနှစ် ဆောင်းရာသီတွင် မန္တလေး၊ ရောဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စိုက်ခင်းများတွင် စတင်ကျရောက်ခဲ့ပြီးနောက် မျိုးစိတ်အသစ်အဖြစ် အတည်ပြုနိုင်ခဲ့သည်။ ငမြှောင်တောင်ပိုး ဖျက်ပိုးကျရောက်သည့် ဒေသများတွင် လိုအပ်သည့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိပြီး လာမည့်ကာလများတွင် သီးနှံများအပေါ် ဆိုးရွားစွာကျရောက် ဖျက်ဆီးမှုမရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအနှံ့တောင်သူလယ်သမားများ နားလည်သတိပြုမိစေရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း သတင်းအချက်အလက်များ မျှဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

ထို့နောက် ကင်းထောက်လေ့လာခြင်းနှင့် အစောပိုင်းသတိပေးစနစ်၊ ကာကွယ်နှိမ်နင်းခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းနည်းဗျူဟာများ၊ ပိုးသတ်ဆေး၊ ဇီဝပိုးသတ်ဆေးစသည့် သွင်းအားစုများထောက်ပံ့ခြင်း၊ ဘေးကင်းစွာကိုင်တွယ် အသုံးပြုခြင်းနှင့် လိုက်နာရမည့်လုပ်ငန်းစဉ်များ၊ နည်းပညာနှင့်လူမှုစီးပွားဆိုင်ရာ သုတေသနလုပ်ငန်းများ၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် ပညာပေးနည်းလမ်းဆိုင်ရာများကို ဆွေးနွေးကြသည်။

**ဇူလိုင်မိုး**

## မုံရွာတွင် ကျေးရွာငါးရွာ သောက်သုံးရေ အဝီစိစက်ရေတွင်း တူးဖော်မည်

မုံရွာ မတ် ၁၈

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်တွင်ပါဝင်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ နွေရာသီသောက်သုံးရေ ရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ငါးရွာတွင် စက်ရေတွင်းငါးတွင်း တူးဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လှည်းဒါးကျေးရွာနှင့် ဘော်ဂါကျေးရွာတို့တွင် ၄ လက်မ ပေ ၅၀၀ စက်ရေတွင်း နှစ်တွင်း၊ အလျား ၁၀ပေ အနံ ရှစ်ပေ အမြင့်ရှစ်ပေရှိ ရေစက်ရုံနှစ်ခု၊ အမြင့် ပေ၂၀ရှိ ဂါလန် ၂၄၀၀ ဆံ့စင်မြင့် ရေစင်နှစ်ခုတို့ကိုလည်းကောင်း တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် သာစည်ကျေးရွာနှင့် နိဗ္ဗာန်ဝကျေးရွာများတွင် ၄ လက်မ ပေ ၄၀၀ စက်ရေတွင်း နှစ်တွင်း၊ အလျား ၁၀ပေ အနံ ရှစ်ပေ အမြင့်ရှစ်ပေရှိ ရေစက်ရုံနှစ်ခု၊ အမြင့် ပေ၂၀ရှိ ဂါလန်၂၄၀၀ ဆံ့ စင်မြင့် ရေစင်နှစ်ခုတို့ကိုလည်းကောင်း၊ မွမ်းမံရန်ပုံငွေဖြင့် ရေကန်စုကျေးရွာတွင် ၄ လက်မ ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်းနှင့် နှောပင်ကျေးရွာတွင် ဂါလန် ၂၄၀၀ဆံ့စင်မြင့် ကွန်ကရစ်ရေစင် တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက ပြောသည်။

**ငြိမ်းသူ (စလင်း)**



**ရန်ကုန်ဆေးတက္ကသိုလ် (၂) မှ ပါမောက္ခ ဒေါက်တာစောကလယ်ခူ (ပါမောက္ခဌာနမှူး၊သားဖွားမီးယပ်) ဦးဆောင်သောအဖွဲ့ မတ် ၁၇ ရက်မှ စတင်၍ ဟားခါးပြည်သူ့ဆေးရုံကြီး၌ အထွေထွေရောဂါ လူနာများအား အခမဲ့ဆေးကုသပေးကြစဉ်။** (အထွေထွေရောဂါ၊ သားဖွား မီးယပ်၊ ခွဲစိတ်လူနာ၊ ကလေး အရိုးအကြောစသည့်လူနာများ ပြင်ပလူနာ ၃၅၁ ဦး၊ ခွဲစိတ်လူနာ၁၂ ဦး၊ အရိုး အကြောလူနာ ငါးဦးတို့ကို မတ် ၁၇ ရက်မှ မတ် ၁၈ ရက်အထိ ကုသပေးခဲ့သည်။)

**ခရိုင် (ပြန်/ဆက်)**

## ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့တွင် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်မည်

နေပြည်တော် မတ် ၁၈

မြန်မာနိုင်ငံ ဒေသအနှံ့အပြားရှိ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ လုပ်ကွက်ငယ်တောင်သူများသည် မိရိုးဖလာစိုက်ပျိုးထုတ်လုပ်မှုမှ ဒေသတွင်း နိုင်ငံများရှိတောင်သူများနည်းတူ ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု၍ အာဟာရပြည့်ဝပြီး ဈေးကွက်ဝင်သီးနှံများ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာနှင့်လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မဲခေါင်-လန်ချန်စီမံကိန်းမှ ကော်ဖီသီးနှံနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဟင်းသီးဟင်းရွက်ဖွံ့ဖြိုးရေးအတွက် တာချီလိတ်ခရိုင် ပါလှဲ့ဥယျာဉ်ခြံတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိုင်းဆတ်ခရိုင်အတွင်း စမ်းသပ်စိုက်ပျိုးအောင်မြင်ခဲ့သည့် ပဲတီစိမ်းသီးနှံကို လာမည့်နှစ်တွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ မတ်လ ဒုတိယပတ်က ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် ကျေးရွာတစ်ရွာထုတ်ကုန် တစ်မျိုးတစ်အုပ်တစ်မ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်ရာတွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦးက ရှင်းလင်းပြောကြားခြင်း ဖြစ်သည်။

ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများ ထူထောင်ရေးတွင် မြေဆီဆိုင်ရာ၊ မျိုးစေ့ဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာ ပညာရှင်များ၏ နည်းပညာပေးနိုင်မှု စွမ်းရည်မှာ အဓိကအရေးပါသည့်အတွက် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ကွင်းများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် မှတ်တမ်းပြည့်စုံရန်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြင်ပပညာရှင်များနှင့် ပူးပေါင်းကာ တောင်သူအကျိုးရှိနိုင်မည့် နည်းလမ်းများတီထွင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

အစားအစာ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာစေရေးနှင့် တောင်သူများ ဝင်ငွေအကျိုးအမြတ်ပိုမိုရရှိစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသရာသီဥတု၊ စိုက်ပျိုးရေရရှိမှုနှင့် တောင်သူများ၏ စွမ်းဆောင်နိုင်မှုများအပေါ် အခြေခံပြီး သီးနှံပုံစံများ ရေးဆွဲခြင်း၊ သီးနှံအလိုက် ခေတ်မီစိုက်ပျိုးစနစ်များ ပြောင်းလဲ လုပ်ကိုင်နိုင်ရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးသန့်လဲလှယ်ပေးရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေး နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။** သတင်းစဉ်

❐ *ရွှေဖုံးမှ*

သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ တက်ရောက်ကြည်ညိုပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**တက်ရောက်ကြည်ညို**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး ဒေါက်တာ စိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူ**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသဇ္ဈာယ်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက်ဆရာတော်အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် ပျဉ်းမနားမြို့မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယဘဒ္ဒန္တကဝိသာရတို့ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည်နှင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါက်တာ စိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို၊ ဒုတိယသမ္မတ၏ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန့်ကြင်ကြည်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၏ဇနီး ဒေါ်ဌေးရီတို့က သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၄ သို့*



**ဆရာတော်အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** သတင်းစဉ်



**ဆရာတော်အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန့်ကြင်ကြည် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** သတင်းစဉ်



**ဆရာတော်အား ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** သတင်းစဉ်



**ဆရာတော်အား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** သတင်းစဉ်

◆ ရှေ့ဖုံးမှ

သို့သော်လည်း လွတ်လပ်ရေးရပြီးချိန်မှစ၍ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းကြား နိုင်ငံရေးအယူဝါဒမတူညီမှုများနှင့် သံသယများကို ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်း မပြုနိုင်ဘဲ လက်နက်ဖြင့် ဖြေရှင်းရန် ကြိုးစားခဲ့ကြသည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေး အလှမ်းဝေးနေခဲ့ကာ လက်နက်ကိုင်ပဋိပက္ခ၏ ခါးသီးသော အတွေ့အကြုံများကို တစ်နိုင်ငံလုံး နှစ်ပေါင်းများစွာ ခံစားခဲ့ကြရပါသည်။ ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့သော တိုင်းရင်းသားများအကြား လက်နက်ကိုင်ပဋိပက္ခကို ဖြေရှင်းနိုင်ရန် အစိုးရအဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့ကြသော်လည်း အရင်းခံပြဿနာဖြစ်သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ခြင်းမရှိခဲ့သည့်အတွက် ယနေ့ထိတိုင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှု မရှိသေးခြင်း ဖြစ်ပါသည်။

မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည် မျှော်လင့်တောင့်တခဲ့ရသော ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် လက်နက်ကိုင်ပဋိပက္ခ၏ အရင်းခံအကြောင်းတရားဖြစ်သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး လက်ခံနိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တတိယအကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖက်ဒရယ်အခြေခံမူအချို့ကို သဘောတူညီချက် ရရှိခဲ့ပြီး ဖြစ်ပါသည်။

မွန်ပြည်သစ်ပါတီအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးကာ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ပါဝင်လာသည့်အတွက်လည်း များစွာဝမ်းမြောက်ရပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အားလုံးအနေဖြင့် ရရှိပြီးသော သဘောတူညီချက်များကို ဆက်လက်ထိန်းသိမ်းကာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အမြန်ဆုံးဖြစ်ပေါ်စေရေးအတွက် တက်တက်ကြွကြွ ဆက်လက်ပါဝင်ကြမည်ဟုလည်း ယုံကြည်ပါသည်။

ယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် အစဉ်အလာများ ခံ့ညားထည်ဝါလှသည့် မွန်ပြည်နယ်သည် တည်နေရာနှင့် ပထဝီမြေအနေအထားအရ ငြိမ်းချမ်းရေးရရှိခြင်းအားဖြင့် ဆယ်စုနှစ်အနည်းငယ်အတွင်း အရှိန်အဟုန်ဖြင့် တိုးတက်ရန် အလားအလာများကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပြီဖြစ်ပါသည်။ အနာဂတ်မျိုးဆက်သစ်များအတွက် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်သူ၊ ပြည်နယ်သားများကလည်း ပြည်ထောင်စုသားအားလုံးနှင့် လက်တွဲပူးပေါင်း၍ အားထုတ်ကြိုးပမ်းကြမည်ဟု အခိုင်အမာယုံကြည်ပါသည်။

**“ မွန်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလမ်းတွင် အမြော်အမြင်ရှိရှိ၊ သတ္တိရှိရှိ ဆက်လက်၍ လက်တွဲလျှောက်လှမ်းသွားကြရန်နှင့် မွန်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုကို အမိအရ ရယူဆုပ်ကိုင်လျက် လာမည့် (၁၀) နှစ်အတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး လူမှုသဟဇာတ ညီညွတ်မျှတသည့် ပြည်နယ်ကြီး ဖြစ်စေရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက် ”**

နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ရသော်လည်း မပြည့်ဝသေးသည့် ပြည်ထောင်စုအိပ်မက်ကို လက်တွေ့ကျကျ ဖန်တီးပုံဖော်တည်ဆောက်နိုင်မည့် အခွင့်အလမ်းသည် ယနေ့အချိန်အခါတွင် ပြည်ထောင်စုသားအားလုံး၏ လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပါသည်။ ဤပြည်ထောင်စုအိပ်မက်သည် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပြည်ထောင်စုခေါင်းဆောင်ကြီးများ၏ အနာဂတ်မျိုးဆက်သစ် လူငယ်များအတွက် အိပ်မက်လည်းဖြစ်ပါသည်။ မွန်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလမ်းတွင် အမြော်အမြင်ရှိရှိ၊ သတ္တိရှိရှိ ဆက်လက်၍ လက်တွဲလျှောက်လှမ်းသွားကြရန်နှင့် မွန်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုကို အမိအရ ရယူဆုပ်ကိုင်လျက် လာမည့် (၁၀) နှစ် အတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး လူမှုသဟဇာတ ညီညွတ်မျှတသည့် ပြည်နယ်ကြီးဖြစ်စေရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ



သီလရှင်ဆရာကြီးအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့် ပရိသတ်များက အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

**သတင်းစဉ်**



ဆရာတော်အား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စွမ်းဆောင်ရည်ဆန်းစစ်မှုအစီရင်ခံစာ မိတ်ဆက်ဖြန့်ဝေခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF)၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့နှင့် ပူးပေါင်း၍ ကော်မရှင်၏ စွမ်းဆောင်ရည်ဆန်းစစ်မှုကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်၏ စွမ်းဆောင်ရည်ဆန်းစစ်မှု အစီရင်ခံစာ မိတ်ဆက်ဖြန့်ဝေခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Inya Lake Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ UN Resident and Humanitarian Coordinator and UNDP Resident Representative, Mr. Knut Ostby၊ UNDP မှ Deputy Country Director, Ms. Dawn Del Rio နှင့် UNDP မှ အရာထမ်းများ၊ ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Ms. Cynthia Veliko၊ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် UNDP မှ Deputy Country Director တို့က အဖွင့်အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး UNDP Bangkok Regional Office မှ Regional Advisor on Human Rights, Mr. Nicholas Booth နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Ms. Cynthia Veliko တို့က ကော်မရှင်၏စွမ်းဆောင်ရည် ဆန်းစစ်မှု လုပ်ငန်းစဉ်၊ ဆန်းစစ်မှုမှ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။ ထို့နောက် အခမ်းအနား တက်ရောက်ကြသူများက ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ကော်မရှင် ဥက္ကဋ္ဌနှင့် UNDP မှ Deputy Country Director နှင့် UNDP Regional Advisor တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၇/ ၂၀၁၉) ကျင်းပ

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၇/ ၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချိုနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၇/ ၂၀၁၉) ကျင်းပစဉ်။

*❋ ရှေ့ဖုံးမှ*

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက ဘားအံလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**အလှူငွေပေးအပ်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘားအံမြို့ သေဠမာရ်အောင်ဘုရားသို့ ရောက်ရှိပြီး ပန်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကာ ဘုရားကြီး ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မတို့ ပြည်သူလူထုနဲ့ တွေ့ဆုံပွဲတွေ လုပ်သလဲဆိုတော့ အစိုးရအဖွဲ့တွေရော နားလည်အောင်လို့ ရှင်းပြချင်ပါတယ်။ ပြည်သူလူထုတွေနဲ့ တွေ့ဆုံပွဲတွေ လုပ်တယ်ဆိုတာ သင်ယူဖို့ပါပဲ၊ သင်ယူဖို့ဆိုတာဟာ အစိုးရအဖွဲ့တွေကလည်း သင်ယူရမယ်၊ ဝန်ထမ်းတွေကလည်း သင်ယူရမယ်၊ ပြည်သူကလည်း သင်ယူရမယ်၊ ဒီမိုကရေစီစနစ်မှာ တစ်ယောက်နဲ့ တစ်ယောက် ပူးပေါင်းပြီး ဆောင်ရွက်လို့ရမလဲဆိုတဲ့ နည်းတွေရှာဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ တွေ့ဆုံပွဲတွေလုပ်တဲ့အခါမှာ ခန်းမထဲမှာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာက သက်သက်၊ ပြည်သူတွေက အပြင်ကနေသက်သက် ဒီလိုပုံစံမျိုး မဖြစ်စေချင်ပါဘူး။ အဲဒီလိုပုံစံမျိုးဆိုရင် တစ်ယောက်နဲ့ တစ်ယောက် ဆီကနေ သင်ယူနိုင်ဖို့ အခွင့်အရေးရမှာ မဟုတ်ပါဘူး။ ပထမဦးဆုံး ၁၉၉၅ ခုနှစ် ဇွဲကပင်တောင်ကို သာမညဆရာတော်ဘုရားကြီးကို ဖူးဖို့သွားတဲ့အခါတုန်းက အဲဒီတုန်းက သွားတဲ့အချိန်နဲ့ အခုအချိန်နဲ့က ပြောင်းလဲမှုတွေရှိတယ်ဆိုတာ မြင်ရပါတယ်။

“အရင်တုန်းက ဘားအံမြို့က ဒီလောက်မကြီးကျယ်ပါဘူး။ ဘားအံမြို့က တော်တော်တိုးတက်ပြီး ဖွံ့ဖြိုးလာပါပြီ။ သို့သော်လည်း လုံလောက်အောင်တော့ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးပါဘူး။ လိုအပ်ချက်တွေ အများကြီးရှိပါသေးတယ်။ ဒါတွေလည်း ပြည်သူလူထုကနေ ကျွန်မတို့ကို တင်ပြတဲ့အခါမှာ ပါလာလိမ့်မယ်လို့ ထင်ပါတယ်။ ဒါကတော့ တစ်တိုင်းပြည်လုံးရဲ့ လိုအပ်ချက်တွေ ဖြစ်ပါတယ်။ တစ်တိုင်းပြည်လုံးရဲ့ လိုအပ်ချက်တွေကို အားလုံးဖြည့်ဆည်းပေးဖို့ ဆိုတာကတော့ မလွယ်ပါဘူး။ ဒါကအချိန်ယူရပါတယ်။ နိုင်ငံဟာ မဖွံ့ဖြိုးမတိုးတက်တာဟာ ဆယ်စုနှစ်ချီလာပါပြီ။ ဆယ်စုနှစ်တွေနဲ့ ချီပြီးတော့ မဖွံ့ဖြိုးမတိုးတက်တဲ့နိုင်ငံကို သုံးနှစ်အတွင်း တိုးတက်အောင်လုပ်ဖို့ဆိုတာ တကယ်တော့ လက်တွေ့မကျပါဘူး။ သို့သော်လည်း တိုးတက်မှုတွေတော့ ရှိပါတယ်။ ကျေနပ်လောက်အောင် တိုးတက်မှုရှိသလားဆိုတော့ အမှန်ပြောရရင် ဘယ်တော့မှကျေနပ်နေတဲ့ အဆင့်မျိုး မရောက်သင့်ပါဘူး။ ကျေနပ်သွားပြီဆိုရင် ဆက်ပြီးတော့ ကြိုးစားချင်တဲ့စိတ်တွေရှိတော့မှာ မဟုတ်ဘူး။ တစ်နှစ်နဲ့တစ်နှစ်ပိုပြီးတော့ တိုးတက်အောင်လို့ ကြိုးစားသွားရမှာ ဖြစ်ပါတယ်။

**ပူးပေါင်းမှနိုင်ငံတိုးတက်အောင်လုပ်နိုင်**

“၁၉၉၅ ခုနှစ်တုန်းက ကားနဲ့ လာရတော့ ရွာလေးတွေရဲ့ အခြေအနေကို ပိုပြီးတော့ သိပိုင်ခွင့်ရှိပါတယ်။ အခုကျတော့ လေကြောင်းခရီးနဲ့လာတော့ ရွာတွေရဲ့ အခြေအနေကို သိပိုင်ခွင့် မရှိဘူး။ အောက်ခြေ တောင်သူလယ်သမား၊ ပြည်သူလူထုက ဘယ်လိုနေသလဲဆိုတာ တွေ့ဖို့ အခွင့်အရေးနည်းသွားပါတယ်။ တစ်ဖက်ကပြောရင် လေကြောင်းက အပေါ်ကလာတော့ အပေါ်က ကြည့်လိုက်ရင် ဘားအံမြို့ ဘယ်လောက်တိုးတက်လာလဲဆိုတာ ကွက်ကွက်ကွင်းကွင်းမြင်နိုင်ပါတယ်။ အဲဒီဟာက ကျွန်မတို့အတွက် သင်ခန်းစာပဲ။ တစ်နေရာကနေ မြင်နိုင်တာကို နောက်တစ်နေရာက မမြင်နိုင်ဘူး။ အမြင်များ၊ အတွေးအခေါ်များ ပူးပေါင်းပြီးလုပ်မှ နိုင်ငံကို ပြည့်ပြည့်ဝဝ တိုးတက်အောင်လို့ လုပ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ ကရင်ပြည်နယ်ကဆိုရင် နိုင်ငံမှာ ငြိမ်းချမ်းရေးမရှိခြင်းရဲ့ အနိဋ္ဌာရုံကိုလည်း ကောင်းကောင်း သိခဲ့ရပါတယ်။ အပစ်အခတ် ရပ်စဲပြီးတော့ ငြိမ်းချမ်းရေးလမ်းပေါ်မှာ တက်လာအခါမှာ ဘယ်လိုအပြောင်းအလဲတွေ ရှိတယ်ဆိုတာကိုလည်း သေသေချာချာသိရပါတယ်။

“နှစ်နှစ်လောက်တုန်းက ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲကို လူငယ်တွေနဲ့ လုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲတစ်ခုမှာ ကျွန်မတို့ နိုင်ငံတစ်ဝန်းက လူငယ်တွေ တက်ရောက်ပါတယ်။ မန္တလေးတိုင်းဘက်က လူငယ်တစ်ယောက်လည်း ပါတယ်။ ကရင်ပြည်နယ်ဘက်က လူငယ်နှစ်ယောက်ပါတယ်။ လူငယ်တွေနဲ့ ငြိမ်းချမ်းရေးအကြောင်း ဆွေးနွေးတဲ့အခါမှာ ကရင်ပြည်နယ်ဘက်က တက်လာတဲ့ လူငယ်နှစ်ယောက်က ငြိမ်းချမ်းရေးဘယ်လောက် အရေးကြီးတယ်၊ ငြိမ်းချမ်းရေး ဘယ်လောက်အဖိုးတန်မှုကို နားလည်တယ်။ နှစ်ပေါင်းများစွာ ဆယ်စုနှစ်တွေနဲ့ ချီပြီးတော့ မငြိမ်းချမ်းခဲ့တဲ့ ဒေသမှာမို့လို့ အပစ်အခတ်ရပ်စဲရေးလုပ်လိုက်တဲ့ အခါမှာ ပြည်သူတွေရဲ့ နိစ္စဓူဝ ဘဝတွေပြောင်းသွားလဲဆိုတာ ရှင်းရှင်းလင်းလင်း မြင်ရတော့ အဲဒီကိစ္စလေးတွေကို ပြောပြတယ်။ မန္တလေးက လူငယ်ကတော့ ရိုးရိုးသားသားပဲ ပြောတယ်။ အခုမှပဲ သူသိတော့တယ်။ သူဟာ ငြိမ်းချမ်းရေးရှိတဲ့ ဒေသမှာမွေးခဲ့တာ၊ ငြိမ်းချမ်းရေးရှိတဲ့ ဒေသမှာကြီးခဲ့တော့ ပြည်တွင်းစစ်ဖြစ်နေတဲ့ အနိဋ္ဌာရုံကို ဘယ်တော့မှ မခံစားရဘူး။ မသိလို့မဟုတ်ဘူး ဗဟုသုတလည်း ကြွယ်ဝတယ်၊ နိုင်ငံကိစ္စတွေလည်း စိတ်ဝင်စားပါတယ်။ ငြိမ်းချမ်းရေးမရှိတဲ့ နေရာတွေနဲ့ ဝေးနေတဲ့အခါမှာ ငြိမ်းချမ်းရေး မရှိခြင်းဟာ ကိုယ့်ရဲ့နေ့တိုင်းနေ့တိုင်း နေရေးထိုင်ရေးကို ထိခိုက်တယ်ဆိုတာ သူမသိခဲ့ဘူးဆိုပြီး ပြောပါတယ်။

**ငြိမ်းချမ်းရေးလမ်းစဉ်အောင်မြင်ဖို့**

“ကရင်ပြည်နယ်က ကလေးတွေနဲ့ တွေ့ပြီးတော့ သူတို့ပြောတာတွေကြားရတဲ့အခါမှ ငြိမ်းချမ်းရေးဟာ ဒါကြောင့် အရေးကြီးတာပါလားဆိုတာ သူသဘောပေါက် သွားပါတယ်။ ကျွန်မတို့ ကရင်ပြည်နယ်က ပြည်သူလူထုဟာ ငြိမ်းချမ်းရေးဟာ ဘယ်လောက်အရေးကြီးလဲဆိုတာ လက်တွေ့ကျကျ ကိုယ့်ဘဝကနေပြီးတော့ သင်ပေးထားတဲ့ ပြည်သူတွေဖြစ်ပါတယ်။ ဆက်ပြီးတော့ ငြိမ်းချမ်းရေးလမ်းစဉ် အောင်မြင်ဖို့အတွက် ကရင်ပြည်နယ် ပြည်သူလူထုဟာ စိတ်အားထက်သန်စွာနဲ့ အားအပြည့်၊ မာန်အပြည့်နဲ့ လုပ်ဆောင်သွားမယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်။ ဒီလိုလုပ်မှ သာလျှင် နိုင်ငံကြီးဟာ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်နိုင်မှာပါ။ ကျွန်မတို့ နိုင်ငံဟာ ပြည့်ပြည့်ဝဝ ဒီမိုကရေစီကျတဲ့ နိုင်ငံလည်း မဟုတ်သေးပါဘူး။ ခိုင်ခံ့တဲ့ ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေတဲ့ နိုင်ငံတစ်ခုလည်း မဟုတ်သေးဘူး။ ဒါဟာ အားလုံးရဲ့ ပန်းတိုင်ဖြစ်ရမယ်လို့ ယူဆပါတယ်။ တချို့တွေက နားမလည်ပါဘူး။ တချို့တွေက ဒီမိုကရေစီစနစ်ကို ရောက်တဲ့သူတွေရှိတယ်။ နားမလည်တဲ့သူတွေရှိတယ်၊ ထောက်ခံတဲ့သူတွေ ရှိတယ်၊ သိပ်ပြီးတော့ စိတ်မဝင်စားတဲ့ သူတွေရှိတယ်၊ စိတ်မဝင်စားတဲ့ သူတွေကို ပထမဦးဆုံး ကျွန်မ ပြောရမယ်ဆိုရင် ထပ်တလဲလဲ ပြောနေတဲ့ ကိစ္စပါ။

**ပြည်သူလူထုထောက်ခံတဲ့အစိုးရ**

“ကျွန်မတို့က နိုင်ငံရေးကို စိတ်မဝင်စားလို့ မရဘူး။ နိုင်ငံရေးဟာ ကျွန်မတို့နဲ့ ဆိုင်နေပါတယ်။ နိုင်ငံရေးဆိုတာ နိုင်ငံ့အရေးကို ပြောတာပါ။ ပါတီနိုင်ငံရေး၊ ရွေးကောက်ပွဲ နိုင်ငံရေးသက်သက်ကြီးပဲ ပြောနေတာ မဟုတ်ပါဘူး ။ အခုခေတ် ဒီမိုကရေစီစနစ်မှာ ပြည်သူလူထု အများစုကနေပြီးတော့ ထောက်ခံတင်မြှောက်တဲ့ အစိုးရနဲ့ သွားတဲ့စနစ် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကိုယ်စားပြု ဒီမိုကရေစီဖြစ်ပါတယ်။ တိုက်ရိုက်ဒီမိုကရေစီ မဟုတ်ဘူး။ ကျွန်မတို့နိုင်ငံမှာ သန်း ၅၀ ကျော်ရှိတယ်။ အားလုံးကတော့ မဲပေးနိုင်တဲ့ အရွယ်မရှိသေးဘူး။ မဲပေးနိုင်တဲ့ အရွယ်တွေချည်းပဲ ကြည့်မယ်ဆိုရင် အားလုံးက အုပ်ချုပ်ရေးယန္တရားပေါ်မှာ ပါဝင်ပြီး လှုပ်ရှားနိုင်မှာ မဟုတ်ပါဘူး။ ကိုယ်စားပြု ဒီမိုကရေစီစနစ်ဆိုတာ လက်တွေ့ကျကျ ပြည်သူလူထုနဲ့ ဆန္ဒနဲ့ ကိုက်ညီတဲ့ စနစ်တစ်ခုကို ဆိုပါတယ်။ အဲဒါကလည်း ပြောရမယ်ဆိုရင် ခြောက်ပြစ်ကင်း သဲလဲစင်ဆိုလည်း မဟုတ်ပါဘူး။ လူတွေကိုယ်တိုင်က အပြစ်မကင်းတာပဲ။ လူသားတွေ ကိုယ်တိုင်က အပြစ်မကင်းတဲ့ အခါကျတော့ လူသားတွေ ထွင်တဲ့ ကိစ္စကတော့ လုံးဝအပြစ်ကင်းစင်တယ်လို့တော့ ပြောလို့မရပါဘူး။ ကမ္ဘာကျော် နိုင်ငံရေး သုခမိန်ကြီး ပြောခဲ့သလိုပဲ ဒီမိုကရေစီက ကောင်းတယ်လို့ မဆိုလိုဘူး။ ဒါပေမယ့် တခြားစနစ်တွေက ပိုပြီးတော့ ဆိုးပါတယ်။ ဘယ်ဘက်ကပဲ ကြည့်ကြည့် ပြည်သူလူထုကို အလေးထားဆုံးစနစ်ကတော့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့စနစ်ပဲ ဖြစ်ပါတယ်။

“ပြည်သူလူထုကို ကိုယ်စားပြုတဲ့ စနစ်ကသာလျှင် ပြည်သူရဲ့ဆန္ဒကို အလေးအနက်ထားမှာ ဖြစ်ပါတယ်။ အဲဒါကို သတိပေးချင်ပါတယ်။ ပြည်သူ့ရဲ့ဆန္ဒကို အလေးအနက်ထားကြပါ၊ ဒါဟာ အစိုးရအဖွဲ့ဝင်တွေ မဟုတ်ဘူး၊ ဝန်ထမ်းများဟာလည်း ပြည်သူတွေရဲ့ဆန္ဒကို အဓိကထားကြပါ၊ အစိုးရအဖွဲ့ဝင်တွေနဲ့ ဝန်ထမ်းတွေကလည်း ပြည်သူတွေ မဟုတ်ဘူးလားဆိုတော့ သူတို့လည်း ပြည်သူတွေပါပဲ။ သူတို့က လုပ်ပိုင်ခွင့်ရထားတဲ့ ပြည်သူတွေပဲ။ လုပ်ပိုင်ခွင့်ဆိုတာ နိုင်ငံအတွက်၊ ပြည်သူတွေအတွက်သုံးမှာလား၊ ကိုယ့်အတွက်သုံးမှာလားဆိုတာ လူတိုင်းလူတိုင်း ဆုံးဖြတ်ရမယ့် ကိစ္စဖြစ်ပါတယ်။ အုပ်ချုပ်ရေးယန္တရား၊ အစိုးရအဖွဲ့ထဲမှာ ပါဝင်နေတဲ့ သူတွေက ရတဲ့အခွင့်အရေးတွေကို ကိုယ့်ရဲ့ ကိုယ်ကျိုးအတွက်သာသုံးမယ်၊ အသိုင်းအဝိုင်းအတွက်သာ သုံးမယ်ဆိုရင် အင်မတန်မှ မှားပါလိမ့်မယ်။ အများပြည်သူတွေအတွက် သုံးရင် ပုဂ္ဂိုလ်ရေးအရပြောရင် ကိုယ့်အတွက် ကုသိုလ်တွေ အများကြီးရနိုင်တဲ့ အခွင့်အရေးပါ။ နိုင်ငံအရပြောရင် နိုင်ငံကို အများဆုံးအကျိုးပြုနိုင်တဲ့ အခွင့်အရေးပါ။

“ဒါကြောင့်မို့လို့ ဒီအခွင့်အရေးကို မှန်မှန်ကန်ကန်သုံးကြပါ။ မှန်မှန်ကန်ကန်သုံးမှ သာလျှင် ကိုယ့်အတွက်၊ သူ့အတွက်၊ အားလုံးအတွက် တိုးတက်နိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီအတွက် လှုပ်ရှားနေတဲ့ ကာလတစ်လျှောက်မှာ ကျွန်မပြောဖူးပါတယ်။ ဟိုတုန်းက ဒီအရှေ့တိုင်း အဆိုအမိန့် တစ်ခုရှိခဲ့တယ်။ ဘယ်လိုပြောခဲ့သလဲဆိုတော့ ဒါဟိုတုန်းက ရှေးတုန်းက ရှိခဲ့တာ အစိုးရဆိုတာ (၄) မျိုးရှိတယ်။

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘားအံမြို့၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဘားအံလေဆိပ်၌ ဒေသခံတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူများက ကြိုဆိုကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

အဆိုးဆုံးအစိုးရဆိုတာ ပြည်သူလူထုက ရွံရှာတဲ့အစိုးရပါ။ ဒါထက် နည်းနည်းပါတာက ပြည်သူလူထု ကြောက်ရွံ့ရတဲ့ အစိုးရပါ။ ဒါထက် အဆင့်မြင့်တာက ပြည်သူလူထုချီးမွမ်းတဲ့အစိုးရ၊ ဒါပေမယ့် ဒါတွေဟာ အောက်ကပဲ ရှိသေးတယ်။ အထက်ဆုံးက အကောင်းဆုံးအစိုးရဆိုတာ ပြည်သူလူထုက ရှိမှန်းတောင် မသိတဲ့ အစိုးရ ဒီလိုပြောသွားပါတယ်။ ဒီစကားလေးပေါ်လာတဲ့ ခေတ်ကဆိုရင် သက်ဦးဆံပိုင်ဘုရင်တွေ အုပ်ချုပ်တဲ့ခေတ်ပါ။ အဲဒီတော့ အစိုးရဆိုတာ မင်းတွေကို ပြောတာပါ။ ပြည်သူလူထုက ဝိုင်းပြီးတော့ ရွံရှာတဲ့မင်းဆိုရင် အနိမ့်ဆုံးမင်းမျိုးပါ။ အညံ့ဆုံးမင်းမျိုးပါ။ ပြည်သူလူထုကကြောက်ရတဲ့မင်းဆိုရင် တစ်ဆင့်တော့သာပါတယ်။ ရွံရှာတာထက်သာတယ်ဆိုရင် တစ်ဆင့်သာတယ်လို့ ပြောရမှာပါ။ ဒါထက်ပိုပြီး မြင့်တာကတော့ ပြည်သူလူထုချီးမွမ်းတဲ့ မင်း၊ ပြည်သူလူထုက ရှိမှန်းမသိတဲ့ မင်းက အကောင်းဆုံးပဲ။ ဒါအဆင့်အမြင့်ဆုံးပဲဆိုတာ ဒါဘယ်လိုဆိုလိုတာလဲဆိုတော့ အစိုးရလုပ်တဲ့သူတွေက ကိုယ့်ရဲ့တာဝန်ကျေကျေပွန်ပွန်လုပ်လို့ရှိရင် ကိုယ်လုပ်နေမှန်းတောင် ပြည်သူလူထုက သတိထားမိတာမဟုတ်ပါဘူး။ ကျွန်မတို့ ပြန်ပြီးတော့ ကျွန်မတို့အစိုးရ တာဝန်ယူတဲ့ အချိန် (၃)နှစ်ကာလကို ပြန်ပြီးလေ့လာလိုက်ရင် အမြင့်ဆုံးအဆင့်တော့ မရောက်သေးဘူး။

**လမ်းပန်းဆက်သွယ်ရေးကောင်းလို့ တိုးတက်**

"သို့သော်ငြားလည်း သိပ်မဆိုးဘူးလို့ ဘာလို့မြင်သလဲဆိုတော့ ကျွန်မတို့အစိုးရရဲ့ လုပ်ဆောင်မှုတွေ အားလုံးကို ပြည်သူလူထုတွေက မသိကြဘူး။ အမှတ်တမဲ့ ဒါသူတို့ ရပိုင်ခွင့်မို့ ရတယ်ထင်တယ်။ အဲဒါကို ကျွန်မသဘောကျပါတယ်။ ဥပမာဆိုရင် လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်လို့ စောစောကပြောတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာပါတဲ့ ကရင်ပြည်နယ်က လူငယ်နှစ်ယောက်က ဒါကို ပထမဦးဆုံး ပြောပါတယ်။ ငြိမ်းချမ်းရေးရတဲ့အခါရောက်တော့ လမ်းပန်းဆက်သွယ်ရေးကောင်းသွားတယ်။ လမ်းတွေ ဘာတွေဆောက်နိုင်တဲ့ အခြေအနေတွေရှိတယ်။ အရင်တုန်းက တိုက်ပွဲတွေ ဖြစ်နေတဲ့ လမ်းတွေသေချာဆောက်လို့ မရဘူး။ ဒီလမ်းပန်းဆက်သွယ်ရေးတွေ ကောင်းသွားလို့ သူတို့ဘဝတွေ အင်မတန်မှ တိုးတက်သွားတယ်ဆိုပြီးတော့ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူနေခဲ့တဲ့နေရာ သူမွေးကတည်းက လမ်းပန်းဆက်သွယ်ရေးကောင်းတယ်။ လမ်းပန်းဆက်သွယ်ရေး ဆိုးရွားခြင်းဟာ ဘယ်လောက်လူတစ်ယောက်ရဲ့ဘဝကို ထိခိုက်နိုင်တယ်ဆိုတာ သူလုံးဝမစဉ်းစားခဲ့ဘူး။ ကရင်ပြည်နယ်မှာဆိုရင် အရင်(၃)နှစ်အတွင်းမှာ လမ်းသစ်တွေဆောက်တာဟာ မိုင်(၆၀) ကျော်ပါတယ်။ ဒါတွေကို အများကတော့ သတိပြုမိမှာ မဟုတ်ပါဘူး။ သတိပြုမိဖို့လဲ မလိုပါဘူး။ ဒီဟာဟာအလုပ်ဖြစ်မြောက်ဖို့ ပြည်သူလူထုတွေရဲ့ဘဝတွေ ပြောင်းသွားဖို့သာလိုတာပါ။

"စောစောက ကလေးတွေက သူတို့သွားပြီးတော့ ဘယ်နှမိုင်လမ်းကတော့ အသစ်ဆောက်ပြီးပြီလို့ ကြည့်နေတာ မဟုတ်ပါဘူး။ ဒါပေမယ့် သူတို့ဘဝပြောင်းသွားတော့ သူတို့ သိပါတယ်။ ကော့မှူးမြို့နယ် ကိုယ်စားပြုတဲ့ အချိန်မှာတုန်းကလည်း ဒီလိုပဲ ကော့မှူးမြို့နယ်မှာ လမ်းပန်းဆက်သွယ်ရေးကို အလေးထားပြီးတော့ လုပ်ခဲ့ပါတယ်။ ဒီလမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်လို့ ဘယ်လောက် အောင်မြင်သလဲဆိုတာ ပြောရမယ်ဆိုရင် ဝမ်းနည်းစရာ အဖြစ်အပျက်ကနေပြီးတော့ သိခဲ့တာပါ။ ကျွန်မတို့ မြို့နယ်ထဲကနေပြီး ကလေးတစ်ယောက်ကနေပြီး လမ်းမှာ Accident ဖြစ်ပြီးတော့ ဆုံးသွားတယ်။ ကျွန်မမိဘများအိမ်ကိုသွားတယ်။ သူ့အမေက သူ့သားလေးဆုံးသွားတော့ ငိုပါတယ်။ ငိုပြီးပြောတဲ့အထဲမှာ တစ်ခုက ကျွန်မစိတ်ထဲမှာ စွဲနေတာက သူ့သားလေးက ဒီလိုလမ်းကောင်းကောင်းကြီးဖြစ်မှ အဲဒီလမ်းလေးမှာ သူမသုံးသွားလိုက်ရဘူး။ ကျွန်မစိတ်ထဲမှာ တော်တော်လှုပ်ရှားသွားတယ်။

**ပြည်သူလူထုပူးပေါင်းမှုလိုအပ်**

"ပြည်သူတွေအတွက် ဘယ်လောက်အရေးကြီးသလဲဆိုတာ အမှတ်တမဲ့ကြည့်နေတဲ့သူတွေက လမ်းတွေက ကောင်းတယ်။ ကောင်းသွားတာကတော့ အမှန်ပဲ။ ကော့မှူးမှာ ကိုယ်စားလှယ်မဖြစ်ခင်တုန်းက အဲဒီရွာကို ကော့မှူးမြို့ကနေရောက်ဖို့ဆိုရင် (၃)နာရီလောက်ကြာတယ်။ အဲဒီကိုသွားတဲ့အချိန်မှာ လမ်းကကောင်းနေတဲ့အခါရောက်တော့ နာရီဝက်လောက် နဲ့ ရောက်သွားတယ်။ အရင်တုန်းကလို စောစောပိုင်းက (၃) နာရီဆိုရင် ကျွန်မသွားနိုင်မှာ မဟုတ်ဘူး။ အသွားအပြန်နဲ့ကို နာရေးအိမ်ကို သွားဖို့ဆိုတာ အချိန်ပေးဖို့ဆိုတာ အင်မတန်ခက်သွားမယ်။ သတိမပြုမိပေမယ့်လည်း တကယ်ပြည်သူရဲ့ဘဝကို ပိုပြီးတော့ ကောင်းမွန်အောင်လုပ်ပေးနိုင်မယ့်လုပ်ရပ်တွေဟာ အစိုးရကောင်းများ တာဝန်ကျေတဲ့ အစိုးရတွေ အားလုံး လုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံက အခုမှ စပြီးတော့ ဖွံ့ဖြိုးတိုးတက်ဆဲ ဒီမိုကရေစီလမ်းကို လျှောက်ဆဲ။ အောင်မြင်မှုဟာ ပြည်သူလူထုရဲ့ပူးပေါင်းဆောင်ရွက်မှု အထူးလိုအပ်ပါတယ်။ အဲဒါကိုလည်း ပြည်သူလူထုကနေပြီး သတိပြုမိစေချင်ပါတယ်။ အားလုံး တိုးတက်စေချင်ရင် အားလုံးပါဝင်ရပါမယ်။ တိုးတက်တဲ့ အကျိုးအမြတ်တွေတော့ မျှပြီးတော့ ခံစားချင်တယ်။ ဒါပေမယ့်တိုးတက်အောင် လုပ်ဆောင်ရမယ့် တာဝန်ကိုတော့ ဝင်မပါချင်ဘူးဆိုလို့လည်း မဖြစ်ပါဘူး။ အားလုံး လက်တွဲပြီးတော့ လုပ်ရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးမှုဘက်ကနေမက အဘက်ဘက်က စိန်ခေါ်မှု အများကြီးနဲ့ ရင်ဆိုင်နေရတဲ့ နိုင်ငံပါ။ ဒါပေမယ့် ခဏခဏကြားရတဲ့ ကျွန်မလည်း ထပ်တလဲလဲကြားရတဲ့အတိုင်းပြောပါတယ်။ စိန်ခေါ်မှုဆိုတာ ကိုယ်ကအခွင့်အရေးဖြစ်အောင် လုပ်မလား ပြဿနာဖြစ်အောင် လုပ်မလား။ အရေးကြီးတာက ကျွန်မတို့က အခွင့်အရေးဖြစ်အောင် လုပ်ဖို့ပဲ။ ဒီစိန်ခေါ်မှုတွေရှိလို့ အချင်းချင်းအတွက် ညီညွတ်မှုအင်အား ဘယ်လောက် အရေးကြီးတယ်ဆိုတာကို သိရှိနိုင်ခွင့်ရှိသွားပါတယ်။ ညီညီညွတ်ညွတ်နဲ့ ကျွန်မတို့ကနေပြီး ဘယ်စိန်ခေါ်မှုကို ရင်ဆိုင်မယ်ဆိုရင် ဒါကို ကျော်လွှားနိုင်မှာ၊ အောင်မြင်မှု ပန်းတိုင်ကိုရောက်နိုင်မှာ ဖြစ်ပါတယ်။ ကရင်ပြည်နယ်မှာရှိတဲ့ ပြည်သူလူထုဟာ ပြည်ထောင်စုစိတ်ဓာတ်ကို အထူးတလည် တစ်နိုင်ငံလုံးကို တင်ပြပေးနိုင်မယ့် ပြည်နယ်သူ ပြည်နယ်သားတွေဖြစ်ပါ။ အဲဒီ စိတ်ဓာတ်ကို သင်ပေးကြပါ။ ကိုယ်ကိုယ်တိုင် သင်ပေးဖို့ အကောင်းဆုံးနည်းက ကိုယ်ကိုယ်တိုင်က အဲဒါကို ကျင့်သုံးပြဖို့၊ နမူနာနဲ့ပြဖို့ ပါးစပ်က ပြောနေမယ့်အစား အလုပ်နဲ့ ပြကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ကရင်ပြည်နယ် လူထုဟာ ပြည်တွင်းစစ် အနိဋ္ဌာရုံ ခံခဲ့ရတာမို့ နောင်လာနောက်သားတွေ ဆက်ပြီး မခံရအောင်လို့ ဘယ်လိုနည်းနဲ့ ဝိုင်းပြီးတော့လုပ်ပေးရမလဲဆိုတော့ အတွေးတွေနဲ့ ဘဝလမ်းကို လျှောက်သွားစေချင်ပါတယ်။ အားလုံးငြိမ်းချမ်းရေးကို အဓိကထားပြီးတော့ ဆက်သွားမယ်ဆိုရင် ငြိမ်းချမ်းရေးဟာ မလွဲမသွေရမှာပါ။ စိန်ခေါ်မှုတွေ ရှိနေတဲ့အခါမှာ ဒီလို အခက်အခဲတွေ ရှိနေလို့ဆိုပြီး အခွင့်အရေးတွေယူပြီး ပိုပြီး နိုင်ငံမတည်ငြိမ်အောင် လုပ်ခြင်းဆိုတာဟာ နိုင်ငံအပေါ်မှာ သစ္စာမရှိရာလည်း ရောက်တယ်။ နိုင်ငံသူ နိုင်ငံသားတွေအပေါ်မှာ မေတ္တာမထားရာလည်း ရောက်တယ်။ မေတ္တာ၊ သစ္စာနည်းတဲ့ ပုဂ္ဂိုလ်များအဖွဲ့များဟာ ဘယ်သူ့ကိုမှ ဘယ်အရာကိုမှ အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ တစ်ခဏ အောင်မြင်တဲ့ ပုံစံရှိရင်ရှိမယ်၊ ဒါပေမယ့် ရေရှည်မှာ မေတ္တာ၊ သစ္စာမဲ့စွာနဲ့ အလုပ်လုပ်တဲ့ သူများဟာ သူတို့နေတဲ့ ပတ်ဝန်းကျင်နဲ့ သူတို့နေတဲ့ ကမ္ဘာကြီးကို ဘယ်တော့မှ အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ ဒီနိုင်ငံတွင်မက တခြားနိုင်ငံတွေမှာတောင် သစ္စာရှိမှုနဲ့ ပတ်သက်ပြီးတော့ နာမည်တစ်လုံးနဲ့ နေနေတဲ့ ကရင်တိုင်းရင်းသားများဟာ သစ္စာရှိမှုကို ကိုယ်စားပြုပြီး နမူနာပြပေးကြပါ။ မေတ္တာတရားကို ပွားများပေးကြပါ။ ကရင်ပြည်နယ်မှာဆိုရင် ကိုးကွယ်တဲ့ ဘာသာပေါင်းစုံရှိတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိတယ်။ ဒီလိုပေါင်းစုံတဲ့ အထဲကနေပြီးတော့ ညီညီညွတ်ညွတ်နဲ့ စိတ်အားထက်သန်စွာနဲ့ အောင်မြင်မှုပန်းတိုင်ကို လျှောက်သွားနိုင်တယ်ဆိုတာ ကရင်ပြည်နယ်သူ ပြည်နယ်သားများဟာ အရှေ့ကနေပြီးတော့ ဦးဆောင်ပြီးတော့ ပြသသွားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ အခု ပြည်သူတွေထဲက တင်ပြထားတဲ့မေးခွန်းတွေကိုသက်ဆိုင်ရာ ဌာနနဲ့ တာဝန်ခံတွေက ဖြေပါ့မယ်။

**စည်းကမ်းရှိရှိနဲ့ မေးဖို့**

"ကျွန်မတို့ကို တင်ပြချင်တဲ့ ထပ်လောင်းမေးချင်တဲ့ မေးခွန်းတွေကို ပရိသတ်ထဲက ပြည်သူတွေကိုခေါ်ပြီး မေးခွင့်ပေးပါမယ်။ အဲဒီလိုမေးခွင့်ပေးတဲ့ အခါမှာ ကျွန်မတို့ကလည်း လူရွေးရပါတယ်။ အားလုံးကို မေးခွင့်ပေးဖို့ဆိုတာ အချိန်မရှိတဲ့အတွက် စည်းကမ်းရှိရှိနဲ့ မေးဖို့ ကျွန်မသတိပေးချင်ပါတယ်။ လုယက်ပြီး မမေးပါနဲ့။ အဓိကက ကိုယ်သိချင်တဲ့ ကိစ္စရဲ့ အဖြေရဖို့ပါပဲ။ ဒီခန်းမထဲမှာ မေးပိုင်ခွင့်မရှိတဲ့ သူတွေက စာတွေထားခဲ့လို့ ရပါတယ်။ အခုဆိုရင်လည်း တိုင်ကြားစာဌာန ဖွင့်ထားပါတယ်။ ကျွန်မတို့ ဘယ်တော့ဖြစ်ဖြစ် ဘယ်နေရာကို ခရီးသွားသွား သွားတဲ့အခါတိုင်း တိုင်ကြားစာဌာနလေးဖွင့်ပါတယ်။ အဲဒီမှာ လာပေးတဲ့ တိုင်ကြားစာတွေဟာ ကျွန်မရုံးကို တိုက်ရိုက် ရောက်ပါတယ်။ ကျွန်မတို့အနေနဲ့ စိစစ်ပြီး လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ရပါတယ်။ တချို့တိုင်ကြားစာတွေက သိပ်ပြီး ပုဂ္ဂိုလ်ရေးဆန်ပါတယ်။ ကိုယ့်ကိစ္စလေးတွေပဲ ဦးတည်ပြောမယ်ဆိုရင် ကျွန်မတို့နိုင်ငံ နစ်နာပါတယ်။ ဒါကြောင့် ကိုယ့်ကိစ္စလေး ကိုယ် မပြောရဘူးမဟုတ်ပါဘူး။ ကိုယ့်ကိစ္စ ပြောတာလည်း ရှိပါတယ်။ အဓိကအားဖြင့် ကျွန်မတို့ နိုင်ငံတစ်နိုင်ငံနဲ့ သက်ဆိုင်ပြီး နိုင်ငံတစ်နိုင်ငံလုံးရဲ့အကျိုးစီးပွားနဲ့ ဆက်နွှယ်နေတဲ့ မေးခွန်းတွေကို မေးစေချင်ပါတယ်။ မေးခွန်းမေးတဲ့အခါမှာ တန်းစီပြီး စနစ်တကျ စည်းကမ်းရှိရှိနဲ့ မေးချင်တဲ့လူတွေက မေးခွန်းမေးရတဲ့ အချိန်ရောက်ရင် လာကြပါ။ တိုးဝှေ့တာတွေ မလုပ်ပါနဲ့။ ကိုယ်နေရာယူရမယ့် အစား တခြားလူကို နေရာပေးတယ်ဆိုတာအင်မတန်ပိုပြီးဂုဏ်ရှိတယ်ဆိုတာ ကျွန်မအနေနဲ့ သတိပေးချင်ပါတယ်။ အခုအချိန်မှာ ကျွန်မတို့ကို စပြီးတင်ပြထားပြီးသားမေးခွန်းတွေကို ဖြေတဲ့အစီအစဉ်ကိုလုပ်ပါမယ်" ဟု ပြောကြားသည်။

**မီးရထားလမ်းဖောက်လုပ်ပေးရေး**

ယင်းနောက် ဒေသခံပြည်သူများ ကြိုတင်တင်ပြထားသည့် မြဝတီနယ်စပ်ဂိတ်မှ နိုင်ငံခြားသား ပြည်ဝင်ခွင့်ဗီဇာ ၁ ရက်သာ ခွင့်ပြုထားသည့်အတွက် မြဝတီမြို့နယ်မှ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အထိ နိုင်ငံခြားသားများ ၂ ညအိပ် ၃ ရက် ခရီးသွားခွင့်ပြုပေးနိုင်ရေး၊ ရန်ကုန်မြို့မှ ဘားအံမြို့နယ်နှင့် မြဝတီမြို့နယ်များသို့ ဆက်သွယ်သည့် မီးရထားလမ်း ဖောက်လုပ်ပေးရေး၊ လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ နဘူး-ရေပူ ပိုင်ကျုံလမ်းမပေါ်ရှိ အရှည် ၁၁၈၃ ပေ ပိုင်ကျုံတံတားကြမ်းခင်းအား သံပြားအခင်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရေး၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ယာဉ်ကြောပိတ်ဆို့မှု နည်းပါးလာစေရေးနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် လှိုင်းဘွဲ့မြို့ရှောင်လမ်းနှင့် ချောင်းကူးတံတားတည်ဆောက်ပေးရေး စသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လူထုတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ခန်းမအပြင်ဘက်ရှိ ဒေသခံပြည်သူ ငါးဦး၏ သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ရရှိရေး၊ မိဂင္ဂုန်အထက်တန်းကျောင်းခွဲ ကျောင်းမြေ တိုးချဲ့မှုတွင် ကျေးရွာသားများ နစ်နာမှုအား ပြန်လည်စိစစ်ပေးရေး၊ မြေယာကျူးကျော်မှုများ ဖြေရှင်းပေးရေး၊ ဘားအံတက္ကသိုလ်တွင် ဆိုင်ကယ်များ ပျောက်ဆုံးနေမှုအား ဆောင်ရွက်ပေးရေးဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လူထုတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ခန်းမအတွင်းရှိဒေသခံပြည်သူ သုံးဦး၏ ဘားအံလေယာဉ်ကွင်း အသစ်တည်ဆောက်ပေးရေး၊ ပဒုမ္မာလမ်းနှင့် ကြာအင်းကျေးရွာချင်းဆက်လမ်း ပြန်လည် ဖွင့်လှစ်ပေးရေး၊ ဘားအံမြို့ ကမ်းနားလမ်းတွင် မရှိသင့်သည့် အဆောက်အဦများ တည်ဆောက်ထားမှုအား ဖြေရှင်းပေးရေး၊ ကမမောင်းပြည်သူ့ဆေးရုံ ဆေးဝါးအလုံလောက်ရှိရေး၊ ကမမောင်းမြို့အား မြို့နယ်အဆင့် တိုးမြှင့်ပေးရေး၊ ရေဘုတ်ရေလှောင်တမံအတွက် သိမ်းဆည်းထားသည့် မြေအတွက် နစ်နာကြေးလျော်ကြေးရရှိရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း မေးမြန်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**ဦးစားပေးဆောင်ရွက်မည်ကိုဆုံးဖြတ်**

ဒေသခံများ၏တင်ပြချက်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ဖြေကြားချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နယ်စပ်ပေါက်များ သွားလာမှုလွယ်ကူအဆင်ပြေစေအောင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေပါကြောင်း၊ အစိုးရအနေဖြင့် လုပ်ငန်းစီမံကိန်းများ ဖြစ်နိုင်ခြေ ရှိ/ မရှိ ကို တိုင်းတာစိစစ်ရပါကြောင်း၊ ကုန်ကျမည့်စရိတ်နှင့် ရရှိမည့် အကျိုး မျှတမှု ရှိ/ မရှိ ကြည့်ရပါကြောင်း၊ လုပ်ငန်းကြီးများ ဖော်ဆောင်ရန် တောင်းဆိုသည့်အခါ သေသေချာချာ အခြေအနေကို မစိစစ်၊ မလေ့လာဘဲ လုပ်မည်၊ မလုပ်ဘူးပြော၍မရပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေကို သုံးစွဲရာတွင် တစ်နေရာတည်း ကွက်ပြီးကြည့်၍ မရပါကြောင်း၊ တစ်နိုင်ငံလုံးက တက်လာသည့် တောင်းဆိုချက်များ လိုအပ်ချက်များကိုကြည့်ပြီး မျှမျှတတဖြင့် အကောင်းဆုံး အထိရောက်ဆုံး ဖြစ်အောင် လုပ်ဆောင်ရပါကြောင်း၊ တစ်နိုင်ငံလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်မှာ မိမိတို့၏ ရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ မည်သည့်အရာများကို ဦးစားပေးဆောင်ရွက်မည်ကို လက်တွေ့ကျကျ လေ့လာပြီး ဆုံးဖြတ်ရပါကြောင်း၊ ပြည်သူလူထု၏ ဆန္ဒ၊ လိုအပ်ချက်များကို လေးလေးနက်နက်ထားပြီး တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းဆည်းခံရသည့် လယ်မြေများကို မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီစနစ်ကို သုံးစွဲသည့်နိုင်ငံတွင် ဘယ်သူ့နှုတ်မိန့်နဲ့ မှ ဘာမှလုပ်လို့ မရပါကြောင်း၊ အကျိုးမဝင်ပါကြောင်း၊ တရားဝင်ဆုံးဖြတ်ပြီး ညွှန်ကြားချက်ဖြင့်သာ ဆောင်ရွက်ရပါကြောင်း၊ ကျူးကျော်မှုများကို လက်ခံစရာအကြောင်း မရှိပါကြောင်း၊ ကျူးကျော်ခြင်းသည် စည်းကမ်းဥပဒေကို ဖောက်ဖျက်ခြင်းဖြစ်ပါကြောင်း၊ မည်သူမှ ကျူးကျော်အလုပ်မလုပ်ကြရန် လိုပါကြောင်း၊ နေစရာထိုင်စရာ မရှိသည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသို့ ချဉ်းကပ် တင်ပြကြစေလိုပါကြောင်း၊ သက်ဆိုင်ရာအစိုးရများက ပြည်သူလူထုများ နေစရာမဲ့ဖြစ်နေပါက မည်သည့် နေစရာရှိအောင်လုပ်ရမည်ကို စီမံကိန်းချမှတ် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့် တိုးမြှင့်ရေးကိစ္စသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အခြေခံမူဝါဒများနှင့် ကိုက်ညီမှ မြို့နယ်အဆင့်ကို တိုးမြှင့်ပေးလို့ရနိုင်ပါကြောင်း ဖြည့်စွက်ပြောကြားသည်။ *စာမျက်နှာ ၇ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ရိုးရာပိုးထည်ရက်ကန်းရုံအတွင်း ပိုးချည်မျှင်ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းပြစဉ်။

စာမျက်နှာ ၆ မှ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်သူများနှင့် တွေ့ဆုံပွဲများ ပြုလုပ်သည့်အခါတိုင်း မြေကိစ္စများကို ခဏခဏ တင်ပြလာပါကြောင်း၊ ထို့ကြောင့် လယ်ယာမြေများကို မူလပိုင်ရှင်များဆီ ပြန်လည်ပေးရန်ကိစ္စရပ်များကို အမြန်ဆုံး ဖြေရှင်းပေးနိုင်ရန် မည်သို့ပြုလုပ်ရမည်ကို စဉ်းစား၍ အစီအစဉ်မှ ချမှတ်နေပါကြောင်း၊ မကြာမီတွင် မြေတိုင်းဌာနကို မြန်မြန်ဆန်ဆန်နှင့် အထက်ဌာနက တာဝန်များ ပီပြင်အောင် ထမ်းဆောင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

**တန်းတူညီတူ အခွင့်အရေးရှိရမည်**

ပြည်သူများအနေဖြင့် အများအားဖြင့် လယ်ယာစိုက်ပျိုးရေးကို မှီတည်နေကြသည့်အတွက် လယ်ယာမြေပိုင်ဆိုင်ခွင့်သည် အလွန်အရေးကြီးသည်ကို သဘောပေါက်ပါကြောင်း၊ တောင်သူလယ်သမားများသည်လည်း မိမိတို့တွင်ရှိသည့် မြေကိုအားကိုးပြီး ရှင်သန်နေရသည်ကို သဘောပေါက်ပါကြောင်း၊ ထို့ကြောင့် အဆိုပါ ကိစ္စများကို အမြန်ဆုံး ဖြေရှင်းပေးရန်မှာ အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ရမည် ဖြစ်ပါကြောင်း၊ ယခုတင်ပြသွားသည့် ကိစ္စများကိုလည်း မိမိတို့အားလုံး မှတ်သားသွားမည်ဖြစ်ပါကြောင်း၊ တချို့က အစိုးရအဖွဲ့ဝင်များ၊ ဗဟိုအစိုးရအဖွဲ့ဝင်များက ဒီအတိုင်းပဲ ဆုံးဖြတ်၍ရသည်ဟု ထင်ကောင်းထင်လိမ့်မည် ဖြစ်ပါကြောင်း၊ မည်သည့်ကိစ္စကိုမဆို နှုတ်မိန့်ဖြင့်လုပ်၍ မရပါကြောင်း၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေအရ ကိစ္စတစ်ခုချင်း တစ်ခုချင်းကို သေသေချာချာ သုံးသပ်ပြီးမှ လုပ်ရပါကြောင်း၊ ထိုသို့လုပ်ဆောင်သည့်အခါ ဘက်မလိုက်ဘဲ မှန်တယ်ဆိုသည့်ဘက်ကပဲ ရပ်တည်ပါကြောင်း၊ အုပ်ချုပ်ရေးဘက်ကိုလည်း မလိုက်ပါကြောင်း၊ ပြည်သူများဘက်ကိုလည်း မလိုက်ပါကြောင်း၊ အားလုံးသည် ပြည်သူ ပြည်သားများ ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးယန္တရားထဲတွင်ပါသည့် ပုဂ္ဂိုလ်များအားလုံးသည်လည်း နိုင်ငံသူ နိုင်ငံသားများ ဖြစ်ပါကြောင်း၊ မှန်မှန်ကန်ကန်လုပ်ပေးရန် တောင်းဆိုသည့် ပြည်သူများသည်လည်း နိုင်ငံသူနိုင်ငံသားများဖြစ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများ အားလုံးတွင် တန်းတူညီတူ အခွင့်အရေးရှိရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသူနိုင်ငံသားအားလုံး တန်းတူညီတူအခွင့်အရေး မရှိဘူးဆိုလျှင် တကယ့်တိုးတက်သည့်နိုင်ငံ၊ တကယ့်ခေတ်မီသည့်နိုင်ငံဟု ပြော၍ မရပါကြောင်း။

တချို့က ခေတ်မီခြင်းကို တိုက်တာကြီးများရှိသည့် နိုင်ငံများကို ခေတ်မီသည်ဟု ထင်ပါကြောင်း၊ နည်းပညာများ အလွန်တိုးတက်သည့် နိုင်ငံများကို ခေတ်မီသည်ဟု ထင်ပါကြောင်း၊ သို့သော်လည်း မိမိတို့အမြင်တွင် တကယ့်ခေတ်မီသည်ဆိုသည့်နိုင်ငံမှာ ပြည်သူများကို စိတ်လုံခြုံမှုနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုဆိုသည့် လုံခြုံမှုနှစ်ခုစလုံးကို ပေးနိုင်မှ ခေတ်နှင့်အညီ ပြေးနိုင်သည်ဟု သုံးသပ်ရမည် ဖြစ်ပါကြောင်း၊ လောကကြီးတွင် တစ်ချိန်လုံး ပြောင်းလဲနေပါကြောင်း၊ ပြောင်းလဲနေသည်နှင့်အမျှ မိမိတို့လူ့အသိုင်းအဝိုင်းများကလည်း လိုက်ပြီး ပြောင်းလဲရပါကြောင်း၊ လောကကြီး၏ လိုအပ်ချက်များ၊ လောကကြီးတွင် အခုခေတ် ဖြစ်နေသည့် ပြဿနာများကို မရင်ဆိုင်နိုင်ဘူး၊ မကျော်လွှားနိုင်ဘူးဆိုလျှင် ခေတ်မီသည်ဟု ခေါ်ဆို၍မရနိုင်ပါကြောင်း။

ထို့ကြောင့် မိမိတို့တွင် ခေတ်မီရန်အတွက် အရေးကြီးဆုံးကိစ္စမှာ တရားဥပဒေစိုးမိုးရေးဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အကြိမ်ကြိမ် ထပ်တလဲလဲပြောခဲ့ပါကြောင်း၊ တချို့က တရားဥပဒေစိုးမိုးရေးဆိုသည့် ဝေါဟာရကို အင်မတန်မှ ငြီးငွေ့စရာကောင်းတယ်ဆိုပြီး စိတ်မဝင်စားကြပါကြောင်း၊ ထို့ပြင် တရားဥပဒေ၊ စည်းမျဉ်း စည်းကမ်းကိုလည်း စိတ်မဝင်စားကြပါကြောင်း၊ တရားဥပဒေသည် မိမိတို့အားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်း၏ လုံခြုံမှုအတွက် ရှိနေခြင်းဖြစ်ပါကြောင်း။

အင်္ဂလိပ်လိုပြောရင် Rule of Law ၊ ဥပဒေ၏ စိုးမိုးခြင်းဟု ခေါ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာဝေါဟာရကို ပိုပြီးသာသည်ဟု ယူဆပါကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် တရားသည့်ဥပဒေများ ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ မတရားသည့် ဥပဒေဆိုတာလည်း ရှိနိုင်ပါကြောင်း၊ ဥပဒေဆိုတာ လူတွေက လုပ်တာဖြစ်ပြီး အလိုလို မိုးပေါ်ကကျလာတာ မဟုတ်ပါကြောင်း၊ ထို့ကြောင့် တရားသဖြင့် လုပ်ချင်၍ ထုတ်ပြန်ထားသည့် ဥပဒေကတော့ တရားဥပဒေများဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံမှာ ယဉ်ကျေးတဲ့နိုင်ငံ၊ ခေတ်မီတဲ့နိုင်ငံ၊ တိုးတက်တဲ့နိုင်ငံတစ်ခုဖြစ်ဖို့ရန် တရားတဲ့ဥပဒေများရှိရမှာဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူပြည်သားများ၏ တင်ပြချက်တွေကို အလေးအနက်ထားပါကြောင်း၊ တင်ပြချက်တွေအားလုံးကို မိမိတို့ သေသေချာချာသုံးသပ်ပါ့မယ်၊ ရွာကလေးကပဲဖြစ်စေ၊ မြို့ကြီးကပဲဖြစ်စေ၊ လုပ်ငန်းရှင်တစ်ယောက်ပဲဖြစ်စေ၊ တောင်ယာလုပ်ကိုင်တဲ့ ရိုးရိုးသာမန်လူတစ်ယောက်ပဲဖြစ်စေ တင်ပြတဲ့ကိစ္စတွေကို လေးလေးနက်နက်သေသေချာချာ ကြည့်ပါ့မယ်ဟု ပြောလိုကြောင်း၊ ကြည့်ပြီး တရားဥပဒေနှင့် ကိုက်ညီစွာ ဘယ်လိုအမြန်ဆုံးဖြေရှင်းရမလဲဆိုတာ မိမိတို့ လေ့လာပြီး ပြည်နယ်အစိုးရနှင့် ညှိနှိုင်းပြီး လုပ်ရမည်ဖြစ်ကြောင်း။

မိမိတို့ခရီးသွားတိုင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို သတိပေးသည့်အတိုင်း ထပ်မံသတိပေးပါရစေပါကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့မှုဆိုတာ လိုအပ်ပါကြောင်း၊ တစ်ချိန်လုံး ထိတွေ့နေရန် လိုပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် အစိုးရပိုင်းဆိုင်ရာတို့မှာ ပြည်သူလူထုနဲ့ ထိတွေ့နေရမှာဖြစ်ပါကြောင်း။

**နိုင်ငံ့ဝန်ထမ်းပီသစွာ နေရမည်**

ယခု ပြည်နယ်အစိုးရဆိုတာ ပြည်သူလူထုကနေပြီး ရွေးချယ်တင်မြှောက်ထားလို့ ဖြစ်လာသည့်အစိုးရ ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာက ဝန်ထမ်းများက ပြည်သူကတင်ထားခြင်း မဟုတ်သော်လည်း အစကတည်းက နိုင်ငံ့ဝန်ထမ်း လုပ်သည့်အတွက် နိုင်ငံ့ဝန်ကို ထမ်းချင်သည့်စိတ်နှင့် လုပ်ရန် လိုပါကြောင်း၊ လစာရ၍လုပ်ခြင်း၊ ဘဝအသက်မွေးဝမ်းကျောင်းအတွက် လုပ်တာချည်းပဲ သက်သက်ဆိုလျှင် ပြည့်ဝပြီး သိက္ခာနှင့်ကိုက်ညီတဲ့ဝန်ထမ်း တစ်ယောက်ဖြစ်နိုင်မှာ မဟုတ်ပါကြောင်း၊ မိမိမှာ နိုင်ငံ့ဝန်ထမ်း ဖြစ်လာမှတော့ နိုင်ငံ့ဝန်ထမ်းပီသစွာ နေရမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း ပီသစွာနေမယ်ဆိုလျှင် ပြည်သူလူထုကလည်း ချစ်ခင်မယ်၊ လေးစားမယ်၊ ပြည်သူလူထု ချစ်ခင်လေးစားသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တွေဆိုသည်မှာ ဘယ်တော့မှလည်း မငတ်ပါဘူး၊ ဘယ်တော့မှလည်း ဒုက္ခရောက်မှာ မဟုတ်ပါကြောင်း။

ပြည်သူလူထုက မချစ်ခင်ဘူး၊ မလေးစားဘူးဆိုလျှင် အခွင့်အရေးရလို့ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ စိတ်ချမ်းသာမှုကတော့ ရမှာမဟုတ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မဟုတ်မမှန်သည့်နည်းနဲ့ ချမ်းသာသည့်သူများမှာ ဘယ်တော့မှ စိတ်အေးအေးနှင့် နေနိုင်မှာမဟုတ်ပါဘူးဆိုတာ မိမိယုံကြည်ပါကြောင်း ၊ ပြည်သူလူထုကလည်း ဒီအတိုင်း ယုံကြည်မယ်ဟု ထင်ပါကြောင်း၊ ပြည်သူ၊ အစိုးရ၊ အုပ်ချုပ်ရေး ဝန်ထမ်းအားလုံး တာဝန်ရှိပါကြောင်း၊ မိမိတို့အားလုံးမှာ တာဝန်ကို မကြောက်သည့်စိတ်ရှိမှ၊ တာဝန်ကို ရဲရဲဝံ့ဝံ့နှင့် ရင်ဆိုင်နိုင်သည့် စိတ်ရှိမှ မိမိတို့နိုင်ငံမှာ တိုးတက်မှာဖြစ်ပါကြောင်း၊ ဒီလိုသတ္တိမျိုးကို မွေးကြပါ၊ နိုင်ငံအတွက် လုပ်ပေးချင်တဲ့စေတနာမျိုး မွေးကြပါ၊ တစ်ဦးနဲ့တစ်ဦးအပေါ်မှာ မေတ္တာထားကြပါဟုပြောလိုကြောင်း၊ ဒီလိုမေတ္တာထားနိုင်မယ်ဆိုလျှင် ဒီကရင်ပြည်နယ်ကြီးမှာ ဘယ်လိုပဲ နှစ်ပေါင်းများစွာ ပြည်တွင်းစစ်ရဲဒဏ်တွေကို ခံခဲ့ရသည်ဖြစ်စေ မကြာမီကာလအတွင်းမှာ အင်မတန်မှ လုံခြုံပြီးတော့ ချမ်းသာတိုးတက်သည့် ပြည်နယ်တစ်ခု ဖြစ်လာနိုင်မည်ကို မိမိအဓိက ယုံကြည်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိအနေဖြင့် ခန်းမအပြင်မှာရှိသည့် ပြည်သူတွေကို တောင်းပန်ပါကြောင်း၊ ဒီလိုခန်းမမျိုးက မိမိတွေ့ဆုံပွဲလုပ်ချင်သည့် ခန်းမမျိုး မဟုတ်ပါကြောင်း၊ ပြည်သူနှင့် အလှမ်းဝေးနေသလို မိမိခံစားရပါကြောင်း၊ ပြည်သူတွေ၏ မျက်နှာကိုလည်း မိမိ မမြင်ရကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာက တခြားစီ၊ ပြည်သူက တခြားစီ၊ အစိုးရကတစ်ဖက်၊ ပြည်သူက တစ်ဖက် ဆိုသည့် ပုံစံကြီးဖြစ်နေသည့်အခါ မိမိတို့ လိုချင်သည့် နိုင်ငံတစ်ခု၏ ပုံရိပ်ကို ဖော်ပြသည့်နေရာမှာ အားနည်းနေသေးတယ်လို့ မိမိထင်ပါကြောင်း၊ နောက်တစ်ခါ ကရင်ပြည်နယ်ကိုလာရင် ဒီလိုနေရာမျိုးမှာ တွေ့ဆုံပွဲလုပ်မည့်အစား အပြင်မှာမဏ္ဍပ်ထိုးပြီး ပြည်သူနှင့်တွေ့တာက ပိုပြီးကောင်းမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ပိုးထည်ထုတ်လုပ်နေမှု လေ့လာ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘားအံမြို့အမှတ်(၆) ရပ်ကွက်ရှိ ဂျပန်ရိုးရာပိုးထည် ရက်ကန်းရုံအတွင်း ပိုးချည်မျှင်၊ ပိုးထည်နှင့် ပိုးထည်ပစ္စည်းများ ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုလေ့လာပြီး ရက်ကန်းရုံဝန်ထမ်းများနှင့် စုပေါင်းအမှတ်တရဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရသေ့ပျံ သဘာဝရေလိုဏ်ဂူသို့ရောက်ရှိပြီး လိုဏ်ဂူအတွင်း သဘာဝအတိုင်း ဖြစ်ပေါ်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီးက ဝန်ထမ်းအိမ်ရာ၊ ကျောင်းသားအိပ်ဆောင်များ ဆောက်လုပ်နေမှုကို တင်ပြပြီး အလုပ်လာရောက်လုပ်ကိုင်ကြသည့် ရွှေ့ပြောင်းအလုပ်သမားများက ၎င်းတို့သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ၎င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြသည်။

**ထောက်ပံ့ကြေးရရှိအောင် ကူညီပေး**

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် မိဘများက ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်ကုမ္ပဏီများကလည်း အလုပ်သမားများ၏ သားသမီးများ ကျောင်းနေနိုင်အောင် ကူညီပေးရန် လိုကြောင်း၊ ကလေးငယ်များကို မိခင်ဝမ်းအတွင်း မှစ၍ အသက် နှစ်နှစ်အရွယ်အထိ နိုင်ငံတော်က ထောက်ပံ့ပေးနေပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကလေးငယ်များအတွက် ထောက်ပံ့ကြေးရရှိအောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင် မှတ်ပုံတင်ထားကြရန် လိုကြောင်း၊ နှစ်နှစ်အောက် ကလေးငယ်များသည် မိခင်ဝမ်းအတွင်းရှိစဉ်ကတည်းက အာဟာရပြည့်ဝအောင် ကျွေးမွေးမှသာ ဦးနှောက်နှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမည်ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးအတွက် ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလုပ်ပြုတ်လပ်မှု မဖြစ်အောင် အလုပ်အကိုင် အခွင့်အလမ်းများကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများက စီမံချက်များ ချမှတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇွဲကပင်ခန်းမအတွင်း ကျင်းပသည့် လူထုတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် ဒေသခံတစ်ဦး၏ ကျေးရွာသို့ အလည်လာရောက်ရန် ဖိတ်ကြားချက်အရ နောင်ကမြိုင်ကျေးရွာသို့ ရုတ်တရက်သွားရောက်ကာ နောင်ကမြိုင်ရွာကြီးကျောင်း ဆရာတော် ဦးသုမနအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နောင်ကမြိုင်ရွာကြီးကျောင်း၌ ဒေသခံကျေးရွာသူ ရွာသားများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နောင်ကမြိုင်ရွာကြီးကျောင်း၌ ဒေသခံ ကျေးရွာသူ ရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် ရွာသူရွာသားများ၏ ပြဿနာကို မေးမြန်းဆွေးနွေးသည်။

**ပွင့်ပွင့်လင်းလင်းတင်ပြ**

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နောင်ကမြိုင်ကျေးရွာ၏ အခြေအနေကို သိရှိနိုင်ရန်၊ ကျေးရွာသားများ၏ ပြဿနာများကို ဝိုင်းဝန်းဖြေရှင်းပေးနိုင်ရန်နှင့် တင်ပြလိုသည်များရှိပါက တင်ပြနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့များကို ကျေးရွာများသို့ ကွင်းဆင်းကြရန် မှာကြားသွားမည် ဖြစ်ပါကြောင်း၊ ကျေးရွာသားများအနေဖြင့် အစိုးရပိုင်းက ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ ရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက နောင်ကမြိုင်ကျေးရွာနှင့်ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပေးရေး၊ ဆေးပေးခန်းအသစ် တည်ဆောက်ပေးရေး၊ အခြေခံပညာအထက်တန်းကျောင်းအတွက် လိုအပ်သည့် အဆောက်အဦများ တည်ဆောက်ပေးရေး၊ သိမ်းဆည်းခံလယ်ယာမြေများ လျော်ကြေးရရှိရေးနှင့် ရေဘုတ်ဆည်တည်ဆောက်မှုကြောင့် စိုက်ပျိုးမရတော့သည့် လယ်ယာမြေများအတွက် ပြန်လည်သုံးသပ်ပေးရန်ကိစ္စရပ်များကို တင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းဖြေကြားပြီး မိမိတို့၏ ပြည်သူများ ကျန်းမာရေးကောင်းရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ကလေးငယ်များသည်လည်း ပညာတတ်ရန် အရေးကြီးပါကြောင်း၊ ပြည်သူများ စိတ်လုံလုံခြုံခြုံဖြင့် နေနိုင်ရန် အရေးကြီးပါကြောင်း၊ ကိုယ်လုံခြုံမှုလည်း စိတ်လုံခြုံမည်ဖြစ်ပါကြောင်း၊ စိတ်လုံခြုံပြီဆိုရင် အားလုံးပြည့်စုံပြီဟု ပြော၍ရပါကြောင်း၊ အားလုံး၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် တစ်ချိန်တည်းတွင် တစ်ပြိုင်တည်း ဖြည့်ဆည်းပေး၍ မရနိုင်ပါကြောင်း၊ အားလုံးသည် တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည်ဖြင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍတွင် အမျိုးသားများ ပိုမိုပါဝင်လာရန် လိုအပ်ပါကြောင်း၊ ကျောင်းဆရာဦးရေသည် အလွန်နည်းပါးနေပါကြောင်း၊ နည်းပညာများ တိုးတက်နေသည့်ခေတ်ကြီးတွင် သင်ယူစရာ အလွန်များပါကြောင်း၊ ထို့ကြောင့် ကျောင်းပညာတတ်မြောက်ရန် ပိုမိုအရေးကြီးလာပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကို အထူးဦးစားပေးပြီး ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်တော်ယာဉ်များဖြင့် ဘားအံကမ်းနားလမ်းသို့ ရောက်ရှိပြီး ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေးနှင့် တည်ဆောက်ထားမှု အခြေအနေကို ကြည့်ရှုသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၁ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၃ ရက်**
**(၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ ရန်ကြီးအောင်ရပ်ကွက်နေ ရဲမျိုး(ဆံပင်ညှပ်ဆိုင်ဖွင့်ထား) သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၃-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ ရန်ကြီးအောင်ရပ်ကွက်ရှိ တော်ဝင်ထွန်း ဆံသဆိုင်အား ဝင်ရောက်ရှာဖွေရာ ရဲမျိုး(ခ) ရဲမျိုးထွန်း (၂၆)နှစ်၊ (ဘ)ဦးတင်ထွန်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား နမစ(ဇီးကုန်း) မယ(ပ) ၂/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အောင်သိဒ္ဓိရပ်ကွက်နေ ကျော်မင်းထွန်း(၄၃) နှစ်၊ (ဘ) ဦးတင်ညွန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ တစ်ရပ်ကွက်တည်းနေ ကျော်သူ (၃၅)နှစ်၊(ဘ)ဦးသန်းအောင်တို့အား ဘိန်းဖြူများ၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား နမစ (ဇီးကုန်း)မယ(ပ)၃/၂၀၁၉၊ မူးစိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ အောင်သိဒ္ဓိရပ်ကွက်နေ သက်စိုးထိုက် (၃၇) နှစ်၊ (ဘ) ဦးမြင့်စိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဇီးကုန်း) မယ (ပ)၄/၂၀၁၉၊မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ရန်ကြီးအောင်ရပ်ကွက်နေ အောင်ဖြိုး(ခ) ကိုဖြိုး (၃၀) နှစ်၊ (ဘ) ဦးသန်းထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူဖမ်းဆီးရမိသဖြင့် နမစ(ဇီးကုန်း) မယ(ပ) ၅/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ ညွှန့်လွင်နှင့် ဒေါ်ချစ်အုံတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၃-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ ညွှန့်လွင်(၅၅)နှစ်၊ (ဘ)ဦးလှထွန်း၏ ယာခင်းအတွင်းရှိ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားများဖြစ်သည့် ဝင်းမြင့်ဦး (၃၂) နှစ်၊ ကျော်စိုးသိန်း (၂၈)နှစ်တို့အား ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ဖောင်းပြင်)မယ(ပ)၃၂/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ ဒေါ်ချစ်အုံ(၇၀)နှစ်၊ (ဘ)ဦးရွှေမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ ဝင်းဆန်း(၃၅)နှစ်၊ (ဘ) ဦးသန်းထွန်းနှင့် အရှေ့မြင်သာကျေးရွာနေ ကြည်လင်း(၆၀)နှစ်၊ (ဘ)ဦးလာပေါ်တို့အား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ဖောင်းပြင်) မယ (ပ)၃၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်နေ မြင့်ဝေ(ခ)ဆံရှည်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၃-၂၀၁၉ ရက်နေ့တွင် မုဒုံမြို့၊ မြို့မ (၄)ရပ်ကွက်၊ အမှတ် (၁၂၉)နေ မြင့်ဝေ (ခ) ဆံရှည် (၆၄)နှစ်၊ (ဘ)ဦးချန်တိတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ တစ်ရပ်ကွက်တည်းနေ ဟိန်းမင်းဦး (၁၉)နှစ်၊ (ဘ)ဦးအဟိန်း၊ ဝေယံဖြိုး(ခ)ဝေယံ (၁၉)နှစ်၊ (ဘ)ဦးဝင်းစိုး၊ ဖြိုးစံ(ခ)ပုပု(၂၂)နှစ်၊(ဘ)ဦးရွှေကြိုင်၊ မြို့မ(၁)ရပ်ကွက်နေ အောင်မျိုးသက်(ခ)မောင်လူအေး (၂၄)နှစ်၊(ဘ)ဦးမျိုးမင်းလတ်၊ ထက်လင်းနိုင်(ခ)အားပယ် (၂၂)နှစ်၊ (ဘ)ဦးဇော်ဦးနှင့် အောင်အောင်(၂၂)နှစ်၊ (ဘ)ဦးအောင်သိုက်တို့ (၇)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူဖမ်းဆီးရမိသဖြင့် မမစ(မုဒုံ)မယ (ပ)၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ (၂၅)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၂၃၇/၁) နေ ရဲကိုကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၃-၂၀၁၉ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့(၂၅) ရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ်(၂၃၇/၁)နေ ရဲကိုကို (၂၇)နှစ်၊ (ဘ)ဦးရီကို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မအစ္စဏီထိုက်(၃၀)နှစ်၊ (ဘ)ဦးသန်းထိုက်တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား နမစ (သုဝဏ္ဏ)မယ(ပ)၁၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တို မြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ မင်္ဂလာသီရိလမ်းသွယ်(၁)နေ တင်မိုးနှင့် မရှည်ကြီးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေး ပို့ခြင်း။ | ၁၃-၃-၂၀၁၉ ရက်နေ့တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီး အရှေ့ရပ်ကွက်၊ မင်္ဂလာသီရိလမ်းသွယ်(၁)နေ တင်မိုး(ဘ) ဦးလှရွှေနှင့် မရှည်ကြီး(ခ)ခင်သန်းဝင်း(ဘ)ဦးသန်းတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၂)ဦးမှာ ကြိုတင် တိမ်းရှောင်သွားပြီး နေအိမ်အတွင်း၌ မြန်အောင်မြို့နယ်၊ မုန်တန်းကျေးရွာနေ မိုင်ခင်သက်လွင် (၄၇)နှစ်၊ (ဘ)ဦးဖိုးမင်းအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဆိပ်ကြီးခနောင်တို) မယ(ပ)၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့ ညောင်ပင်သာရပ်ကွက်နေ ဇော်မင်းလေး သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချ နေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၃-၂၀၁၉ ရက်နေ့တွင် ကလောမြို့ ညောင်ပင်သာရပ်ကွက်နေ ဇော်မင်းလေး(ခ)စွလ်သန်း(၄၉)နှစ်၊ (ဘ) ဦးထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလော) မယ(ပ)၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ အမှတ် (၇) ရပ်ကွက်နေ ပေါက်ကွေး သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချ နေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၃-၂၀၁၉ ရက်နေ့တွင် လားရှိုးမြို့ အမှတ်(၇) ရပ်ကွက်၊နယ်မြေ(၁၆)၊ ခိုင်ရွှေဝါလမ်းသွယ်နေ ပေါက်ကွေး (ခ)အောင်ကျော်ဆွေ (၃၃)နှစ်၊ (ဘ)ဦးလှဝင်းဆွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၃၃/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၁၆-၃-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၆၀) မှ ဖွင့်လှစ် အရေးယူခဲ့ပြီး တရားခံကျား(၇၄၆)ဦး၊ မ(၁၄၂)ဦး၊ပေါင်း(၈၈၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၈၃၈.၉၈)ဂရမ်၊ ICE (၇၂.၁၄)ဂရမ်၊ဘိန်း(၃၈၆၉၉.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၀၀၀.၂၈)ဂရမ်၊ ဘိန်းစာရွက် (၇၃၆၃.၉၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၂၃၂၃၉)ပြား၊ ဆေးခြောက် (၆၄၁၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၃.၄၅) ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်၊ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခု သီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/ တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပျဉ်းမနားမြို့ ပုလဲလမ်းနှင့် ဝိသကြံလမ်းထောင့်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၅)ပြား၊ ကချင်ပြည်နယ်၊ ဟိုပင်မြို့ သဲဂုဏ်-တကွင်းကျေးရွာသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀၀)ပြား၊ မြလယ်ကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၃၀)ပြား၊ ဘိန်းဆီခဲ(၁၀)ဂရမ်၊ မံစီမြို့နယ်၊ မလင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၁၀)ပြား၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဧ(၅၀၀)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၅)ပြား၊ ဒီးမော့ဆိုမြို့နယ်၊ အို့ခူးရီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၀)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၅)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၂)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ ဆေးခြောက်(၇၂၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မွန်ပြည်နယ်၊သံဖြူဇရပ်မြို့ ကြာကန်ရပ်ကွက်၊ အောင်ဆန်းလမ်းနှင့် ကြာပုဏ္ဏာရိပ်လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက် (၄၀၈၂.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဦးစောလှကျွန်း၏ မြောက်ဘက် နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း လုံခြုံရေးနှင့် ပိတ်ဆို့စစ်ဆေးရေးဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံဘက်သို့ လှော်ခတ်နေသည့် လက်ခတ်လှေ(၁)စီးအား တွေ့ရှိလိုက်လံဖမ်းဆီးခဲ့ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၅၆၁၀)ပြား၊ လက်ခတ်လှေ(၁)စီး၊ မြို့ဦးကျေးရွာ၌ သတင်းအရ နေအိမ်အား စိစစ်ရာ တရားခံအမျိုးသမီးမှာ ကြိုတင်တိမ်းရှောင်သွားပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၁၉၅၀)ပြား၊ ဆေးခြောက် (၈၀၀)ဂရမ်၊ ဂုံနားကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြားအကြေမှုန့်(၄၀)ဂရမ်၊ အင်းဒင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၂)ပြား၊ ဘူးသီးတောင်မြို့ သပြေကုန်းရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀)ပြား၊ ပေါက်တောမြို့နယ်၊ အနောက်ရဲကျေးရွာဆိပ်ကမ်း၌ စက်လှေ(၁)စီးအား စိစစ်ရာ လှေပေါ်ပါသူ(၄)ဦးမှာ ခုန်ချထွက်ပြေးသွားခဲ့ပြီး စက်လှေပေါ်ရှိ ဖော့ဘူးအတွင်းမှ ဆေးခြောက်(၈၀၀)ဂရမ်၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကောင်းမှုစဉ်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား (၄၄၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၂)ပြား၊ ဘိန်းဖြူ(၅၁)ဂရမ်၊ ဘိန်း(၆၅၀)ဂရမ်၊ လဲချားမြို့ လဲချား-မိုင်းနောင်သွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုင်းကိုင်မြို့နယ်၊ ပန်ကေတုကျေးရွာအနီး မိုင်းကိုင်-သီပေါသွား ကားလမ်းမပေါ်၌ သတင်းအရ Hino (၁၂)ဘီးယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ICE(၆၅၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်ရှိ ဂိုဒေါင်အတွင်းမှ ဓာတုဆေးရည်(၄၀)လီတာ၊ ဓာတုဆေးအနှစ် (၆၀၀၀၀)ဂရမ်၊ သိန္နီမြို့နယ်၊ ပန်စုံကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ Acetic Anhydride (၁၄၄၀) လီတာ၊ ကဖင်း(၂၀၀၀၀၀)ဂရမ်၊ Alphardယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပန်စုံ-ဆွန်ခိုင်းသွား ကားလမ်းပေါ်၌ ရပ်တန့်ထားသည့် Alphard ယာဉ်(၂)စီးပေါ်မှ Acetic Anhydride (၂၇၀၀)လီတာ၊ ကဖင်း(၄၀၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ စယ်အူကျေးရွာကားလမ်းမပေါ် တံတားအနီး၌ သတင်းအရ Landcruiser ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ Acetic Acid (၃၀၀)လီတာ၊ Brown Charcoal (၂၂၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၇၀)ပြား၊ နမ့်အွန်ကျေးရွာသွားကားလမ်းမပေါ်၌ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသည့် (၆)ဘီးမြေသယ်ယာဉ်(၂)စီးအား တွေ့ရှိစိစစ်ရာ ယာဉ်များပေါ်၌ ကြံပင်များဖြင့် ဖုံးကွယ်ထားသည့် ပေပါပုံးများအတွင်းမှ Methyl Ethyl Ketone (၉၆၀၀)လီတာ၊ မော်တော်ယာဉ်(၂)စီး၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း၊ မိုင်တိုင်(၈၀/၄)၌ သတင်းအရ Hilux ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၇၂၈)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မိုးမိတ်မြို့ မြောက်ပိုင်းရပ်ကွက်၊ စိန်နန်းစိုးကားဂိတ်၌ ကျောက်မဲမြို့မှ ခရီးသည်မပါ တန်ဆာခဖြင့် ပို့ဆောင်လာသည့် ကတ္တူစက္ကူပုံး၌ မူးယစ်ဆေးဝါးများ ပါဝင်နေကြောင်း

*စာမျက်နှာ ၉ သို့*

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၈**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်အကြောင်းအရာ တစ်ခုချင်းအလိုက်တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် မြေပြင်အမှန်တကယ် စိုက်ပျိုး လုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ် ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများမှ တင်ပြလာမှု၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ(မူကြမ်း)အပေါ် သတ္တုတွင်းဦးစီးဌာနမှ အကြံပြုချက်များပေးပို့လာခြင်းနှင့် ခဲတံသတ္တုတူးဖော်ခြင်းလုပ်ငန်းအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာများ လျှောက်ထားမှု၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများ၊ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၃/၂၀၁၆) အစည်းအဝေးဆုံးဖြတ်ချက်အရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ်ပြန်လည်တင်ပြလာမှု၊ ယခင်ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲ၊ ဗဟိုကော်မတီမှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအား သီးခြားကိစ္စရပ်အနေဖြင့် ကြိုတင်ခွင့်ပြုပေးနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ညှိနှိုင်းလာခြင်းတို့ကို ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ယနေ့ပြုလုပ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အဖွဲ့အစည်းအဝေးသည် (၁၈)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်သတ်မှတ်ကာလ (၄)နှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားမြေ ၁၄၄၈၆၇၆ ဧကအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ဒုတိယအကြိမ်မြောက်အလှူငွေပေးအပ်

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်းက အမှာစကားပြောကြား၍ အလှူငွေများကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ရန်ကုန်တက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုဖြစ်လာရန်အတွက် ရန်ကုန်တက္ကသိုလ် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မိတ်ဖက်တက္ကသိုလ်များနှင့် ပူးပေါင်းကာ ရေတို ရေရှည် ရည်မှန်းချက်များဖြင့် Master Plan ကို ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာတွင် ရန်ကုန်တက္ကသိုလ် ပညာရေး အဆင့်မြှင့်တင်မှုကော်မတီနှင့် ရန်ကုန်တက္ကသိုလ် အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရေးကော်မတီတို့က ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်၏ နှစ် ၁၀၀ ပြည့်အမီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ရေတိုရည်မှန်းချက်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံတော်၏ ပံ့ပိုးမှုအပြင် ပြည်တွင်းနှင့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသားဟောင်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ကျောင်းသား၊ ဆရာ၊ မိဘများ၊ မြို့မိမြို့ဖများထံမှ ပါဝင်လှူဒါန်းမှုကို ပါလက်ခံပြီး ကော်မတီ၏ကြီးကြပ်မှုဖြင့် စနစ်တကျစီမံခန့်ခွဲ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်သည်။

တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲများကို ရန်ကုန်တက္ကသိုလ်၌ လစဉ်ကျင်းပလျက်ရှိပြီး ဖေဖော်ဝါရီ ၄ ရက် ပထမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များက ငွေကျပ် ၂၀၅ သိန်း၊ ယနေ့ အခမ်းအနားတွင် အလှူရှင်များက ငွေကျပ် ၂၈၅၅၂၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၀၀ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၈**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

*စာမျက်နှာ ၈ မှ*

သတင်းရရှိသဖြင့် စိစစ်မှုများပြုလုပ်ခဲ့ရာ လာရောက်ရွေးယူသူ တရားခံအမျိုးသား(၁)ဦးနှင့် ၎င်းပုံးအတွင်းမှ ဘိန်းဖြူ(၅၅၀)ဂရမ်၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ မိုးဟောက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၆၆၀)ဂရမ်၊ လောက်ကိုင်မြို့နယ်၊ ဟဲဟော်ကျေးရွာအနီး ဟဲဟော်-ဟွာတီးရှမ်းသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၁၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တာလေမြို့ နားဟိုင်းလုံးကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ ဟိုနားကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၁၁၂)ပြား၊ ဘိန်း(၇၀)ဂရမ်၊ ဟိုရမ်း(၂)ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၄၀)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ နန်စီပွန်ဒေသ၊ ညောင်တပင်ရပ်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၄)ပြား၊ ဘိန်းဖြူ(၀.၃)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ သပြေချောင်းကျေးရွာအနီး မိုင်တိုင်(၃/၇)နှင့်(၃/၈)ကြား၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၆၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဇဟာကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၂၅၇)ပြား၊ မြိတ်မြို့ တပ်ပြင်ရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁)ပြား၊ ဘိန်းစာမှုန့်(၃၆၄၀)ဂရမ်၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၃၀)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ (၄)မိုင်စစ်ဆေးရေးဂိတ်၌ Hino(၆)ဘီးယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ အမျိုးသား(၁)ဦးမှာ ထွက်ပြေးသွားခဲ့ပြီး တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၆၅၂၅၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၅×၅၆ လမ်းကြား၊ သိပ္ပံလမ်း၌ သတင်းအရ အငှားဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀)ပြား၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် စစ်ဆေးရေးဂိတ်၌ သတင်းအရ Prado ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၈၆၈၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မူဆယ်မှ နေပြည်တော်သို့ လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၇၀)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာ၊ မန္တလေး-ပြင်ဦးလွင်သွား ကားလမ်း မိုင်တိုင်(၂၇/၇)၌ သတင်းအရ Succeed ယာဉ်နှင့် Wish ယာဉ်တို့အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀၀၀၀)ပြား၊ ဘိန်းဖြူ(၉၇၂)ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ မြစ်သားမြို့နယ်၊ သိုတန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိဘောဂရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၄၁)ပြား၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(ဃ)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀၀)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့ ချောင်းဝရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၅)ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၄)ခုရှိခဲ့ပြီး မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကလိုင်ပဒေါကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းစာရွက်(၄၀၈၂.၅)ဂရမ်၊ ဘိန်းစာမှုန့်(၂၆၁၂.၈)ဂရမ်၊ ပွိုင့် ၂၂ လုပ်သေနတ်(၁)လက်၊ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၊ မန်ကန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၀)ပြား၊ ဘိန်းဖြူ(၁၁.၂) ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ကျိုင်းတုံမြို့နယ်၊ တောင်ဆွန်ကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅)ပြား၊ ပစ္စတိုသေနတ်(၁)လက်၊ ၉ မမ ကျည်(၃)တောင့်၊ ကျည်အိမ်(၁)ခု၊ ဆိုင်ကယ် (၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ငါးပြည့်အင်းကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၂)ပြား၊ ဘိန်းဖြူ(၁.၅)ဂရမ်၊ လုပ်သေနတ်(၁)လက်အားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၄)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့ အမှတ်(၁)ရပ်ကွက်၊ ထင်းရှူးတော၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတရားခံအမျိုးသား(၁)ဦး၊ မြန်မာနိုင်ငံသားတရားခံအမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၁၇၃၀)ပြား၊ ဘိန်းဖြူ(၈၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်အနီး ဗိုလ်နိုင်ဝင်းလမ်းပေါ်၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ပထွက်ခွာ Terminal 1 ၌ တရုတ်နိုင်ငံသို့ သွားရောက်မည့် ဗြိတိန်နိုင်ငံသား တရားခံအမျိုးသား(၂)ဦး၊ နီပေါနိုင်ငံသား တရားခံအမျိုးသား(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ICE (၁၁၂၀၀)ဂရမ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ပထွက်ခွာ Terminal 1 ၌ ထိုင်ဝမ်သို့ သွားရောက်မည့် တရုတ်နိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ Katamine (၃၉၀၀)ဂရမ် တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၃-၃-၂၀၁၉ ရက်နေ့မှ ၁၆-၃-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၇၅)မှုတွင် တရားခံကျား(၃၃၃)ဦး၊ မ(၂၉)ဦး၊ ပေါင်း(၃၆၂) ဦးကို ဘိန်းဖြူ(၃၂၅၄.၇၉၈၆)ဂရမ်၊ ICE(၆၆၁၂၀၃.၈၅)ဂရမ်၊ စိတ်ကြွဆေးပြား(၂၃၄၅၄၃၂)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၄၀)ဂရမ်၊ ဆေးခြောက်(၂၉၁၅.၀၇)ဂရမ်၊ ဘိန်း(၂၀၉၉)ဂရမ်၊ ဘိန်းဆီခဲ(၁၇၁) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁.၂)ဂရမ်၊ ဘိန်းစာရွက်(၈၄၄၂)ဂရမ်၊ ဘိန်းစာမှုန့်(၆၇၈၂.၁၁)ဂရမ်၊ Katamine (၃၉၀၀)ဂရမ်၊ ကဖင်း(၆၀၀၀၀၀)ဂရမ်၊ Methyl Ethyl Ketone(၉၆၀၀)လီတာ၊ Acetic Anhydride (၄၁၄၀)လီတာ၊ Acetic Acid (၃၀၀)လီတာ၊ Brown Charcoal (၂၂၀၀၀၀)ဂရမ်၊ ဓာတုဆေးအနှစ် (၆၀၀၀၀)ဂရမ်၊ ဓာတုဆေးရည်(၄၀)လီတာ၊ သေနတ်မျိုးစုံ(၄)လက်၊ ၉ မမကျည်(၃)တောင့်၊ ကျည်အိမ်(၁)ခုတို့ ဖော်ထုတ် သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော် သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

◆ *ကျောဖုံးမှ*

ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ အကဲကြည့်စစ်ရေယာဉ်-အောင်ဇေယျပေါ်မှ လိုက်ပါကြည့်ရှုအားပေးသည်။

**တိုက်စစ်နှုတ်မိန့်ပေး**

စစ်ရေယာဉ်-အောင်ဇေယျပေါ်တွင် တာဝန် (ရေ) တပ်ဖွဲ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အလေးပြုပြီး လေ့ကျင့်ခန်းကိုဦးဆောင်မည့် တာဝန် (ရေ) တပ်မမှူးက လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ဖြစ်စဉ်အကြောင်းအရာကို ရှင်းလင်းတင်ပြပြီး တိုက်စစ်နှုတ်မိန့်ပေးသည်။ ယင်းနောက် တာဝန် (ရေ) တပ်မမှူးနှင့် စစ်ရေယာဉ်မှူးများသည် သက်ဆိုင်ရာ စစ်ရေယာဉ်များသို့ပြန်လည်ထွက်ခွာပြီး စစ်ရေယာဉ်တပ်ပေါင်းစုပင်လယ်ပြင် စစ်ဆင်မှုလေ့ကျင့်ခန်းကို အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ကြသည်။

ရှေးဦးစွာ တပ်မတော်(ရေ)အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များက ရန်သူစီးနင်းသိမ်းပိုက်ထားသည့် ကုန်သွယ်ရေယာဉ်တစ်စင်းအား မြန်နှုန်းမြင့်တိုက်ခိုက်ရေးရေယာဉ်လေးစီး၊ ရဟတ်ယာဉ်သုံးစင်းဖြင့် ဝင်ရောက်စီးနင်း၍ ဖမ်းဆီးခံ ဓားစာခံများအားကယ်ဆယ်ခြင်း လေ့ကျင့်ခန်းကို ဆောင်ရွက်ကြသည်။

ထို့နောက် လေ့ကျင့်ခန်းတွင်ပါဝင်ခဲ့သည့် ရဟတ်ယာဉ်များ၊ မြန်နှုန်းမြင့်တိုက်ခိုက်ရေး ရေယာဉ်များနှင့် အရာရှိ၊ စစ်သည်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ယင်းနောက် စစ်ရေယာဉ်အောင်ဇေယျပေါ်တွင် ရဟတ်ယာဉ်ဆင်း/ တက်ခြင်း လေ့ကျင့်ခန်းကို ပြုလုပ်ပြီး ကုန်သွယ်ရေယာဉ်မှ ဓားစာခံများအား ကယ်တင်ခြင်း လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သော ရေတပ်အထူးစစ်ဆင်ရေးတပ်ဖွဲ့ တပ်ဖွဲ့မှူးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ကိုယ်တိုင်လာရောက်သတင်းပို့ တင်ပြသည်။

**ပစ်ခတ်မှုလေ့ကျင့်**

စစ်ရေယာဉ်များသည် သတ်မှတ်ပုံပြချီတက်ခြင်းအမျိုးအစားများဖြင့် ချီတက်နေစဉ် ရန်သူ့ရေငုပ်သင်္ဘောရန်ကာကွယ်ရေးနှင့် တိုက်ဖျက်ရေး၊ ရန်သူ့လေကြောင်းရန် ကာကွယ်ရေး၊ ရန်သူ့မြန်နှုန်းမြင့်တိုက်ရေယာဉ်များ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းများမှ ကာကွယ်ရေးအတွက် ရေငုပ်သင်္ဘောဖျက်မိုင်းများ၊ ရေမြုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လေကြောင်းမှ တိုက်ခိုက်မခံရစေရေး ပြောင်းလဲပုံပြချီတက်ခြင်း၊ မိမိအမြန် သွားကင်းလှည့်တိုက်ရေယာဉ်များဖြင့် ရန်သူ့မြန်နှုန်းမြင့်တိုက်ရေယာဉ်များအား ဝိုင်းပတ် ပိတ်ဆို့တိုက်ခိုက်ချေမှုန်းခြင်း၊ ရန်သူ၏ တာဝေးပစ်ပဲ့ထိန်းဒုံးလက်နက်များအား မိမိရေယာဉ်များမှ လက်နက်စနစ်များဖြင့် တန်ပြန်ပစ်ခတ်ချေမှုန်းမှုလေ့ကျင့်ခြင်း၊ ပြောင်းအချင်းအရွယ်အစားမတူသော (Mix Calibre) အမြောက်များ စုစည်းပစ်ခတ်မှုလေ့ကျင့်ခြင်း၊ အီလက်ထရွန်နစ်စစ်ဆင်မှု လေ့ကျင့်ခြင်း၊ ဒုံးပျံပစ်ခတ်မှုလေ့ကျင့်ခြင်းနှင့် အမြောက်ကြီးများ ပစ်ခတ်မှုလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

တိုက်ပွဲလေ့ကျင့်ခန်း ပြီးဆုံးချိန်တွင် စစ်ရေယာဉ်များ အချင်းချင်း ဆီ၊ ရေ၊ ရိက္ခာနှင့် ခဲယမ်းများပြန်လည်ထောက်ပံ့ဖြည့်တင်းနိုင်ရန်အတွက် စစ်ရေယာဉ်များ မောင်းနှင်လျက် ပင်လယ်ပြင်ထောက်ပံ့ဖြည့်ဆည်းခြင်း လေ့ကျင့်ခန်းအား စစ်ရေယာဉ်နှစ်စင်းဖြင့် ဆက်လက်ဆောင်ရွက်ကြသည်။

ယနေ့ စစ်ရေယာဉ် တပ်ပေါင်းစုပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်းပြုလုပ်နေမှုကို ပြည်တွင်းသတင်းမီဒီယာများမှ သတင်းထောက်များလည်းစစ်ရေယာဉ်- အောင်ဇေယျနှင့်အတူ လိုက်ပါပြီး သတင်းရယူခဲ့ကြသည်။

**ကြည့်ရှုအားပေးစကားပြောကြား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်းမြို့နယ်ပြည်သူ့ဆေးရုံတွင် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) မှ ပါရဂူများက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်းသို့ တက်ရောက်သတင်းရယူခဲ့သည့် ပြည်တွင်းသတင်းထောက်များအား တွေ့ဆုံပြီး နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးအတွက် တပ်မတော်မှ လေ့ကျင့်ခန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**

---

❒ *ကျောဖုံးမှ*

ငြိမ်းချမ်းရေး ကော်မရှင်နှင့် KNPPသည် ၂၀၁၈ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းခဲ့ကြပြီး NCA မရေးထိုးမီ ရေတိုကာလအတွင်းတွင် နှစ်ဖက်တပ်ဖွဲ့များ သွားလာမှု၊ ဆက်သွယ်မှု၊ ပြည်နယ်အဆင့်တွင် ပုံမှန်ညှိနှိုင်းဆွေးနွေးရေးကိစ္စများ၊ နှစ်ဖက်ညှိနှိုင်းသဘောတူသည့်ဆက်ဆံရေး လမ်းကြောင်းကိစ္စများ၊ တိုးတက်မှုရရှိခဲ့သည့် တပ်ပိုင်းဆိုင်ရာကိစ္စအချို့ကို နှစ်ဖက်သဘောတူညီမှုများ ရရှိခဲ့ကြပါကြောင်း။

**ပွင့်ပွင့်လင်းလင်း ဆွေးနွေး**

ဆက်လက်၍လည်း ယခုနှစ် မတ် ၁၀ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ အလုပ်သဘော တွေ့ဆုံခဲ့ရာတွင်လည်း နှစ်ဖက်အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြပြီး အကျိုးဆက်အနေဖြင့် ယနေ့ဆွေးနွေးပွဲကို မိမိတို့ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ဆွေးနွေးပွဲတွင် ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန်နှင့် အစိုးရဘက်က ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါကလည်း ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီအဖွဲ့ခေါင်းဆောင် ခူဦးရယ်က KNPP နှင့် အစိုးရကြား နှစ်ပေါင်း (၇၀)ကျော် ဖြစ်ပွားခဲ့သည့် ပြဿနာများကိုဖြေရှင်းရန် တွေ့ဆုံညှိနှိုင်းဆွေးနွေးလာကြသည်မှာ ၂၀၁၂ မတ်လမှ စ၍ ၂၀၁၉ မတ်လထိတိုင် (၇) နှစ်ရှိပြီဖြစ်ပါကြောင်း၊ (၇)နှစ်ခန့် တွေ့ဆုံညှိနှိုင်းကြသည့်အခြေအနေတွင် တိုးတက်မှုများရှိသကဲ့သို့ အဆင်မပြေမှုများလည်း ရှိနေဆဲဖြစ်ပြီး တချို့ကိစ္စရပ်များတွင် ဆက်လက်ညှိနှိုင်းနေရဆဲ အခြေအနေတွင်ရှိပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံညှိနှိုင်းကြခြင်းသည် ပြဿနာကို အဖြေရှာခြင်း ဖြစ်ပါကြောင်း၊ ပြဿနာကို နှစ်ဦးနှစ်ဖက် အသိအမှတ်ပြုရန် လိုအပ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက်အသိအမှတ်ပြုထားသည့် ပြဿနာများအပေါ်တွင် နှစ်ဦးနှစ်ဖက်က လက်ခံသဘောတူနိုင်သည့် အဖြေရှာမှုမျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြဿနာများအပေါ်တွင် နားလည်မှု၊ သဘောပေါက်မှု တူညီသွားမှသာ မိမိတို့နှစ်ဖက်သဘောတူလက်ခံသည့် အဖြေရှာမှုကိုလည်း ရရှိမည်ဖြစ်ပါကြောင်း။



**ငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြုအဖွဲ့ဝင် ဦးကျော်လင်းဦးနှင့် KNPP ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ နဲနယ်ပလိုး တို့က မီဒီယာများ၏ သိရှိလိုသည်များကို ရှင်းလင်းဖြေကြားစဉ်။**

**ခိုင်မြဲနေဆဲဟု မှတ်ယူ**

ထို့ပြင် (၇) နှစ်ခန့် ဆွေးနွေးအဖြေရှာကြသည့် ကာလတစ်လျှောက်လုံးတွင် အပြန်အလှန် အသိအမှတ်ပြုမှုများသည် ယနေ့အထိ ခိုင်မြဲနေဆဲဟု မှတ်ယူပါကြောင်း၊ သို့သော် အပြန်အလှန်ယုံကြည်မှုနှင့် ပတ်သက်၍ တက်လိုက်ကျလိုက် အခြေအနေမျိုးလည်း ကြုံရသည့် အခြေအနေရှိသည်ဟု ရိုးသားစွာ သုံးသပ်ပါကြောင်း၊ သို့သော် မိမိတို့ကြားတွင် ယုံကြည်မှုကင်းမဲ့နေသည်ဟုဆိုသည့် သဘောကို ဆိုလိုခြင်း မဟုတ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးသည့်နေရာတွင် အခြေအနေအမျိုးမျိုးကြောင့် မိမိတို့ကိုယ်စားလှယ်များသည် အလွတ်သဘောနှင့် တရားဝင်ပါ နှစ်မျိုးနှစ်စားခွဲ၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ အကြိမ်ကြိမ်လုပ်ခဲ့ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုတိုင်းတွင် ပြဿနာရပ်များကို အမြဲတမ်း အဖြေရှာခြင်းမျိုး၊ တင်ပြခြင်းမျိုးမဟုတ်ဘဲ တိုင်းပြည်အတွက် အကောင်းဆုံးအဖြေရှိသည့် နည်းလမ်းများကို နှစ်ဦးနှစ်ဖက်မည်မျှ နားလည်သဘောပေါက်ထားသနည်းဆိုသည့်အပေါ်တွင် မူတည်၍ ညှိနှိုင်းအဖြေရှာကြခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့တွင် KNPP အနေဖြင့် bilateral အဆင့်၌ သဘောတူခဲ့သည့် အချို့သော အကြောင်းအရာများနှင့် မြေပြင်တွင် အဆင်မပြေမှုများကို တင်ပြ ညှိနှိုင်းဆွေးနွေး၍ အပြန်အလှန်နားလည်မှုတည်ဆောက်ရေးနှင့် နောက်အဆင့်များတွင်မည်သို့ ဖြေလျှော့၍ အဖြေရှာကြမည့် ကိစ္စရပ်များနှင့် တစ်နိုင်ငံလုံးပစ်ခတ်ရပ်စဲမှုနှင့် ပတ်သက်သည့် သဘောတူညီချက်ကိစ္စရပ်များကို မည်သို့ ဆက်သွားမည်ဆိုသည်ကို ဆွေးနွေးမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ တွေ့ဆုံဆွေးနွေးမှုသည် အထူးသဖြင့် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ချန်လှပ်၍ နောက်ရက်တွင် တပ်မတော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည့်အခါတွင် ဆွေးနွေးရန် ပြင်ဆင်ထားပါကြောင်း၊ ထို့ပြင် ပြည်နယ်အတွင်း ဆောင်ရွက်နေဆဲ တချို့လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များကိုလည်း ကိုယ်စားလှယ်များက တင်ပြဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အကောင်းဆုံးကို မျှော်လင့်၍ ဒီတစ်ကြိမ်တွင် တိုးတက်မှုတစ်စုံတစ်ရာ ရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ပြည်နယ်အဆင့် လစဉ်ညှိနှိုင်းအစည်းအဝေး ကျင်းပသည့်ကိစ္စရပ်များ၊ NCA လက်မှတ်ရေးထိုးရေးကိစ္စများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ အဖွဲ့ခေါင်းဆောင် ခူဦးရယ် က ယနေ့တွေ့ဆုံပွဲသည် အပြုသဘောဆောင်သည်ဟု မှတ်ယူ၍ရပါကြောင်း၊ (၇)နှစ်တာ တွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်နှင့် ပတ်သက်၍ လိုအပ်မှုများကို ပွင့်ပွင့်လင်းလင်းညှိနှိုင်းဆွေးနွေး အဖြေရှာရန် နှစ်ဖက်စလုံးက အားသန်နေကြသည်ကို တွေ့ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသောအချိန်တွင် နှစ်ဖက်သဘောတူညီချက်များကိုလည်း ဒီထက်ပိုမို ကောင်းမွန်သည့် အာမခံချက်ရှိသည့်ဘက်ကို ရောက်အောင် အဖြေရှာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ယနေ့ဆွေးနွေးမှုများအပေါ်တွင် ရလာသည့် နှစ်ဖက်ရလဒ်များသည် ကျေနပ်အားရသည်ဟု မိမိတို့ဘက်က ခံစားမိပါကြောင်း၊ ထို့ကြောင့် နောက်တစ်ကြိမ် ပြုလုပ်မည့် တွေ့ဆုံဆွေးနွေးမှုတွင် ဒီထက်ပိုမို ကောင်းမွန်ခိုင်မာသည့် ရလဒ်တစ်ခုကို ရနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**ပိုမိုတိုးတက်လာ**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယနေ့တွင် NRPC နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ အချိန်များစွာယူ၍ ကျေကျေလည်လည် ဆွေးနွေးနိုင်ခဲ့ကြပါကြောင်း၊ ယနေ့တွင် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၊ လေ့ကျင့်မွေးထုတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းနိုင်ခဲ့ပြီး မကြာမီတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်နယ်အစိုးရနှင့်လည်း လစဉ်ပုံမှန်အစည်းအဝေးပြုလုပ်သွားမည့် ကိစ္စရပ်များကိုလည်း ဆက်လက်အကောင် အထည်ဖော်သွားနိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးခရီးစဉ်တွင် ပိုမိုတိုးတက်လာသည့် ရလဒ်အဖြစ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

နောင်ဆွေးနွေးပွဲကိုလည်း ဧပြီလ မကုန်ခင်တွင် နှစ်ဖက်သဘောတူ၍ ထပ်မံဆွေးနွေးရန် သဘောတူထားပြီး ယခုဆွေးနွေးပွဲတွင်လည်း NCA လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ဆွေးနွေးကြမည် ဖြစ်ပါကြောင်း၊ လာမည့် မတ် ၂၁ ရက်တွင်လည်း လက်မှတ်မထိုးရသေးသည့် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်တွင်လည်း KNPP လည်းထပ်မံပါဝင်ပြီး ဆွေးနွေးကြမည်ဖြစ်သည့်အတွက် လက်မှတ်မထိုးရသေးသည့် အဖွဲ့များအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ဆွေးနွေးပွဲအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင်အထောက်အကူပြုအဖွဲ့ဝင် ဦးကျော်လင်းဦးနှင့် KNPP ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ နဲနယ်ပလိုး တို့က မီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ အဖွဲ့ဝင် ဦးအောင်စိုးနှင့် ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်တို့ တက်ရောက်ကြပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီဘက်မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ အဖွဲ့ခေါင်းဆောင် ခူဦးရယ်၊ အဖွဲ့ဝင်များဖြစ်ကြသည့် စောဘီထူး၊ ဦးဘုန်းနိုင်၊ ခူထဲဘူး၊ ခူဒယ်နီယာယ်၊ မန်းစောနှင့် ခူတော်ရယ် (အက်စ်) တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကလေးစာပေပွဲတော် (ပူတာအို) စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပ

**ပူတာအို မတ် ၁၈**

ကလေးစာပေပွဲတော် (ပူတာအို) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ဖုန်ကန်ရာဇီခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာဦးစီးဌာနနှင့် ကချင်ပြည်နယ်အစိုးရ၊ ပူတာအိုခရိုင် စီမံခန့်ခွဲမှုကော်မတီနှင့် အလှူရှင်တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် (ပူတာအို) ဖွင့်ပွဲ အခမ်းအနားကို ပူတာအိုမြို့ရှိ ဖုန်ကန်ရာဇီခန်းမရှေ့ မျက်နှာစာတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး၊ ကချင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးခန်လင်၊ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပူတာအိုခရိုင် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် ထူးချွန်ကျောင်းသား ကျောင်းသူ သုံးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူလေးများ၏ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့တို့က တီးမှုတ်ကပြကြသည်။

**အမှတ်တရဓာတ်ပုံရိုက်**

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဖုန်ကန်ရာဇီခန်းမအတွင်း၌ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကိုကျင်းပရာ ပူတာအိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကလေးစာပေပွဲတော် Theme Song" သီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**ရည်ရွယ်ချက်(၃)ရပ်ဖြင့် စီစဉ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံမြောက်ဖျားဒေသရှိ ပူတာအိုမြို့တွင် ကလေးစာပေပွဲတော် ကျင်းပနိုင်ရေးအတွက် အထူးတန်ဖိုးထားပြီး စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ကလေးစာပေပွဲတော် (ပူတာအို)ကို အလေးထားပြီး ပညာရေးဝန်ကြီးနှင့်အတူ ရောက်ရှိအောင် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များကို ရည်ရွယ်ချက်(၃)ရပ်ဖြင့် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ပထမအချက်မှာ ကလေးများ ပျော်ရွှင်စေရန်ဖြစ်ပြီး ကလေးဘဝမှစ၍ ပျော်ရွှင်မှုကို ရရှိစေလိုပါကြောင်း၊ ကလေးများ ရေရှည်ပျော်ရွှင်မှုကို ရရှိစေရန်အတွက် စာပေနှင့်တွဲဖက်ပေးခြင်းဖြစ်ပါကြောင်း၊ ကလေးဘဝမှစ၍ စာပေတွင်အာရုံညှိပြီး စဉ်ဆက်မပြတ် စာပေဝါသနာပါကာ ရာသက်ပန် တန်ဖိုးရှိစေလိုပါကြောင်း၊ ဒုတိယရည်ရွယ်ချက်မှာ ကလေးများ စာအုပ်စာပေတွင် စိတ်ဝင်စားမှုဖြင့် ပျော်ရွှင်လာစေရန် ဖြစ်ပါကြောင်း၊ တတိယရည်ရွယ်ချက်မှာ ကလေးများ အများနှင့်စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထနှင့် ပူးပေါင်းပါဝင်လိုစိတ်များရရှိစေရန် ဖြစ်ပါကြောင်း။

ကလေးစာပေပွဲတော်သို့ တက်ရောက်လာကြသည့် ကလေးများ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပွဲတော်တွင် ထည့်သွင်းထားသော ကဏ္ဍများအလိုက် ကိုယ်တိုင်ပါဝင်ဆင်နွှဲစေလိုပါကြောင်း၊ ပွဲတော်တွင် ပါဝင်ဆင်နွှဲမှုမှတစ်ဆင့် ပွဲတိုးသည့် အတွေ့အကြုံများရရှိပြီး ရဲဝံ့လာမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် လူတော်လူကောင်းများဖြစ်အောင် မြေတောင်မြှောက်ပေးခြင်း ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းဆောင်ရွက်ကြစေလို**

ကလေးစာပေ ပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များဖြင့် စတင်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ရာမှ ယခုအခါ ဝန်ကြီးဌာနများစွာမှ ပူးပေါင်းပါဝင်လာပါကြောင်း၊ အထူးသဖြင့် ဌာနဆိုင်ရာပြခန်းများ တိုးတက်ပါဝင်လာခြင်းဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော် (ပူတာအို)တွင် ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၄၂၆၃ အုပ်ကို ခင်းကျင်းပြသထားပါကြောင်း၊ ပူတာအိုဒေသသို့ ခက်ခဲစွာရောက်ရှိလာသော ၎င်းစာအုပ်များကို ပြန်လည်သယ်ဆောင်ခြင်းမပြုဘဲ ပူတာအိုခရိုင်အတွင်းရှိ ပြည်သူများ ဖတ်ရှုနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အလှူရှင်တို့က ကျခံလှူဒါန်းပြီးဖြစ်ပါကြောင်း၊ ၎င်းစာအုပ်များကို ပူတာအိုခရိုင်အတွင်းရှိ ပြည်သူများ ငှားရမ်းဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပွဲတော်လာ ပရိသတ်များအနေဖြင့် ၎င်းစာအုပ်များကို ကြည့်ရှုရုံမျှသာမကဘဲ ငှားရမ်းဖတ်ရှုနိုင်အောင် ရွေးချယ်မှတ်သားပြီး အနည်းဆုံး စာအုပ်တစ်အုပ်နှုန်းဖြင့် ဖတ်ဖြစ်အောင် ဖတ်ရှုစေလိုပါကြောင်း၊ "စာဖတ်သည့် လူမျိုးတိုင်း၊ နိုင်ငံတိုင်း အောင်မြင် တိုးတက်ကြီးပွားကြသည်" ဆိုသကဲ့သို့ စာပေဖတ်ရှုကြရန် တိုက်တွန်းပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**စာဖတ်တတ်ရန် အရေးကြီး**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကလေးများ ယခုကဲ့သို့ စာပေပွဲတော်တွင် လာရောက်ပြီး စာဖတ်ပြိုင်ပွဲတွေ၊ ပန်းချီပြိုင်ပွဲတွေ၊ ပုံပြောပြိုင်ပွဲတွေ၊ စာအုပ်ဈေးရောင်းပွဲတော်တွေ စသည်ဖြင့် ပါဝင်ဆင်နွှဲကြတယ်။ အရုပ်တွေ ဆက်ကြတယ်။ အားကစားပွဲများတွင် ပါဝင်ကြတယ်။ ကပွဲများတွင် ပါဝင်ကြတယ်။ ယင်းမှာ အရေးကြီးပါကြောင်း၊ ကလေးများ စာဖတ်တတ်ရန် ပညာရေးဝန်ကြီးဌာနက အဓိက တာဝန်ရှိပါကြောင်း၊ ဒီလိုလာရောက်ပြသသည့် စာအုပ်များကို ဖတ်နိုင်ရန်၊ ပျော်ရွှင်နိုင်ရန်အတွက် စာဖတ်တတ်ရန်၊ ကျောင်းနေနိုင်ရန် အလွန်အရေးကြီးပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အခြေခံမူဝါဒသည် မည်သည့်ခွဲခြားမှုမှမရှိဘဲ ပြည်သူတစ်ဦးတစ်ယောက်ကိုမျှ မချန်ထားဘဲ ကျောင်းထွက်သူလုံးဝမရှိဘဲ ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာ သင်ယူပြီးမြောက်ရန် အင်မတန် အရေးကြီးပါကြောင်း၊ ဒီလိုဒေသမျိုးအနေဖြင့် ဦးစားပေး ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ အခုလို ဒေသမျိုးတွင် ဆရာ ဆရာမများက သွားရေးလာရေး ခက်ခဲသော်လည်း ကလေးများကို စာတတ်အောင် သင်ကြားပေးနေပါကြောင်း၊ မူလတန်း ကျောင်းသား ကျောင်းသူအားလုံး မူလတန်းပညာ သင်ယူပြီးမြောက်စေရေး ဖြစ်ပါကြောင်း၊ ထို့ပြင် တတိယတန်းပြီးသော ကျောင်းသား ကျောင်းသူတိုင်းသည် စာဖတ်တတ်ရန် အရေးကြီးပါကြောင်း၊ စာဖတ်တတ်ပြီး ဖတ်ပြီးလျှင် အကျိုးအကြောင်း အကောင်းအဆိုးကို ဆွေးနွေးပြောကြားနိုင်စွမ်းရှိသော ဖတ်တတ်ခြင်းမျိုးကို ပြောခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စာပေများ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်းက ကချင်ပြည်နယ်နှင့် ပူတာအိုမြို့တွင် ကလေးစာပေပွဲတော်ကျင်းပနိုင်ရန် စီစဉ်ပေးမှုအတွက် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

**ကပြဖျော်ဖြေ**

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား အစီအစဉ်ကိုကျင်းပရာ အ.ထ.က (ပူတာအို)မှ ကျောင်းသား၊ ကျောင်းသူများက "သွေးချင်းများပီပီ" သီချင်းဖြင့်လည်းကောင်း၊ အ.ထ.က ( ဒုတ္တန်)မှ ကျောင်းသား ကျောင်းသူများက "မနောမြေမှ တေးသံသာ" သီချင်းဖြင့် လည်းကောင်း၊ အ.ထ.က (လေယာဉ်ကွင်း)မှ ကျောင်းသား ကျောင်းသူများက "သွေးချင်းတို့ဌာနေ မြန်မာပြည်"သီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကလေးစာပေပွဲတော်သို့ တက်ရောက်လာကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ အ.ထ.က (ပူတာအို)တွင် ကျင်းပလျက်ရှိသည့် ကဗျာရွတ်၊ ပုံပြင်ပြော၊ ကျပန်းစကားပြော၊ စက္ကူခေါက်၊ ဆေးရောင်ခြယ်နှင့် ပန်းချီပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ရဝမ်၊ လီဆူ၊ ဂျိမ်းဖော နှင့် တိုင်းခမ်းတီရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြခန်းများအား လည်းကောင်း၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးပညာပေး ပြခန်းအား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မူးယစ်၊ လူကုန်ကူး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းအား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ပြခန်းများအား လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ စားသုံးသူရေးရာဦးစီးဌာနပြခန်းများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးပေးခန်းတို့အား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းရင်းသားရိုးရာ ဒေသထွက်ကုန် အရောင်းဆိုင်များနှင့် စာအုပ်အရောင်းဆိုင်များအား လည်းကောင်း၊ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ ကျင်းပမှုများအား လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

**စည်ကားသိုက်မြိုက်လျက်ရှိ**

ကလေးစာပေပွဲတော် (ပူတာအို) ကို မတ် ၁၉ ရက်အထိ ပူတာအိုမြို့ရှိ ဖုန်ကန်ရာဇီခန်းမနှင့် အ.ထ.က(ပူတာအို) တို့တွင် ကျင်းပလျက်ရှိရာ ပူတာအိုဒေသရှိ ရဝမ်၊ လီဆူ၊ ဂျိမ်းဖော၊ ရှမ်းတိုင်းရင်းသား ကလေးငယ်များကလည်း တိုင်းရင်းသား ဘာသာစကားများဖြင့် ပုံပြင်ပြောနှင့် ကဗျာရွတ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်မှုနှင့် အတူ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး တို့ဖြင့်လည်း ပါဝင်ဖျော်ဖြေလျက်ရှိသဖြင့် ဒေသခံပြည်သူများမှ ပျော်ရွှင်ဝမ်းမြောက်မှုနှင့်အတူ ပွဲတော်မှာ စည်ကားသိုက်မြိုက်လျက်ရှိနေကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ဓာတ်ပုံ - လင်းဟန်ဇေ**



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဒေါက်တာ မျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော် (ပူတာအို) ၌ တိုင်းရင်းသားကလေးငယ်များ ကဗျာရွတ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးစဉ်။



ကလေးစာပေပွဲတော် (ပူတာအို) ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားအကများဖြင့် ကပြဖျော်ဖြေစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ကရင်ပြည်နယ် ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ

**ဘားအံ မတ် ၁၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ကရင်ပြည်နယ် ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ယနေ့ ညပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူ လူထုအတွက် ခေတ်အဆက်ဆက် နိုင်ငံရေးစနစ်များကြားတွင် အုပ်ချုပ်ရေးယန္တရား ခိုင်ခိုင်မာမာဖြစ်ရန် ကြိုးပမ်းဆောင်ရွက် ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပြည်သူလူထုလိုလားသည့် နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲနိုင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ ပြုပြင် ပြောင်းလဲမှုများကို သိသာမြင်သာစွာဖြင့် ပြည်သူများ မြင်တွေ့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါကောင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ပါဝင်သည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ နေပြည်တော်တွင် ကျင်းပပါကြောင်း၊ ၎င်းအလုပ်ရုံဆွေးနွေးပွဲမှာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီမှ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများအားလုံးအပြင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝါရင့်ဝန်ထမ်းဟောင်းများလည်း တက်ရောက်ခဲ့ပါ ကြောင်း၊ ဒီဆွေးနွေးပွဲမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဌာနဝန်ထမ်းများ အခြေခံပြီး ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးပွဲလည်း ဖြစ်ပါကြောင်း။

**ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပေါ်ထွက်လာ**

၎င်းအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးချက်များအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက် များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပေါ်ထွက်လာခဲ့ပါ ကြောင်း၊ ပေါ်ထွက်လာသည့် Vision က "ပြည်သူကို ဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေး" ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ထမ်းများ ရွေးချယ်အဆိုပြုလိုက်သည့်ဌာန၏ မျှော်မှန်းချက်လည်း ဖြစ်ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ Mission များက "တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ပြည်သူ ဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး" တို့ ဖြစ်ပါကြောင်း။

ဒီရည်မှန်းချက်တာဝန် Mission များမှာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စဉ်းစားသုံးသပ်ပြီး ရွေးချယ်အဆိုပြုထားခြင်းဖြစ်သည့်အတွက် ဒီတာဝန်များကို အလေးအနက်ထားပြီး ကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ် ပါကြောင်း။

ထို့အပြင် ၎င်းဆွေးနွေးပွဲကနေ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် (၃)ရပ်ကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ၎င်းတို့မှာ-

(၁) မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊
(၂) စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊
(၃) ဒေသဖွံ့ဖြိုးရေးနှင့် လုပ်နည်းစနစ်ကောင်းများ တည်ဆောက်ရေးတို့ ဖြစ်ပါကြောင်း။

လုပ်ငန်းစဉ် (၁)ဖြစ်သည့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲ ရေးမှာ ပြဋ္ဌာန်းသတ်မှတ်ချက်များကို ပြန်လည်သုံးသပ်ပြုပြင် ပြောင်းလဲရေးဆွဲရန်၊ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေရန် ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရမည့်အပိုင်းများ၊ ဖြေလျှော့ပေးရမည့်အပိုင်းများ၊ ခွဲခြားပြီး ဦးစားပေးအဆင့် အလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ပြန်လည်အဆင့်မြှင့်တင်**

လုပ်ငန်းစဉ်(၂) ဖြစ်သည့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင် ပြောင်းလဲရေးမှာ အဓိကကျသည့် အထွေထွေအုပ်ချုပ်ရေး သင်တန်းကျောင်းကို သင်ကြားမှုစနစ်၊ သင်ခန်းစာ သင်ရိုးများ အပြင် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များပါ ပြန်လည်အဆင့်မြှင့်တင် ပေးရန်၊ နိုင်ငံတကာအဆင့်မီ သင်တန်းကျောင်းများနှင့် ချိတ်ဆက်ပြီး အုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းအဆင့်ဆင့် လက်ကိုင်ထားရမည့် လုပ်ငန်း လက်စွဲ (Manual) များ၊ စောင့်ထိန်းရမည့်ကျင့်ဝတ် (Code of Conduct) များကို ပြန်လည်သုံးသပ်ရေးဆွဲရန်၊ ဝန်ထမ်း များ၏ စွမ်းရည်မြှင့်တင်ရေး၊ လူထုဆက်ဆံရေးများအပြင် e-Government စနစ်ကို ဦးတည်နိုင်မည့်၊ အထောက်အကူ ပေးနိုင်မည့် Data management စနစ်ကို ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် လုပ်ငန်းကဏ္ဍအလိုက် ဦးစားပေးသတ်မှတ်ပြီး စနစ်တကျဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လုပ်ငန်းစဉ် (၃)ဖြစ်သည့် ဒေသဖွံ့ဖြိုးရေးနှင့် လုပ်နည်းစနစ် ကောင်းများ တည်ဆောက်ရေးတွင် ဒေသဖွံ့ဖြိုးရေးကို သိသိသာသာဖော်ဆောင်နိုင်ရန်အတွက် လုပ်နည်းစနစ်ကောင်း များ ဖော်ထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဒီအတွက် "One State- One Township" ပြည်နယ်တစ်ခု - မြို့နယ် တစ်ခု စီမံချက်ဆိုပြီး ဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုစီကို ချမှတ်ကာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ကြီးကြပ်မှု၊ စီမံခန့်ခွဲမှု အောက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအနေနှင့် ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း။

**စနစ်တကျဝိုင်းဝန်းအကောင်အထည်ဖော်**

မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများကိုယ်တိုင် ဖော်ထုတ်ထားသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ Vision, Mission များနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် များကို မိမိတို့ဝန်ထမ်းအားလုံး စနစ်တကျဝိုင်းဝန်းအကောင် အထည်ဖော်ဆောင်ရွက်ပေးကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါကြောင်း။

ယခုအချိန်တွင် ပြုပြင်ပြောင်းလဲမှုများကို စံနမူနာပြု ဆောင်ရွက်ပေးနိုင်ရန် ပြည်သူကို မျက်နှာမူသည့် အုပ်ချုပ်ရေး မဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွား ကြရမည်ဖြစ်သည့်အတွက် အဓိကအချက် (၃) ချက်ကို အလေးထားဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

နံပါတ် (၁) ပြည်သူများပါဝင်မှုကို မြှင့်တင်ပေးသည့် အထွေထွေအုပ်ချုပ်ရေး ဖြစ်ပေါ်လာစေရန် ပြည်သူနှင့်တွေ့ဆုံပါ။ ပြည်သူနှင့်တိုင်ပင်ပါ။ ပြည်သူဆီက အကြံဉာဏ်ယူပါ။ ပြည်သူ အတွက် အမြဲအသင့်ရှိနေအောင် ကြိုးစားပါ။ ပြည်သူများနှင့် တစ်သားတည်းရပ်တည်ဆောင်ရွက်တတ်သည့် အုပ်ချုပ်ရေး ယန္တရားဖြစ်အောင် ကြိုးပမ်းပေးကြပါဟု ပြောကြားလိုကြောင်း။

နံပါတ်(၂) ကိုယ်ကျိုးစီးပွားနှင့် အဂတိတရားကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်ပေးကြပါ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဂရုတစိုက် ဆောင်ရွက် ပေးကြရန်၊ လာဘ်ပေးလာဘ်ယူကင်းစင်ပြီး သန့်ရှင်းသည့် အုပ်ချုပ်ရေးယန္တရားဖြစ်အောင် ဦးတည်ကြိုးပမ်းရာမှာ မိမိတို့ အနေနှင့် အဂတိလိုက်စားမှုများကို ပြင်းပြင်းထန်ထန်အရေးယူ သွားမည်ကိုလည်း သတိပေးလိုပါကြောင်း။

**ရဲရဲတင်းတင်းပြုပြင်**

နံပါတ် (၃) ပြုပြင်မှ ပြောင်းလဲမည်ဆိုသည်ကို သိထားပြီး ဖြစ်သည့်အတွက် အပြောင်းအလဲများကိုရှေ့ရှုပြီး ပြုပြင်သင့် သည်များကို ရဲရဲတင်းတင်းပြုပြင်ကြပါရန်၊ မည်သည့်ကဏ္ဍတွင် မဆို ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ တစ်ဦးချင်း၊ တစ်ယောက်ချင်း ရဲ့စိတ်ဓာတ်၊ ယုံကြည်ချက်၊ ခံယူချက်များမှ စတင်သည့်အတွက် ပြုပြင်ပြောင်းလဲလိုစိတ် ခိုင်ခိုင်မာမာမွေးမြူကြရန် ဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာ ဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဝန်ထမ်းများကို မှာကြားချင်တာကတော့ လုပ်နေကျအလုပ်များကို ပိုမိုကောင်းမွန်အောင်၊ ပိုမိုထိရောက် အောင် သတိပြုပြီး ဆောင်ရွက်ကြရန်၊ ချမှတ်ပေးလိုက်သည့် မူဝါဒများကို စိတ်ဝင်တစား လေ့လာသုံးသပ်ပြီး မိမိအလုပ်ခွင်က လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲနိုင်အောင် ကြိုးစားကြရန်၊ အခြေခံအကျဆုံး ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ယဉ်ကျေးစွာ ဆက်ဆံနိုင်အောင် အားထုတ်ကြရန်၊ ပြည်သူများအတွက် တာဝန်ထမ်းဆောင်နေရသည်ကို နှလုံးသွင်းပြီး ကြိုးစားကြရန်၊ "ပြုပြင်ပြောင်းလဲရေးအစ ထွေ/အုပ်က" ဆိုသည်ကို အမှန် တကယ် လက်တွေ့မြင်တွေ့နိုင်ရန် တက်ညီလက်ညီနှင့် ဝိုင်းဝန်း ကြိုးပမ်းအားထုတ်ပေးကြရန် အလေးအနက်ထား တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ခရိုင်နှင့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ရန် မှာကြား သည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ကရင်ပြည်နယ် ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၁၈**

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် ဒိန်းမတ်နိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး Mr. Henrik Lange နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာများ လေ့လာသုတေသနပြုခြင်း၊ ဥပဒေရေးဆွဲရေး၊ ဥပဒေအရာရှိကျင့်ဝတ်နှင့် မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများ ကျင့်သုံးဆောင်ရွက်ရေး၊ မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထား သည့် လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အကောင်အထည်ဖော်ရေးတို့နှင့် သက်ဆိုင်သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ဒိန်းမတ်နိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး Mr. Henrik Lange နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်း ကျင်းပမည်

**ရန်ကုန် မတ် ၁၈**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးဘွဲ့စာပေးစာယူသင်တန်းသား ဆရာ၊ ဆရာမများ ကိုယ်တိုင် တက်ရောက်သင်ယူရမည့် ဧပြီ၊ မေ သင်တန်းကာလနှင့် စာမေးပွဲကျင်းပမည့် အစီအစဉ်ကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ကျင်းပမည်ဖြစ်သည်။

သင်တန်းအမှတ်စဉ်(၃၇)ပထမနှစ်နှင့် အမှတ်စဉ်(၃၆) ဒုတိယနှစ်သင်တန်း၏ ဧပြီ၊ မေ သင်တန်းကာလမှာ ၁၉-၄-၂၀၁၉ မှ ၃-၅-၂၀၁၉ ထိဖြစ်ပြီး စာမေးပွဲ ကျင်းပမည့်ကာလမှာ ၆-၅-၂၀၁၉ မှ ၁၀-၅-၂၀၁၉ ထိဖြစ်ကာ သတင်းပို့ရမည့်ရက် မှာ ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ကလေးစာပေပွဲတော်(ပဲခူး) စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မတ် ၁၈**

ကလေးစာပေပွဲတော်(ပဲခူး) စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးစာပေပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည့်လုပ်ငန်းများ အချိန်မီပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပွဲတော်တွင် လိုအပ်သည့်လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းများအဆင်ပြေစေရေး လာရောက်ညှိနှိုင်းပေးခြင်းဖြစ်ပါကြောင်း၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းများခွဲခြားသတ်မှတ်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ရောထွေးမှုရှိပါက နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ပဲခူးမြို့သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အတွက် ယခင်ပွဲတော်များထက် ပိုမိုစည်ကားအောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခင်ပွဲတော်များတွင် မပါဝင်သည့် အစီအစဉ်များ ပါဝင်လာမည်ဖြစ်သဖြင့် ဖြည့်ဆည်းပေးရမည့် လုပ်ငန်းများလည်း ကြီးမားပါကြောင်း၊ ဆပ်ကော်မတီများ၏ ဆောင်ရွက်ထားရှိမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက ကလေးစာပေပွဲတော်(ပဲခူး) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးအစိုးရအနေဖြင့် လုပ်ငန်းများအား ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ကလေးစာပေပွဲတော်(ပဲခူး) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးပြီး ဆပ်ကော်မတီအသီးသီးက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပေးခဲ့သည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကလေးစာပေပွဲတော်(ပဲခူး) စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးအပြီးတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလေးစာပေပွဲတော် ကျင်းပပြုလုပ်မည့် ပဲခူးတက္ကသိုလ်အတွင်း နေရာချထားမည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကလေးစာပေပွဲတော်(ပဲခူး)ကို ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် စာအုပ်စာပေပြပွဲနှင့် စာအုပ်အရောင်းပြခန်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ စာပေဟောပြောပွဲနှင့် စာပေစကားဝိုင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ တိုင်းရင်းသားကဗျာရွတ်ဆိုပွဲနှင့် ပုံပြင်ပြောပွဲများ၊ အုပ်စုလိုက် ယှဉ်ပြိုင်ကစားရသည့် Team Building ပြိုင်ပွဲများ၊ ထုပ်ဆီးတိုးပြိုင်ပွဲ စသည့် အားကစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ပေါ်ဒေသက ကလေးတွေကို ဂရုစိုက်ပြီး စာပေပွဲတော် လာရောက်ကျင်းပပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်

**မခိုင်စန္ဒာစိုး**

**ကလေးစာပေပွဲတော်(ပူတာအို) သို့ လာရောက်နွှဲပျော်ကြသူအချို့၏ စကားသံများကို ပြန်လည်တင်ပြလိုက်ပါသည်-**

**ဦးလခရန်အောင်ခမ်း(အတွင်းရေးမှူး)၊**
**ဂျိန်းဖော့စာပေနှင့်ယဉ်ကျေးမှု(ပူတာအိုမြို့)**

ကျွန်တော်တို့ ပူတာအိုမှာ ပထမဆုံးအကြိမ် လာလုပ်တဲ့ ကလေးစာပေပွဲမှာ ဒီလိုပြသရတဲ့ ရည်ရွယ်ချက်က အခုလူငယ်အတော်များများက ကိုယ့်စာပေယဉ်ကျေးမှုကို ချစ်မြတ်နိုးမှု အားနည်းလာတဲ့အတွက် အဓိကက ဒီလူငယ်တွေ အသိအမြင်လေးတွေ ရှိလာအောင်၊ လေ့လာချင်စိတ်လေးတွေ များလာအောင် ရည်ရွယ်ပါတယ်။ ဒီလိုပွဲမျိုး အရင်ကမရှိခဲ့ဘူး။ အခုလို ဒီလိုပွဲတွေ လာလုပ်ပေးတော့ ကလေးတွေအတွက်ရော လူငယ်အတွက်ပါ အကျိုးအများကြီးရှိပါတယ်။ မသိတော့ ဒီက လူငယ်အတော်များများက ရုံးသွားရမှာတောင် ကြောက်ကြတယ်။ ဒီလိုပွဲတွေ များများလုပ်ပေးနိုင်ရင် ဒီက လူငယ်တွေ အသိအမြင်တွေတိုးတက်လာပြီး ပညာရှိရှိ၊ လုပ်ရဲကိုင်ရဲရှိပြီး ကိုယ့် ဒေသကို တိုးတက်ဖွံ့ဖြိုးစေချင်တဲ့ စိတ်ဓာတ်တွေ များလာတာပေါ့။ မြေပြန့် တောင်တန်း ဒေသဆို ပညာရေးမှာ ကွာဟမှုတွေမရှိနိုင်ဘဲ နိုင်ငံကို အကျိုးဆောင်ပေးနိုင်မယ့် လူငယ်တွေ ထွက်လာဖို့ မျှော်လင့်သလို ဖြစ်လာလိမ့်မယ်လို့ထင်ပါတယ်။ ပူတာအို ဒေသမှာ အလွန်လိုအပ်နေတဲ့ ဝန်ထမ်းအင်အားတွေလည်း များလာမယ်။

**ဒေါ်အိအိဖြိုး(အလယ်တန်းပြ)၊ အထက(ပူတာအို)**

ကလေးတွေက ခါတိုင်းနဲ့ မတူဘူးပေါ့။ ကလေးစာပေလို့ ပြောလိုက်ကတည်းက သုံးနှစ်ကျော်ပဲရှိသေးတဲ့ ကျွန်မရဲ့သမီးက သူတို့နဲ့သက်ဆိုင်တယ်ပေါ့နော်။ မနက်အစောကြီးကတည်းက လာချင်နေတာ။ အခန်းတွေထဲ လိုက်ကြည့်တယ်။ အခန်းတိုင်းကို သူ့အသက်အရွယ်နဲ့ကိုက်ညီမယ့် သူမမြင်ဖူးသေးတဲ့အရာကို မြင်တွေ့ရတော့ ကောင်းပါတယ်။ ကလေးတွေအတွက် အများကြီး အကျိုးကျေးဇူးရှိပါတယ်။ မမြင်ဖူးတာလေးတွေ မြင်တွေ့ရတဲ့အကြောင်းမို့ ဗဟုသုတလေးတွေ ကောင်းပါတယ်။ ကလေးတွေအတွက် အများကြီးအကျိုးကျေးဇူးရှိပါတယ်။ ကိုယ်နဲ့လက်လှမ်းမီသလောက် ပြောရမယ်ဆိုရင် ပြည့်စုံပါတယ်။



ဦးလခရန်အောင်ခမ်း



ဒေါ်အိအိဖြိုး



ဦးဒိန်ခန်ဒါဝိ



မခိုင်စန္ဒာစိုး

**ဦးဒိန်ခန်ဒါဝိ(ဥက္ကဋ္ဌ)၊ ရဝမ်စာပေနှင့်ယဉ်ကျေးမှု၊ ပူတာအိုမြို့**

ပူတာအိုတစ်ခုလုံးမှာရှိတဲ့ ထက်၊ လယ်၊ မူကျောင်းက ကလေးတွေဟာ ဒီမှာလာပြီး စုဝေးကြတဲ့အချိန်မှာ ကိုယ့်ဒေသမှာရှိတဲ့ တိုင်းရင်းသားရိုးရာပစ္စည်းတွေ၊ ဓလေ့ထုံးတမ်းစဉ်လာတွေနဲ့ ပတ်သက်ပြီးမှ ဗဟုသုတရပါစေ၊ တစ်နည်းတစ်ဖုံ သူတို့အတွက် အကျိုးပြုပါစေဆိုပြီး ကလေးစာပေပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် လာရောက်ပြသခြင်းဖြစ်ပါတယ်။

ပထမဆုံးအကြိမ်ဆိုတော့ အောင်မြင်မှုကို ချက်ချင်းပြောလို့မရပါဘူး၊ စာအုပ်စာပေနဲ့ ပတ်သက်ရင် အောင်မြင်မှုက ဖြည်းဖြည်းမှရတာဖြစ်ပါတယ်။ သို့သော် ဒေသမှာ တစ်ခါမှမရှိဖူးသေးတဲ့ ကလေးစာပေပွဲတော်ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။ အစိုးရက အပင်ပန်းခံ၊ ငွေကုန်ခံ၊ အချိန်ကုန်ခံပြီးတော့ လုပ်ပေးတဲ့နေရာမှာ ကျွန်တော်တို့ကလည်း တစ်ထောင့်တစ်နေရာကနေ ပါဝင်တယ်။ အဲဒီကျေးဇူးကို ဒီကလေးတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ပြန်လည်စဉ်းစားဆင်ခြင်မှ သူတို့လူကြီးဖြစ်လာရင် ဒီထက်ကောင်းတဲ့အရာတွေ လုပ်ဖို့ ၃၀ ရာခိုင်နှုန်းလောက်က ကလေးတွေရဲ့ဦးနှောက်ထဲဝင်သွားမှာပဲ။ အဲဒီ ၃၀ ရာခိုင်နှုန်းနဲ့ ဆက်လုပ်မယ်ဆိုရင် ဒီထက်မက ကြီးကျယ်တဲ့ပွဲတော်ကြီးတွေ တစ်ချိန်ချိန် ဖြစ်လာနိုင်တယ်။ နောက်လာကြည့်တဲ့ တချို့လူတွေကလည်း ကလေးတွေဆိုတော့ မမြင်ဖူးဘူး၊ ကိုယ့်ရဲ့ ရိုးရာပစ္စည်း ဘာမှန်းတောင်မသိတဲ့လူတောင်မှ ဒီအခန်းထဲမှာရှိတဲ့ လူကြီးတွေက ပြောလိုက်၊ ဆရာမတွေကပြောလိုက်နဲ့ ဗဟုသုတရသွားတာကို ကိုယ်တိုင်တွေ့မြင်ရလို့ တော်တော်လေးဝမ်းသာမိတယ်။

**မခိုင်စန္ဒာစိုး(ကျောင်းသူ)၊ သတ္တမတန်း၊ အထက(ပူတာအို)**

ကလေးစာပေပွဲတော်မှာ သမီး အလွန်ကိုပျော်ပါတယ်ရှင့်။ အခုလို တောင်ပေါ်ဒေသမှာ ကလေးစာပေပွဲတော်ကြီးကို သမီးတို့အတွက် ခမ်းခမ်းနားနားကြီး ကျင်းပပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ သမီးဆိုရင် ရန်ကုန်၊ မန္တလေး မပြောနဲ့၊ မြစ်ကြီးနားတောင် မရောက်ဖူးပါဘူး။ ဒါပေမယ့် တကယ့်မြို့ကြီးအတိုင်း လာပြီး ကျင်းပပေးတဲ့အတွက် အလွန်ပဲ ကျေးဇူးတင်ပါတယ်ရှင့်။

ဖွင့်ပွဲမှာ လူကြီးတွေ ဖဲကြိုးဖြတ်ပြီးတာနဲ့ သမီးနဲ့ သူငယ်ချင်းတွေက စာပေပွဲတော်သီချင်းနဲ့ ကပြဖျော်ဖြေပါတယ်။ ပြီးတော့ ကျပန်းစကားပြောပြိုင်ပွဲဆီ အမြန်ပြေးပြီး ပြိုင်ပါတယ်။ ပထမရလို့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်ရှင့်။ အခုလို သမီးတို့ငယ်ငယ်တုန်းကရခဲ့တဲ့ အတွေ့အကြုံဆိုတာ ဘာနဲ့မှ လဲလို့မရပါဘူး။ ဒါကြောင့် သမီးတို့ တောင်ပေါ်ဒေသက ကလေးတွေကို ဂရုစိုက်ပြီး လာရောက်ကျင်းပပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ကြောင်း ပြောချင်ပါတယ်ရှင့်။



ကလေးစာပေပွဲတော်(ပူတာအို)တွင် ခင်းကျင်းပြသထားသည့် စာအုပ်အရောင်းဆိုင်များ၌ စာအုပ်ဝယ်ယူသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်စိုးနိုင်(ရွှေကူ)၊ သန်းလွင်ဦး(မိုးကောင်း)**

# သီတဂူဆရာတော် (၈၂)နှစ်ပြည့် မွေးနေ့မင်္ဂလာ (အကြို) ကျင်းပ

**နေပြည်တော် မတ် ၁၈**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ၁၃၈၀ ခုနှစ် တပေါင်းလပြည့်နေ့ (မတ် ၂၀ ရက်)တွင် ကျရောက်မည့် သက်တော် ၈၂ နှစ်ပြည့် ဝိဇာတပူဇာမွေးနေ့မင်္ဂလာ (အကြို)ကို ယနေ့တွင် ပထမနေ့ အလှူတော်အဖြစ် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ သီတဂူဆရာတော်၏ (သက်တော်-၈၂ နှစ်)ပြည့် ဝိဇာတပူဇာ မွေးနေ့မင်္ဂလာ(အကြို) အလှူတော်တွင် စစ်ကိုင်းတောင်မှ သီလရှင်အပါး ၁၀၀၀ တို့အား ဆွမ်းစသော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို လောင်းလှူခဲ့ကြောင်း သိရသည်။ **မောင်လူမော်**

**ဓာတ်ပုံ-သီတဂူအောင်သန်းဝင်း**



သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ (၈၂)နှစ်ပြည့် မွေးနေ့မင်္ဂလာ(အကြို)အဖြစ် သီလရှင်များအား ဆွမ်းလောင်းလှူပွဲ ကျင်းပစဉ်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၁၈**

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ ကျောက်စိမ်း အတွဲ စုစုပေါင်း ၉၀၉ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည်။ ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ အမှတ် ၃၆၀၁ မှ ၄၈၀၀ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ ကျောက်စိမ်း အတွဲ ၉၀၉ တွဲကို ယူရိုငွေ ၄၆ ဒသမ ၇၃၅ သန်းဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

ပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရတနာပြပွဲသို့ အကြိမ် ၂၀ နှင့်အထက် ဆက်တိုက် တက်ရောက်ခဲ့သော ရတနာကုန်သည်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ထို့အတူ ယမန်နေ့က ကျောက်စိမ်း အတွဲအမှတ် ၁ မှ ၁၂၀၀ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၁၀၅၀ တွဲကို ယူရိုငွေ ၄၆ ဒသမ ၅၀၅ သန်း၊ ကျောက်စိမ်းအတွဲ အမှတ် ၁၂၀၁ မှ ၂၄၀၀ အထိ တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၈၅၈ တွဲကို ယူရိုငွေ ၇၈ ဒသမ ၈၂၅ သန်း၊ ကျောက်စိမ်းအတွဲအမှတ် ၂၄၀၁ မှ ၃၆၀၀ အထိ တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၇၈၃ တွဲကို ယူရိုငွေ ၁၀၁ ဒသမ ၄၇၂ သန်းဖြင့် ရောင်းချခဲ့ပြီး ယနေ့အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၃၆၀၀ တွဲကို ရောင်းချရမှုမှ ယူရိုငွေ ၂၇၃ ဒသမ ၅၃၇ သန်းရရှိကြောင်း သိရသည်။ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၂၀ အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မတ် ၁၉ ရက်တွင် ကျောက်စိမ်း အတွဲအမှတ် ၄၈၀၁ မှ ၆၀၀၀ အထိ၊ မတ် ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၆၀၀၁ မှ ၆၉၇၃ အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲသို့ တရုတ်၊ ထိုင်း၊ ဩစတြေးလျ၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့မှ ပြည်ပရတနာကုန်သည် စုစုပေါင်း ၂၉၁၂ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၆၄၉ ဦး စုစုပေါင်း ရတနာကုန်သည် ၄၅၆၁ ဦး တက်ရောက်ရန် မှတ်ပုံတင်ထားပြီး ယနေ့ပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည် အများအပြား တက်ရောက်ကြသည်။

**သတင်း-မွေးကြူဇင်**

**ဓာတ်ပုံ-ကျော်ရဲဆွေ**



ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရတနာပြပွဲများသို့ အကြိမ်(၄၀) ဆက်တိုက် တက်ရောက်ခဲ့သည့် ရတနာကုန်သည်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဝယ်ယူရန် ကြည့်ရှုနေကြစဉ်။

# ကမ္ဘာ့ကဗျာနေ့ အထိမ်းအမှတ် ကဗျာစာအုပ် မိတ်ဆက်ပွဲနှင့် ကဗျာရွတ်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၁၈**

ကမ္ဘာ့ကဗျာနေ့အထိမ်းအမှတ် ကဗျာစာအုပ် မိတ်ဆက်ပွဲနှင့် ကဗျာရွတ်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အင်းလျားကန်ပေါင်(တံတားဖြူ)၌ မတ် ၂၁ ရက် ညနေ ၄ နာရီမှ ည ၇ နာရီအထိ တနင်္ဂနွေကဗျာဝိုင်းမှ စီစဉ်ကျင်းပသွားမည်ဖြစ်ပြီး ကဗျာချစ်မြတ်နိုးသူများအနေဖြင့် မည်သူမဆိုလာရောက်နိုင်ကြောင်း သိရသည်။

**ဟန်လင်းနိုင်**

# မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရိုးရာယဉ်ကျေးမှုများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် မတ် ၁၈**

ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရိုးရာယဉ်ကျေးမှုများနှင့်အညီ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း၍ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် မဟာသင်္ကြန်သီချင်း၊ သံချပ် စိစစ်ကြပ်မတ်ရေး လုပ်ငန်းကော်မတီသည် မဟာသင်္ကြန်ပွဲတော် ဖျော်ဖြေတင်ဆက်မည့် အဖွဲ့များ၏ သီချင်းများ၊ သံချပ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိခိုက်မှုမရှိစေရေး၊ ဘာသာရေး၊ လူမျိုးရေး ထိခိုက်စေမည့် အသုံးအနှုန်းများ မပါဝင်စေရေး၊ နိုင်ငံတော်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အကြောင်းအရာများ မပါရှိစေရေးနှင့် ရိုင်းပျသည့် အသုံးအနှုန်း၊ ဟန်ပန်အမူအရာများ မပါရှိစေရေးတို့ကို သတိပြုအလေးထားလိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

သို့ပါ၍ ဖျော်ဖြေသည့် သီချင်း၊ သံချပ်များအား ကြိုတင်စိစစ်နိုင်ရန်အတွက် ဧပြီ ၁ ရက်နေ့အရောက် နောက်ဆုံးထားပြီး ၁၅ စုံစီ ပေးပို့ပါရန်နှင့် သီချင်း၊ သံချပ် ဆုပေးမဏ္ဍပ်များလည်း လာရောက်စာရင်းပေးသွင်းကြရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အသိပေးကြေညာထားကြောင်း သိရသည်။ **မောင်လူမော်**

## ရေပေးဝေမှု ပြတ်တောက်မည့် အသိပေးကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသော ရေကူးရေတွန်းစက်ရုံတွင် ရေတွန်းစက်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများနှင့် ငမိုးရိပ်ရေသန့်စက်ရုံ(ညောင်နှစ်ပင်)၏ ပထမအဆင့် ရေပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရေပေးဝေခြင်းလုပ်ငန်းကို ခေတ္တရပ်ဆိုင်းရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများဆောင်ရွက်စဉ် ၂၂-၃-၂၀၁၉ ရက်နေ့ နံနက် ၁၀ နာရီမှ ည ၈ နာရီအတွင်း မင်္ဂလာဒုံ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ သာကေတ၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကမာရွတ်၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်များရှိ ရပ်ကွက်များတွင် ရေအားလျော့နည်းခြင်းနှင့် ခေတ္တရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင်စုဆောင်းနိုင်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)**

**ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# နိုင်ငံတကာပွဲများ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း မန္တလေးမြို့၌ ခြေစမ်းပွဲကစား

**မန္တလေး မတ် ၁၈**

နိုင်ငံတကာခြေစမ်းပွဲနှင့် အိုလံပစ်ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားရန် မန္တလေးမြို့သို့ ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယနေ့ညနေပိုင်းက မန်းလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲအတွက် အကြိုပြင်ဆင်မှုပြုလုပ်ရန် ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး ပထမပိုင်းတွင် လူစာရင်း တစ်ခု၊ ဒုတိယပိုင်းတွင် လူစာရင်း တစ်ခုဖြင့် ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းသည် အနိုင်အရှုံးရလဒ်ထက် ကစားသမားများ၏ ခြေစွမ်းကိုသိရှိနိုင်ရန် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မတ် ၁၇ ရက် ညနေပိုင်းက မန္တလေးမြို့သို့ရောက်ရှိခဲ့ပြီး မတ် ၁၈ ရက်တွင် ခြေစမ်းပွဲကစားခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုခရီးစဉ်ကို ကစားသမား ၂၄ ဦး ခေါ်ဆောင်လာပြီး ခြေစမ်းပွဲအတွက် ကစားသမား ၂၃ ဦး၊ အိုလံပစ်ခြေစစ်ပွဲအတွက် ကစားသမား ၂၀ ရွေးချယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မတ် ၂၁ ရက်နှင့် ၂၃ ရက်တွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်ပြီး ယင်းခြေစမ်းပွဲများကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၉ ရက်အထိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှားအသင်းနှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

**ဆာရီအား နည်းပြအဖြစ်မှ ထုတ်ပယ်သွားဖွယ်ရှိ**

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်သည် တနင်္ဂနွေနေ့က ချယ်လ်ဆီး အသင်းအနေဖြင့် အဲဗာတန်အသင်းအား နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့မှုကို စိတ်ပျက်လျက်ရှိနေပြီး အသင်းနည်းပြ ဆာရီအား မျှားမကြာမီတွင် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**အိုဒွိုင်းအား မရောင်းရန် ဆုံးဖြတ်ဖွယ်ရှိ**

ချယ်လ်ဆီးအသင်းသည် ယခုနှစ်နွေရာသီတွင် အသင်းမှ ဘယ်လ်ဂျီယံ တိုက်စစ်ကစားသမား ဟာဇက် (၂၈ နှစ်)ကို ရီးရဲမက်ဒရစ်အသင်းသို့ ရောင်းထုတ်ခဲ့ပါက အသင်းမှ အသက် ၁၈ နှစ်အရွယ် အင်္ဂလန်တောင်ပံကစားသမား အိုဒွိုင်းအား မရောင်းရန် ဆုံးဖြတ်ဖွယ်ရှိကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**လီဗာပူးအသင်း ဘင်ဖီကာအသင်းအား ဆက်သွယ်**

လီဗာပူးအသင်းသည် ပေါ်တူဂီ ဗဟိုခံစစ်ကစားသမား ဖာရီရာ (၂၁ နှစ်)အား စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူနိုင်ရေးအတွက် ဘင်ဖီကာအသင်းကို ဆက်သွယ်လိုက်ကြောင်း မက်ထရိုတွင် ဖော်ပြထားသည်။

**အင်တာမီလန်အသင်း အီကာဒီအတွက် ပေါင် ၆၈ သန်း အလိုရှိ**

အင်တာမီလန်အသင်းသည် ပြီးခဲ့သည့်လက အသင်းခေါင်းဆောင်ရာထူးမှ ဖယ်ရှားခြင်းခံခဲ့ရပြီးနောက်ပိုင်း စီးရီးအေအသင်းအတွက် ကစားထားခြင်းမရှိသေးသော အာဂျင်တီးနား တိုက်စစ်ကစားသမား အီကာဒီအတွက် ပေါင် ၆၈ သန်း(ယူရိုသန်း ၈၀) အလိုရှိနေသည်ဟု ရီးရဲမက်ဒရစ်အသင်းအား ပြောဆိုလိုက်ကြောင်း အေအက်စ်ဒေ့ါကွန်းတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# အီသီယိုပီးယားနှင့် အင်ဒိုနီးရှားလေယာဉ်ပျက်ကျမှုတွင် တူညီမှုများ တွေ့ရှိ

**အဒစ်အဘာဘာ မတ် ၁၈**

အင်ဒိုနီးရှားနှင့် အီသီယိုပီးယားတို့၌ ပျက်ကျခဲ့သော ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်များတွင် တူညီသည့်အချက်များရှိနေကြောင်း၊ လေယာဉ်ပျံသန်းမှုမှတ်တမ်းများက ဖော်ပြလျက်ရှိသည်ဟု အီသီယိုပီးယားမှ မတ် ၁၇ ရက်တွင် ပြောကြားခဲ့သည်။ အမေရိကန် ကုမ္ပဏီဘက်မှ စက်ရပ်တန့်မှုဖြေရှင်းရေးစနစ်ဆော့ဝဲလ်ကို အဆင့်မြှင့်တင်မည့်အစီအစဉ်ကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အမေရိကန်ပျံသန်းရေးညွှန်ကြားမှုဌာနကိုလည်း ဖိအားများမြင့်တက်နေသည်။

အဆိုပါ လေယာဉ်အမျိုးအစားများသည် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အာမခံချက်ရအောင် လုပ်ဆောင်ခဲ့သည်ဟု အခိုင်အမာပြောဆိုခဲ့သော်လည်း ဖိအားများအောက်ရှိနေဆဲဖြစ်သည်။ ဘိုးရင်း ၇၃၇ မက်စ်လေယာဉ် အမျိုးအစားသည် အမေရိကန်လေကြောင်း ညွှန်ကြားမှုဌာနချုပ် အက်ဖ်အေအေ၏အစီအစဉ်အတိုင်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချက်ရအောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု အေဂျင်စီဘက်မှ ပြောသည်။ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖြတ်ကျော်ပြီး လုံခြုံစိတ်ချရမှုရှိသည့် ဒီဇိုင်းပုံစံအတိုင်းလေယာဉ်ကို ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟု အေဂျင်စီဘက်မှ ပြောသည်။ သို့သော် အီသီယိုပီးယားနိုင်ငံ၌ မတ် ၁၀ ရက်က ပျက်ကျခဲ့သောလေယာဉ်နှင့် အင်ဒိုနီးရှားနိုင်ငံ၌ အောက်တိုဘာလအတွင်း ပျက်ကျခဲ့သော လိုင်းယွန်းအဲလေယာဉ်တို့မှာ ဖြစ်စဉ်တူညီမှုများရှိနေသည်ဟု အစီရင်ခံထားသည်။ အီသီယိုပီးယားလေယာဉ်ပျက်ကျမှုကြောင့် ၁၅၇ ဦးခန့်သေဆုံးခဲ့ရပြီး အင်ဒိုနီးရှားလေယာဉ်ပျက်ကျမှုတွင် လူပေါင်း ၁၈၉ ဦး သေဆုံးခဲ့ရသည်။ ဆယ်စုနှစ်များစွာအတွင်း ဘိုရင်းကုမ္ပဏီအတွက် ပြဿနာပေါင်းများစွာနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။ ၇၃၇ မက်စ် လေယာဉ်အမျိုးအစားသည် ပုံစံသစ်ဖြစ်ပြီး ၂၀၁၇ ခုနှစ် မေလအတွင်းမှ စတင်ကာ ပြေးဆွဲခဲ့ခြင်းဖြစ်သည်။ အီသီယိုပီးယား သယ်ယူပို့ဆောင်ရေးဝန်ကြီး ဒတ်မဝတ်မိုဂီက လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းများအရ အင်ဒိုနီးရှားလေယာဉ်ပျက်ကျမှု နှင့် တူညီမှုများရှိနေကြောင်း မတ် ၁၇ ရက်က ပြောသည်။ **အေအက်ဖ်ပီ**



လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများအတွက် ပြုလုပ်ပေးသည့် ဈာပနအခမ်းအနားတွင် ငိုကြွေးနေကြသူများကို တွေ့ရစဉ်။

# လက်နက်ထိန်းချုပ်ရေး ဆောင်ရွက်သွားမည်ဟု နယူးဇီလန်ဝန်ကြီးချုပ် ကတိပြု

**ဝယ်လင်တန် မတ် ၁၈**

နယူးဇီလန်နိုင်ငံတွင် အဆိုးရွားဆုံးသော ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် သေနတ်ဥပဒေကို တင်းကျပ်သွားမည်ဖြစ်ကြောင်း နယူးဇီလန်အစိုးရက မတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။ လူဖြူအစွန်းရောက်တစ်ဦးက ဘာသာရေးအဆောက်အအုံနှစ်ခုတွင် လူပေါင်းများစွာကို ပစ်သတ်ခဲ့ပြီးနောက် တရားရုံးတွင် အမှုရင်ဆိုင်လျက်ရှိသည်။ နယူးဇီလန် ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ၎င်းနှင့် ၎င်း၏ မဟာမိတ်များသည် လက်နက်ကိုင်ဆောင်ရေး ခွင့်ပြုချက်များကို လျှော့ချရန် စုစည်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချနိုင်ခဲ့ကြောင်း၊ ညီညီညွတ်ညွတ်ဆုံး ဖြတ်နိုင်ခဲ့ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်ကပြောသည်။ ဒုတိယဝန်ကြီးချုပ် ဝင်စတန်ပီတာကလည်း ဝန်ကြီးချုပ်ဂျက်ဆင်ဒါအာဒန်၏ အစီအစဉ်ကို အပြည့်အဝထောက်ခံကြောင်း ပြောကြားခဲ့သည်။ အသက်ငယ်ရွယ်သော ဝန်ကြီးချုပ်တစ်ဦးဖြစ်သည့် ဂျက်ဆင်ဒါအာဒန်သည် ယခုအခါ တိုင်းပြည်၏အဆိုးရွားဆုံးသော ဝမ်းနည်းကြေကွဲမှုနှင့် ရင်ဆိုင်နေရသည်။ ၎င်းက ကြောက်မက်ဖွယ်ပစ်ခတ်မှုတွင် ပါဝင်သူများအား ဆက်လက်စုံစမ်းဆဲဖြစ်ကြောင်း ပြောသည်။



သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပန်းစည်းများ လာရောက်ချထားသည်ကို တွေ့ရစဉ်။

သေနတ်သမားက ဖေ့စ်ဘုတ်မှ တစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှုပြုလုပ်ပြီး ပစ်ခတ်သတ်ဖြတ်မှုများ ပြုလုပ်ခဲ့သည့်အတွက် လူမှုကွန်ရက်မီဒီယာ၏ အခန်းကဏ္ဍကို လူအများ အာရုံစိုက်မိလျက်ရှိသည်။ ဘာသာရေးအဆောက်အအုံ ပစ်ခတ်မှုအတွင်း သေဆုံးသွားကြသူများသည် ပါကစ္စတန်၊ အီဂျစ်နှင့် ဂျော်ဒန်နိုင်ငံတို့မှ ရွှေ့ပြောင်းနေထိုင် ကြသူအများစုတို့ဖြစ်ကြသည်။ လက်နက်ကိုင်ဆောင်သူများတွင် ထိရောက်သည့် စည်းမျဉ်းများချမှတ်ရန်ရှိသည်များကို ပစ်မှတ်ထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က ပြောသည်။ ဝန်ကြီးချုပ်နှင့် ပြည်နယ် အုပ်ချုပ်ရေးမှူးတို့သည် သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသွားရသူများအတွက် ရည်စူးကာ ဝမ်းနည်းကြောင်း စာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ **အေအက်ဖ်ပီ**

# စစ်ပွဲဖြစ်ပွားနိုင်မည့် မူဝါဒများဆီသို့ နောက်တစ်ကြိမ်ပြန်မသွားတော့ဟု အီရတ်ဝန်ကြီးချုပ်ပြော

**ဘဂ္ဂဒက် မတ် ၁၈**

အီရတ်ဝန်ကြီးချုပ် အဒဲအဗ္ဗဒူမက်ဒီက အီရတ်နိုင်ငံသည် စစ်ပွဲဖြစ်ပွားနိုင်မည့် မူဝါဒများဆီသို့ နောက်တစ်ကြိမ်ပြန်သွားတော့မည်မဟုတ်ကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်း မိတ်ဆွေအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မတ် ၁၈ ရက်က ပြောကြားခဲ့သည်။ ကာတာနိုင်ငံမှ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးနှင့် ဘဂ္ဂဒက်မြို့၌ တွေ့ဆုံစဉ် အီရတ်ဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံသည် ဒေသတွင်းအတွက် ငြိမ်းချမ်းရေးကို လိုလားကြောင်း၊ အပျက်အစီးများသည့်စစ်ပွဲများကို နောက်တစ်ကြိမ် ပြန်မသွားတော့ကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောသည်။ အီရတ်နိုင်ငံ၏ အကျိုးစီးပွားသည် အိမ်နီးချင်းတိုင်းပြည်များ၏ အကျိုးစီးပွားပင်ဖြစ်ကြောင်း၊ ကာတာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

မတ် ၁၈ ရက်နံနက်ပိုင်းက ကာတာနိုင်ငံမှ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စတာအယ်ကူဝါရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဘဂ္ဂဒက်မြို့သို့ ရောက်ရှိခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့တွင် ကာတာနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလာခဲ့သည်။

ဆော်ဒီစီးပွားရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာပြီး ရက်အနည်းငယ်အကြာ ကာတာကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတို့တွင် မဟာဗျူဟာမြောက်အဆင့် ဆွေးနွေးမှုများပြုလုပ်ရန် အီရတ်နိုင်ငံသို့ လာရောက်ခဲ့ကြခြင်းဖြစ်သည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားရေကြီးမှုအတွင်း အပျက်အစီးများကြား ပိတ်မိနေသောကလေး ဖခင်ဖြစ်သူနှင့် ပြန်တွေ့

**ဂျကာတာ မတ် ၁၈**

အင်ဒိုနီးရှားနိုင်ငံတွင် ရေကြီးမှုကြောင့် နေအိမ်ပျက်စီးခဲ့ပြီး အုတ်ကျိုး အုတ်ပဲ့များကြား ပိတ်မိနေခဲ့သော ကလေးငယ်သည် ယခုအခါ ဖခင်ဖြစ်သူနှင့် ပြန်လည်တွေ့ဆုံခွင့်ရပြီဖြစ်သည်။ အခြားသော မိသားစုဝင်များမှာ ရေကြီးမှုအတွင်း သေဆုံးသွားကြပြီဖြစ်သည်။ ယခုအခါ ရေကြီးမှုကြောင့် သေဆုံးသွားရသူ အရေအတွက်မှာ ၇၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း၊ အင်ဒိုနီးရှားအာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

အိမ်အတွင်းရှိ အပျက်အစီးပုံအတွင်းက ငါးလအရွယ်ကလေးငယ်ကို ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုနေရာ၌ပင် အဆိုပါကလေးငယ်၏ မိခင်ဖြစ်သူနှင့် အခြားသောမောင်နှမများ သေဆုံးနေကြကြောင်း သိရသည်။ ယခုအခါ ကလေးငယ်သည် အသက်ရှင်ကျန်ရစ်ခဲ့သည့် ဖခင်နှင့် တွေ့ဆုံခွင့်ရပြီဖြစ်သည်။ ကလေးကို တွေ့တွေ့ချင်း ဆေးရုံသို့ခေါ်သွားပြီး ကုသမှုများ ပြုလုပ်နေကြောင်း ပါပူအာမှ စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ မူဟာမက်အဒစ်က အေအက်ဖ်ပီသို့ ပြောသည်။

ကလေးငယ်မှာ စိတ်ချရသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် ဆေးရုံမှ ပြန်ဆင်းခွင့်ပေးခဲ့ကြောင်း၊ ကလေးငယ်၏ ဖခင်ဖြစ်သူမှာ စိတ်ဓာတ်ကျဆင်းနေသည် ဖြစ်သော်လည်း ကလေးကို အသက်ရှင်လျက် ပြန်တွေ့ရ၍ ဝမ်းသာလျက်ရှိကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ ပါပူဝါ၌ မတ်လ ၁၆ ရက်က မိုးအဆက်မပြတ် ရွာသွန်းပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့သောကြောင့် သေဆုံးသူ များပြားခဲ့ပြီး ဒဏ်ရာရရှိသူအများအပြားရှိခဲ့သည်။ ကယ်ဆယ်ရေးသမားများသည် ရွှံ့များ၊ ကျောက်တုံးများ၊ ပြိုလဲနေသော သစ်ပင်များအကြား ကယ်ဆယ်ရေးလုပ်ငန်းများကို ခဲခဲယဉ်းယဉ်း ဆောင်ရွက်နေရပြီး ဆေးဝန်ထမ်းများသည်လည်း ဒဏ်ရာရရှိသူများကို ကုသပေးလျက်ရှိသည်။



အပျက်အစီးများကြား ပိတ်မိနေသော ကလေးငယ်ကို ဖခင်နှင့်အတူ တွေ့ရစဉ်။

လူပေါင်း ၅၇၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးပြီးဖြစ်ကြောင်း အင်ဒိုတပ်ဖွဲ့က ပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ရန် တပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀ ခန့်ကို တာဝန်ပေးထားကြောင်း ပြောရေးဆိုခွင့်ရှိသူ အဒစ်က ပြောသည်။ အင်ဒိုနီးရှားနိုင်ငံသည် ရေကြီးမှုကြောင့် အရေးပေါ်အခြေအနေကာလအဖြစ် ၁၄ ရက် သတ်မှတ်ထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ရေကြီးမှုဖြစ်ပေါ်လေ့ရှိပြီး အထူးသဖြင့် အောက်တိုဘာလမှ ဧပြီလအတွင်း မိုးရွာသွန်းလေ့ရှိသည်။ **အေအက်ဖ်ပီ**

# မိုဇမ်ဘစ်နှင့် ဇင်ဘာဘွေနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူပေါင်း ၁၂၀ ကျော် သေဆုံး

**ဟာရာရီ မတ် ၁၈**

မိုဇမ်ဘစ်နှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဇင်ဘာဘွေနိုင်ငံတို့တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မတ် ၁၇ ရက်တွင် လူပေါင်း ၁၂၀ ခန့် သေဆုံးခဲ့ပြီး လူပေါင်းများစွာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ မိုဇမ်ဘစ်နိုင်ငံ အာဏာပိုင်များက နှစ်ရက်ကြာ တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် တိုင်းပြည်အလယ်ပိုင်းတွင် သေဆုံးသူဦးရေမှာ ၆၂ ဦးအထိရှိကြောင်း ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံတွင် သေဆုံးသူအရေအတွက်မှာ ၆၅ ဦးခန့်ရှိကြောင်း သိရသည်။ မိုဇမ်ဘစ်နိုင်ငံတွင် တွေ့ကြုံခဲ့ရဖူးသော မုန်တိုင်းများတွင် အဆိုးရွားဆုံးသော မုန်တိုင်းဖြစ်ကြောင်း၊ အရာအားလုံး ဖျက်ဆီးခံလိုက်ရကြောင်း၊ ယခု အခါ ဦးစားပေးအလုပ်မှာ လူများ၏အသက် ကယ်ဆယ်ရေးပင်ဖြစ်ကြောင်း၊ မိုဇမ်ဘစ် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးက ပြောသည်။ ယခုအခါ မုန်တိုင်းကြောင့် ရပ်နားထားရသည့် ဘီရာ အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း မတ် ၁၈ ရက်မှစတင်ကာ ပြန်ဖွင့်လိုက်နိုင်ပြီဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ ချာမနီမနီဒေသသည် မုန်တိုင်းဒဏ် အခံရဆုံးဒေသဖြစ်ပြီး နေအိမ်များ၊ အဆောက်အအုံများမှာ မုန်တိုင်းနှင့်အတူ ပါသွားခဲ့သည်။ မုန်တိုင်းဒဏ်အဆိုးရွားဆုံးခံရသည့် ဒေသတွင် လေပြင်းများတိုက်ခတ်လျက်ရှိပြီး ယခုအချိန်အထိ အဆက်အသွယ် မရသေးပေ။ ချာမနီမနီဒေသတွင် ပျောက်ဆုံးသူ လူဦးရေ ၁၅၀ မှ ၂၀၀ ကြားရှိကြောင်း လွှတ်တော်အမတ်တစ်ဦးက အေအက်ဖ်ပီသို့ ပြောသည်။

**အေအက်ဖ်ပီ**

# ကလေးစာပေပွဲတော် (ပူတာအို) စည်ကားသိုက်မြိုက်စွာကျင်းပမှု မြင်ကွင်းပုံရိပ်များ




ကလေးစာပေပွဲတော်(ပူတာအို) ၌ စာပေစကားဝိုင်း ကျင်းပနေမှုကို တွေ့ရစဉ်။



ကလေးစာပေပွဲတော်(ပူတာအို) ၌ စာပေဟောပြောပွဲ ကျင်းပစဉ်။



ကလေးငယ်များ စာအုပ်စာပေများ ရွေးချယ်ဝယ်ယူကြစဉ်။



ဂျိန်းဖောတိုင်းရင်းသူများ ကဗျာရွတ်ဆိုပြိုင်ပွဲဝင်စဉ်။



တိုင်းခမ်းတီ တိုင်းရင်းသားများ ကဗျာရွတ်ဆိုပြိုင်ပွဲဝင်စဉ်။



ရဝမ်တိုင်းရင်းသူတစ်ဦး ပုံပြင်ပြောပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။



ကလေးငယ်များ အမှတ်တရစက္ကူသရဖူများ ဆေးရောင်ခြယ်ဝတ်ဆင်ထားစဉ်။





ကလေးစာပေပွဲတော်(ပူတာအို) ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာသူများအား လီဆူတိုင်းရင်းသားများက သီဆိုကပြဖျော်ဖြေကြစဉ်။

# မန္တလေး စုပေါင်းအမှိုက်ကောက်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ပါဝင်ဆောင်ရွက်

**မန္တလေး မတ် ၁၈**

မန္တလေးမြို့တွင် အပတ်စဉ် တနင်္ဂနွေနေ့ကို မြို့တော်သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်၍ စုပေါင်းအမှိုက်ကောက်မှုများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက်က မန္တလေး- ပြင်ဦးလွင် ကားလမ်းတစ်လျှောက်၌ စုပေါင်းအမှိုက်ကောက်ခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

စုပေါင်းအမှိုက်ကောက်ရာတွင် မန္တလေး-ပြင်ဦးလွင်ကားလမ်းရှိ အောင်ပင်လယ်မှ ကျောက်မီးရွာအထိ အပိုင်းခုနစ်ပိုင်း ခွဲဝေသတ်မှတ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ကော်မတီဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများက မြို့နယ်ခြောက်ခုမှ ဒေသခံပြည်သူများ၊ ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

"ဒီလမ်းက ပြည်တွင်းပြည်ပခရီးသွားတွေ အသွားအလာများတဲ့အတွက် အမှိုက်တွေနဲ့ ညစ်ပတ်နေရင် မြို့တော်ရဲ့ပုံရိပ်ကို ထိခိုက်စေတယ်၊ ဒါကြောင့် ဒီလမ်းကို အခုလို စုပေါင်းသန့်ရှင်းရေးလုပ်တာပါ။ ဒီလုပ်ငန်းက တစ်ခါတည်းနဲ့ မပြီးနိုင်ဘူး။ ဆက်ပြီးလုပ်သွားရမှာပါ။ ပြည်သူလူထုကလည်း လမ်းဘေးမြေကွက်လပ်နဲ့ လမ်းလယ်ကျွန်းရှိတဲ့နေရာတွေမှာ အမှိုက်မပစ်ဖို့ တောင်းပန်ချင်ပါတယ်၊ ကျွန်တော်တို့ကိုယ်တိုင် စံပြဖြစ်အောင် လုပ်ပြနိုင်ရင် ကျန်တဲ့သူတွေကလည်း အမှိုက်ကို စနစ်တကျ စွန့်ပစ်မယ်ဆိုရင် မြို့တော်သန့်ရှင်းသွားမှာပါ" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။


စုပေါင်းအမှိုက်ကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပါဝင်ဆောင်ရွက်နေစဉ်။

မန္တလေးမြို့တွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း စုပေါင်း အမှိုက်ကောက်ပွဲများကို ၂၀၁၈ ဧပြီလမှစ၍ မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်ခုအတွင်း ဆောင်ရွက်နေခြင်းဖြစ်ကာ ယနေ့တွင်မူ စည်ပင်နယ်နိမိတ်အပြင်ဘက်ရှိ ပြည်တွင်းပြည်ပခရီးသွားများ အဓိကသွားလာရာ မန္တလေး-ပြင်ဦးလွင် ကားလမ်းတစ်လျှောက်၌ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရှင်းလင်းပွဲ ပဲခူး၌ ကျင်းပ

**ပဲခူး မတ် ၁၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် Livelihoods and Food Security Fund တို့ ပူးပေါင်းရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို မြို့နယ်အဆင့်တွင်စုစည်းခြင်းလုပ်ငန်းစဉ် အတွေ့အကြုံ ရှင်းလင်းပွဲကို ပဲခူးမြို့မြို့တော်ခန်းမ၌ မတ် ၁၈ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ယနေ့ပြုလုပ်သည့် အခမ်းအနားမှာ မြေပြင်တွင်လက်တွေ့လုပ်ဆောင်ရာမှ တွေ့ကြုံနေရသည့် အခက်အခဲများနှင့်ပတ်သက်၍ ပြုလုပ်ခြင်းဖြစ်ပြီး တက်ရောက်လာသူများထံမှ အဖိုးတန်သော အကြံပြုချက်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သိုသိုဝင်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နည်းပညာအကြံပေး ဦးဇော်နိုင်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းမူသစ်(VDP model) ပြုစုဖော်ထုတ်ခဲ့ပုံအကျဉ်းနှင့် နိုင်ငံတော်အတွက် အဆိုပါ VDP model သစ် လိုအပ်ပုံများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နည်းပညာအကြံပေးအဖွဲ့ခွဲက ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများကို မြို့နယ်အဆင့်တွင် စုစည်းပုံနှင့် မြို့နယ်စီမံကိန်းတွင် ထည့်သွင်းမည့် နည်းစနစ်များ၊ လုပ်ငန်းစဉ်များကို တင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းသည် ကျေးရွာများ၏ ပကတိအခြေအနေများကို ပြည်သူလူထု ကိုယ်တိုင် ဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျ စုစည်းရေးဆွဲပြုစုထားသော ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ဖြစ်ကာ ကျေးရွာများမှထွက်ပေါ်လာသော စီမံချက်များကို မြို့နယ်အဆင့် ဦးစီးဌာနအသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

# (၃၉)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ မုခ်ဦးဖွင့်ပွဲ ဘားအံမြို့၌ကျင်းပ

**ဘားအံ မတ် ၁၈**

ပအိုဝ်းတိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် သမိုင်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော်ကိုချစ်မြတ်နိုးသောစိတ်ဓာတ်များ အစဉ်ကိန်းအောင်းနေစေရေးအတွက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို နှစ်စဉ် ကျင်းပလျက်ရှိရာ (၃၉)ကြိမ်မြောက် ကရင်ပြည်နယ် ပအိုဝ်းအမျိုးသားနေ့ မုခ်ဦးဖွင့်ပွဲကိုလည်း မတ် ၁၇ ရက် ညနေပိုင်းက ဘားအံမြို့ သီရိကွင်း၌ ကျင်းပခဲ့သည်။


ပအိုဝ်းအမျိုးသားနေ့ ပြခန်းများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် လိုက်လံကြည့်ရှုစဉ်။

ပအိုဝ်းအမျိုးသားနေ့အခမ်းအနား မုခ်ဦးကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဝင် ဦးခွန်စိုးနိုင်နှင့် ပအိုဝ်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ဦးခွန်မင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပအိုဝ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် သီဆိုဖျော်ဖြေမှုကို ဝန်ကြီးချုပ်က ကြည့်ရှုအားပေးခဲ့သည်။

ပအိုဝ်းအမျိုးသားနေ့ကို ၁၉၄၈ ခုနှစ် သထုံမြို့လူထုညီလာခံမှ စတင်အတည်ပြုခဲ့ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၇၁ နှစ် ရှိခဲ့ပြီဖြစ်သော်လည်း ကရင်ပြည်နယ်တွင် ကျင်းပနိုင်ခဲ့သည်မှာ ၃၉ ကြိမ်သာရှိသေးကြောင်း၊ ကရင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပအိုဝ်းတိုင်းရင်းသား တစ်သိန်းခွဲခန့် နေထိုင်ကြပြီး ဘားအံမြို့နယ်တွင် အများဆုံးနေထိုင်ကြကြောင်း၊ ပအိုဝ်းအမျိုးသားနေ့ကို ကရင်ပြည်နယ်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ မြို့ရွာများတွင် တစ်နှစ်တစ်ကြိမ် လှည့်လည်ကျင်းပခဲ့ရာမှ ယခုနှစ်တွင် ပြည်နယ်အဆင့်အနေဖြင့် ဘားအံမြို့၌ ကျင်းပခြင်းဖြစ်ကာ ရပ်ကွက်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့် ကျင်းပခြင်းများလည်း ရှိကြောင်း ယခုနှစ် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် စင်တင်တေးဂီတဖျော်ဖြေပွဲ၊ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများ၊ အားကစားပြိုင်ပွဲများ ထည့်သွင်း၍ မတ် ၁၇ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် မော်လမြိုင်မြို့မှ ပြည်သူများ တွေ့ဆုံဆွေးနွေး

**မော်လမြိုင် မတ် ၁၈**

မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းလမ်းရှိ တော်ကူးကျောင်းတိုက် မနောရမ္မဗိမာန်၌ ဒေသခံပြည်သူများနှင့် မတ် ၁၆ ရက်က တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်များကို သိရှိလို၍ ယခုလို ရင်းရင်းနှီးနှီး တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြည်သူများ၏လိုအပ်ချက်များကို ယခုလို တွေ့ဆုံပွဲများတွင် ရဲရဲဝံ့ဝံ့ ပြောဆိုတင်ပြစေလိုကြောင်း၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေး၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကို ဖြည့်ဆည်းပေးရန် ပြည်နယ်အစိုးရတွင် တာဝန်ရှိကြောင်း၊ လက်ရှိအစိုးရသက်တမ်းအတွင်း၌လည်း ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သောင်းညွန့်က လွှတ်တော်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရေးအတွက် ဆောင်ရွက်နေပုံများနှင့် လူထုထောက်ခံပွဲများ ပြုလုပ်နေသည့် အခြေအနေများကိုလည်းကောင်း၊ မြေယာသိမ်းဆည်းခြင်း ပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးနေပုံများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ရပ်ကွက်နေပြည်သူများက လမ်းတံတားလိုအပ်ချက်များ အပါအဝင် ဒေသ၏လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

**တင်ထွန်း(မော်လမြိုင်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၈-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၆၅ ကျပ် | ၉၇၅/၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၅ ကျပ် | ၉၉၀/၁၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၉၅ ကျပ် | ၈၂၅/၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၈၇၀ ကျပ် | ၉၁၀/၉၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၆ · ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၃ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၇ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၃၆ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၇ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၂ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ · ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၃၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၆ · ၉၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၄၉၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကေရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

**တက္ကသိုလ် ဟန်စိုးဦး**

*ယခင်အပတ်မှ အဆက်*

**(၄) ပင်လယ်ရေကြောင်းလုံခြုံရေး**

ပင်လယ်ရေကြောင်းလုံခြုံရေးဟာ အင်ဒို-ပစိဖိတ် မဟာဗျူဟာရဲ့အဓိကအကျဆုံး ကဏ္ဍတစ်ခုလို့ ပြောနိုင်ပါတယ်။ ၂၁-ရာစုအစပိုင်းမှာ အာရှဒေသတွင်း အင်အားချိန်ခွင်လျှာ ပြောင်းလဲလာမှုနဲ့အတူ ပင်လယ်ရေကြောင်းလုံခြုံရေးအပေါ် ခြိမ်းခြောက်မှုတွေလည်းရှိလာတယ်လို့ နိုင်ငံရေးလေ့လာသူတွေက ရှုမြင်ကြပါတယ်။ အနောက်နိုင်ငံတွေကတော့ စီးပွားရေးအင်အားကြီးမားလာမှုနဲ့အတူ တရုတ်နိုင်ငံရဲ့ ကာကွယ်ရေးဘက်မှာလည်း ခေတ်မီအောင် အင်အားတိုးချဲ့လာတဲ့အပေါ် ခြိမ်းခြောက်မှုအဖြစ် ပုံဖော်ကြပါတယ်။ အထူးသဖြင့် လေယာဉ်တင်သင်္ဘောတွေ တိုးချဲ့တည်ဆောက်လာမှု အပါအဝင် ပင်လယ်ပြာအထိ ဖြန့်ကြက်လာနိုင်ပြီဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ရေတပ်မတော် (PLA Navy) ရဲ့ စွမ်းဆောင်ရည်ဟာ ဒေသရဲ့ လုံခြုံရေးမျှခြေကို ပြောင်းလဲလာစေမယ်လို့ ထုတ်ဖော်ပြောကြားကြပါတယ်။ ဒုတိယအချက်ကတော့ ဒေသတွင်းမှာရှိတဲ့ အင်အားကြီးနိုင်ငံတွေအနေနဲ့ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာနှစ်ခုစလုံးမှာရှိတဲ့ ပင်လယ်ရေကြောင်း ဆက်သွယ်မှုလမ်းကြောင်းတွေရဲ့လုံခြုံစိတ်ချရစေအောင် ဆောင်ရွက်ခြင်းဖြင့် သူတို့ရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့ ပိုမိုလိုအပ်လာတယ်လို့ ရှုမြင်လာကြခြင်းပဲ ဖြစ်ပါတယ်။ တတိယအချက်ကတော့ ဒေသတွင်းမှာ ရှိနေခဲ့တဲ့ ကာလရှည်ကြာ ပင်လယ်ရေနယ်နိမိတ် အငြင်းပွားမှုတွေကနေ တင်းမာမှုတွေ ပိုမိုအရှိန်မြင့်လာခြင်းပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အိန္ဒိယနိုင်ငံဟာ လုံခြုံရေးအရ အရေးပါတဲ့ အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့သလို အရှေ့အိန္ဒိယသမုဒ္ဒရာထဲမှာ သူ့ရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ စိတ်ဆန္ဒ ပိုမိုရှိလာတဲ့ အနေအထားကို တွေ့မြင်လာရပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ ခြိမ်းခြောက်မှုတွေကို တုံ့ပြန်နိုင်ဖို့ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်နဲ့ အိန္ဒိယနိုင်ငံတို့ဟာ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို ဖော်ဆောင်လာခဲ့ကြတာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ လက်ရှိရှိပြီးသား မဟာမိတ်ဖွဲ့စည်းမှု မူဘောင်အတွင်းကို အိန္ဒိယနိုင်ငံကို စည်းရုံးဆွဲဆောင်ထည့်သွင်းပြီး အားဖြည့်လာခဲ့တာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံဟာ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို အာရှဒေသခြေဦးပြန်လှည့်ရေးမူဝါဒ (Back to Asia Policy) ရဲ့အစိတ်အပိုင်းအဖြစ် ပထမပိုင်းမှာ ကျင့်သုံးခဲ့ပါတယ်။ အာရှဒေသ ခြေဦးပြန်လှည့်ရေးမူဝါဒမှာ ကျယ်ပြန့်တဲ့ သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေ အများအပြားပါရှိနေပြီး လုံခြုံရေးကဏ္ဍမှာတော့ အာရှရေကြောင်းလုံခြုံရေး အကျယ်အဝန်းကို အင်ဒို-ပစိဖိတ် သမုဒ္ဒရာနှစ်ခုစလုံးရဲ့ ကမ်းရိုးတန်းနိုင်ငံတွေ အားလုံးပါဝင်ခြင်းဆိုပြီး ပိုမိုကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ အဲဒီအချိန်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ ဟီလာရီကလင်တန်က အင်ဒို-ပစိဖိတ်သမုဒ္ဒရာနှစ်ခုစလုံးကို ဆက်သွယ်ထားတဲ့ ပင်လယ်ရေကြောင်း ဆက်သွယ်မှုလမ်းကြောင်းတွေဟာ အာရှဒေသမှာ အမေရိကန်ရဲ့ ရေကြောင်းလုံခြုံရေးအတွက် အခရာကျတဲ့ အကျိုးစီးပွားတွေဖြစ်ကြောင်း၊ ဒီရေလမ်းကြောင်းတွေရဲ့ လုံခြုံရေးအတွက် အမေရိကန်နိုင်ငံအနေနဲ့ ဩစတြေးလျ၊ စင်ကာပူ၊ အင်ဒိုနီးရှားနဲ့ အိန္ဒိယနိုင်ငံတို့နဲ့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုတိုးမြှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီလိုပြောကြားပြီးနောက်ပိုင်းမှာ ဟာဝိုင်ယီပြည်နယ်၊ ဟိုနိုလူလူမြို့မှာရှိတဲ့ အမေရိကန်ပစိဖိတ်စစ်ဌာနချုပ် (US Pacific Command-PACOM) ဟာ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို စတင်ကျင့်သုံးလာခဲ့သလို ရေကြောင်းဆိုင်ရာ လှုပ်ရှားနိုင်စွမ်းကိုလည်း အိန္ဒိယ သမုဒ္ဒရာအထိ ဖြန့်ကြက်လာနိုင်အောင် ဆောင်ရွက်လာခဲ့ပါတယ်။ အထူးသဖြင့် အမေရိကန်ဟာ ဩစတြေးလျ၊ ဂျပန်၊ အိန္ဒိယနိုင်ငံတို့နဲ့ ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်သစ်တွေကို ချမှတ်ဖော်ထုတ်လာခဲ့ပါတယ်။



**အမေရိကန်၊ ဂျပန်နှင့်အိန္ဒိယ သုံးနိုင်ငံမှ ရေတပ်သင်္ဘောများ ပါဝင်သည့် မာလာဘာ ရေတပ် စစ်ရေးလေ့ကျင့်မှုကို ၂၀၁၇ ခုနှစ် ဇူလိုင်လက ဘင်္ဂလားပင်လယ်အော်အတွင်း ပြုလုပ်နေစဉ်။**

ဒေသတွင်းမှာ လုံခြုံရေးအရ ပြန်လည်တက်ကြွလှုပ်ရှားလာတဲ့ ဂျပန်နိုင်ငံအနေနဲ့ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို ပြောင်းလဲကျင့်သုံးလာခြင်းဟာလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ စာပိုဒ်-၉ ကို ပူးတွဲခုခံ ကာကွယ်ပိုင်ခွင့် (collective self-defence) ရှိတယ်လို့ ပြောင်းလဲအဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီးနောက်ပိုင်းမှာ ဂျပန်နိုင်ငံဟာ အာရှဒေသမှာ လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးချဲ့ဆောင်ရွက်လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်နဲ့ အမေရိကန် လေးနိုင်ငံပါဝင်တဲ့ အင်ဒို-ပစိဖိတ်လုံခြုံရေးမိတ်ဖက်အဖြစ် အာရှဒီမိုကရေစီနိုင်ငံများရဲ့ လုံခြုံရေးဆိုင်ရာ မဟာမိတ် (Democratic Asian Security Diamond) ဖွဲ့စည်းဖို့ အဆိုပြုခဲ့ပါတယ်။ ဒီလုံခြုံရေး မဟာမိတ်ဖွဲ့စည်းမှုရဲ့ အဓိကရည်မှန်းချက်က တရုတ်နိုင်ငံဟာ တောင်တရုတ်ပင်လယ်ကို ပေကျင်းရေကန်တော် (Beijing lake) ဖြစ်လာဖို့ ကြိုးပမ်းနေပြီး ရေကြောင်းဆိုင်ရာ နယ်မြေအငြင်းပွားမှုတွေမှာ တွန်းတွန်းတိုက်တိုက် ဆောင်ရွက်လာနေမှုကို တုံ့ပြန်သွားနိုင်ဖို့ဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။ အဲဒီအဆိုပြုချက်မှာ ထူးခြားချက်တစ်ခုက အမေရိကန်နဲ့ အာရှဒေသမဟာမိတ်နိုင်ငံတွေအကြားမှာ ရှိပြီးဖြစ်တဲ့ လုံခြုံရေးကွန်ရက်အတွင်း အိန္ဒိယနိုင်ငံကို ဂျပန်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကနေတစ်ဆင့် ထည့်သွင်းနိုင်ဖို့ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ဟာ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးဝန်ကြီးတွေပါဝင်တဲ့ (၂+၂) ဆွေးနွေးပွဲတွေ တည်ထောင်ထားရှိတဲ့အပြင် နှစ်နိုင်ငံဆက်ဆံရေးကိုလည်း အထူးမဟာဗျူဟာနှင့် ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်အဆင့် (Special Strategic and Global Partnership) ကို တိုးမြှင့်ထားရှိပါတယ်။

ဩစတြေးလျနိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ရေကြောင်းလုံခြုံစိတ်ချရမှုရှိရေးဟာ အရေးပါတဲ့ကဏ္ဍကနေ ပါဝင်တာကို တွေ့နိုင်ပါတယ်။ ဩစတြေးလျနိုင်ငံဟာ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို လှိုက်လှိုက်လှဲလှဲထောက်ခံအားပေးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံရဲ့ ၂၀၁၃ ခုနှစ် ကာကွယ်ရေးစက္ကူဖြူစာတမ်းမှာ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို တရားဝင်ထည့်သွင်းဖော်ပြထားရှိပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို အထူးနှစ်သက်တဲ့ အဓိကအချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်က ယခင်ကာလတွေက သီးခြားစီ စဉ်းစားခဲ့ကြတဲ့ ရေကြောင်းလုံခြုံရေးစစ်မျက်နှာနှစ်ခုဖြစ်တဲ့ အနောက်ပစိဖိတ်ဒေသနဲ့ အရှေ့အိန္ဒိယဒေသကို အခုမဟာဗျူဟာအသစ်မှာ ပေါင်းစည်းထည့်သွင်းခဲ့တာကြောင့် ဩစတြေးလျနိုင်ငံရဲ့သမုဒ္ဒရာနှစ်စင်းစလုံးနဲ့ ထိတွေ့ဆက်စပ်နေတဲ့ ထူးခြားတဲ့ ပထဝီအနေအထားနဲ့ ကိုက်ညီနေခြင်း ဖြစ်ပါတယ်။ ဒုတိယအချက်က မဟာဗျူဟာအသစ်ဟာ ဒေသတွင်းမှာလက်ရှိ အမေရိကန်နဲ့ ရှိပြီးသား လုံခြုံရေး ပူးပေါင်း ဆောင်ရွက်မှု မူဘောင်ထက်ကျော်လွန်ပြီး အိန္ဒိယနိုင်ငံ ပါဝင်လာခြင်းဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြားမှာ ပင်လယ်ရေကြောင်း ဆက်သွယ်မှုလမ်းကြောင်းတွေ ပွင့်လင်းနေစေဖို့၊ အိန္ဒိယသမုဒ္ဒရာအတွင်းမှာ အမေရိကန်နိုင်ငံ ပါဝင်ဆောင်ရွက်လာစေဖို့၊ တရုတ်နိုင်ငံရဲ့ ရေတပ်အင်အားကြီးမားလာမှုကို ထိန်းညှိနိုင်ဖို့ စတဲ့အချက်တွေဟာ ဩစတြေးလျနိုင်ငံအတွက် များစွာအရေးပါတဲ့ မဟာဗျူဟာမြောက် အကျိုးစီးပွားတွေဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာလည်း ၂၀၁၂ ခုနှစ်ကစပြီး နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒမှာ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို တဖြည်းဖြည်းချင်း ပေါင်းစည်းထည့်သွင်းလာခဲ့ပါတယ်။ အင်ဒို-ပစိဖိတ် မဟာဗျူဟာ ဟာ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒ ရည်မှန်းချက်အများအပြားနဲ့ ကိုက်ညီတဲ့အပြင် အရင်က အာရှ-ပစိဖိတ်နိုင်ငံရေး အခင်းအကျင်းမှာ အိန္ဒိယနိုင်ငံဟာ နေရာမရတဲ့ အနေအထားကနေ အခု အင်ဒို-ပစိဖိတ်နိုင်ငံရေးအခင်းအကျင်းမှာ အိန္ဒိယနိုင်ငံဟာ ဒေသတွင်းမှာ အရေးပါတဲ့ နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုထားပါတယ်။ အိန္ဒိယနိုင်ငံခြားရေးမူဝါဒရဲ့ရည်မှန်းချက်တွေ အနက် နိုင်ငံရဲ့ အရှေ့မျှော်ဝါဒ (Look East Policy) ကို ၂၀၁၄ ခုနှစ်မှာ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက အရှေ့နိုင်ငံများနဲ့ ထိတွေ့ဆက်ဆံရေးမူဝါဒ (Act East Policy) အဖြစ် ပြောင်းလဲဖော်ဆောင်လာခဲ့ခြင်းဖြစ်ပါတယ်။ နောက်ထပ် အရေးကြီးတဲ့အချက်က အိန္ဒိယနိုင်ငံဟာ ဘက်မလိုက် နိုင်ငံခြားရေးဝါဒကို တစိုက်မတ်မတ် ကိုင်စွဲလာခဲ့ရာကနေ မဟာဗျူဟာမြောက် သီးခြားရပ်တည်နိုင်မှု (Strategic Autonomy) အနေအထားကို ပြောင်းလဲလာဖို့ ကြိုးပမ်းလာခြင်းဖြင့် သံတမန်ရေးအရ ပိုမိုတက်ကြွစွာဆောင်ရွက်လာခြင်းပဲ ဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ရေကြောင်း ပဋိပက္ခတွေ ဖြစ်လာနိုင်တယ်ဆိုတဲ့ စိုးရိမ်ကြောင့်ကြမှုတွေ တိုးပွားလာခြင်းကလည်း အိန္ဒိယနိုင်ငံကို ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အခြေအနေတွေ ဖြစ်လာစေခဲ့ပါတယ်။ ဒါကြောင့် အင်ဒို-ပစိဖိတ်မဟာဗျူဟာ ဟာ အိန္ဒိယနိုင်ငံအတွက် နိုင်ငံရဲ့ အရွယ် အစား၊ ဒေသအတွင်းအရေးပါမှုတွေနဲ့အညီ လုံခြုံရေးအရ ပါဝင်ဆောင်ရွက်နိုင်မယ့် မူဘောင်တစ်ရပ်ကို ဖန်တီးပေးလျက်ရှိပါတယ်။



**အင်ဒို-ပစိဖိတ်မဟာဗျူဟာအရ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ရှိရေးသည် နိုင်ငံတကာကုန်သွယ်ရေးအတွက် အသက်သွေးကြောဖြစ်ကြောင်း ဖော်ပြထားသည်။**

အာရှ-ပစိဖိတ် နိုင်ငံရေးအခင်းအကျင်းမှာ အိန္ဒိယသမုဒ္ဒရာကို တိုးချဲ့ထည့်သွင်းစဉ်းစားဖို့ လုပ်ဆောင်လာတဲ့ အင်ဒို-ပစိဖိတ် မဟာဗျူဟာသစ်မှာ လုံခြုံရေးဆိုင်ရာ ရှုထောင့်အမြင်ကကြည့်တဲ့အချက်တွေ ခိုင်ခိုင်မာမာပါဝင်နေသော်လည်းပဲ စီးပွားရေးဆိုင်ရာ ရှုထောင့်အမြင်ကနေကြည့်တဲ့ အချက်တွေ လုံလုံလောက်လောက်ပါဝင်ခြင်းမရှိဘူးလို့ ထောက်ပြသူတွေလည်း ရှိနေပါတယ်။ အာရှ-ပစိဖိတ်နိုင်ငံရေးအခင်းအကျင်းမှာတော့ ကုန်သွယ်ရေးအရ ဖြေလျှော့မှုတွေ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနဲ့ မူဝါဒတွေ ကိုက်ညီရေး စတဲ့လုပ်ငန်းစဉ်တွေ ပါဝင်နေသော်လည်း အင်ဒို-ပစိဖိတ်နိုင်ငံရေးအခင်းအကျင်းကို စတင်ဖော်ဆောင်လာတဲ့နိုင်ငံတွေရဲ့အစိုးရတွေအတွက်တော့ ဒီအချက်တွေကို ဦးစားပေးအချက်အဖြစ် ထည့်သွင်းမစဉ်းစားခဲ့ကြဘူးလို့ စီးပွားရေးအပိုင်းကို အသားပေးလိုသူတွေက အပြစ်တင်ကြပါတယ်။ အင်ဒို-ပစိဖိတ် မဟာဗျူဟာသစ်မှာပါဝင်တဲ့ စီးပွားရေးဆိုင်ရာ အချက်တွေကို ကြည့်ရင်လည်း ရေကြောင်းကုန်သွယ်မှုနဲ့ စွမ်းအင်အရင်းအမြစ်တွေ သယ်ယူပို့ဆောင်တဲ့ ပင်လယ်ရေကြောင်း ဆက်သွယ်မှုလမ်းကြောင်းတွေ ပွင့်လင်းနေစေရေးဆောင်ရွက်ဖို့သာဖော်ပြထားပါတယ်။ *စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

ဒါကြောင့် အင်ဒို-ပစိဖိတ်မဟာဗျူဟာသစ်ရဲ့အဓိကရည်မှန်းချက်က ဒေသကြီးတစ်ခုလုံးကို လွှမ်းခြုံတဲ့ သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေ တည်ထောင်ရေးထက် ဩစတြေးလျ၊ ဂျပန်၊ အိန္ဒိယနဲ့ အမေရိကန်နိုင်ငံတို့အကြား ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးသာ ဖြစ်ပါတယ်။

**(၁၀) အင်ဒို-ပစိဖိတ်ဒေသတွင်း စီးပွားရေးအရ ပေါင်းစည်းဆက်နွှယ်ရေး**

အင်ဒို-ပစိဖိတ် မဟာဗျူဟာမှာ စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်သွားမယ့်အစီအမံတွေ မပါဝင်ခြင်းကိုကြည့်ရင် အာရှဒေသနဲ့ အိန္ဒိယသမုဒ္ဒရာနိုင်ငံတွေအကြား ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအရ ထိတွေ့ဆက်ဆံမှုတွေ နည်းပါးနေသေးတယ်ဆိုတဲ့ အချက်ကိုလည်း ဖော်ပြလျက်ရှိပါတယ်။ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်တစ်ရပ်ကို ဖော်ဆောင်ရာမှာ ထိရောက်အောင်မြင်မှုရရှိဖို့ဆိုရင် ဒေသတွင်းမှာရှိတဲ့ နိုင်ငံကြီး/ငယ်မဟူ သူ့အခန်းကဏ္ဍအလိုက် ပါဝင်နိုင်အောင် ထည့်သွင်းစဉ်းစားဖို့လိုအပ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်တစ်ရပ်မှာ နိုင်ငံငယ်လေးများသာ ပါဝင်ခြင်း (ဒါမှမဟုတ်) အင်အားကြီး နိုင်ငံကြီးများသာ ပါဝင်ခြင်းဖြင့် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ဟာ ထိရောက်မှုရှိနိုင်မှာ မဟုတ်ဘူးလို့ နိုင်ငံရေးလေ့လာသူများက ထောက်ပြကြပါတယ်။ ဒါကြောင့် အင်ဒို-ပစိဖိတ် မဟာဗျူဟာအသစ်နဲ့ လက်ရှိ အာရှဒေသမှာ စီးပွားရေးအရ ပေါင်းစည်းရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်တွေအကြား ဘယ်လောက်အတိုင်းအတာအထိ ဆက်စပ်ချိန်ညှိဆောင်ရွက်သွားနိုင်မလဲဆိုတဲ့အချက်ကို လေ့လာကြည့်သင့်ပါတယ်။

ဒေသတွင်း စီးပွားရေးအရပေါင်းစည်းနိုင်မှုကို တိုင်းတာနိုင်တဲ့ အချက်တစ်ချက်ကတော့ ဒေသတွင်းကုန်သွယ်မှု (Intra-regional trade flows) ဖြစ်ပါတယ်။ ဒေသတွင်းကုန်သွယ်မှုဆိုတာဟာ တိုင်းပြည်တစ်ပြည်နဲ့ အဆိုပါဒေသတွင်းမှာရှိနေတဲ့ အခြားတိုင်းပြည်တွေနဲ့ အပြန်အလှန်ကုန်သွယ်မှုပမာဏ ဖြစ်ပါတယ်။

ဒီဇယားကိုကြည့်လိုက်ရင် အဖွဲ့ဝင်နိုင်ငံ ၂၁ နိုင်ငံနဲ့ဖွဲ့စည်းထားတဲ့ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့-အေပက် (Asia-Pacific Economic Cooperation-APEC) ဟာ ဒေသတွင်းကုန်သွယ်မှုအရ အကောင်းဆုံးအနေအထားမှာ ရှိနေတာကို တွေ့မြင်နိုင်ပါတယ်။ အေပက်အဖွဲ့ဝင်နိုင်ငံတွေဟာ ကျန်အေပက်အဖွဲ့ဝင်နိုင်ငံတွေနဲ့ အပြန်အလှန် ကုန်သွယ်မှု ၇၀ ရာခိုင်နှုန်းအထိ ပြုလုပ်ကြသလို ဒီအပြန်အလှန်ကုန်သွယ်မှုကနေ နိုင်ငံရဲ့ ဂျီဒီပီကို ၂၇ ရာခိုင်နှုန်းအထိ အထောက်အကူပြုတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ အေပက်အဖွဲ့နဲ့ ယှဉ်ကြည့်ရင် အရှေ့အာရှဒေသနဲ့ အိန္ဒိယသမုဒ္ဒရာဒေသတို့ဟာ စီးပွားရေးအရပေါင်းစည်းမှု အားနည်းနေသေးတာကို တွေ့မြင်နိုင်ပါတယ်။ အခု အင်ဒို-ပစိဖိတ်မဟာဗျူဟာသစ်မှာ အကျုံးဝင်တဲ့ နိုင်ငံတွေအကြား စီးပွားရေးပေါင်းစည်းမှု အနေအထားကိုကြည့်ရင် အာရှ-ပစိဖိတ်ဒေသလောက်တောင် စီးပွားရေးအရ ပေါင်းစည်းမှုမရှိသေးတာကိုလည်း ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်။ အင်ဒို-ပစိဖိတ်ဒေသနိုင်ငံတွေအကြား ကုန်သွယ်ရေးအရပေါင်းစည်းမှု နည်းပါးရတဲ့ အကြောင်းရင်းကတော့ အခုမဟာဗျူဟာသစ်အရ အိန္ဒိယသမုဒ္ဒရာနိုင်ငံတွေကိုပါ ထည့်သွင်းစဉ်းစားလာရခြင်းကြောင့် ဖြစ်ပါတယ်။ အာရှ-ပစိဖိတ်ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေဟာ ကျန်အေပက်အဖွဲ့ဝင် နိုင်ငံတွေနဲ့ ကုန်သွယ်မှုဟာ ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအကြား ရှိသော်လည်း အိန္ဒိယသမုဒ္ဒရာနိုင်ငံတွေရဲ့ ကျန်အေပက်အဖွဲ့ဝင်နိုင်ငံတွေနဲ့ ကုန်သွယ်မှုဟာ ၄၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအကြားသာ ရှိပါတယ်။ တစ်နည်းအားဖြင့် အိန္ဒိယသမုဒ္ဒရာ နိုင်ငံတွေဟာ အနီးအနားမှာရှိတဲ့ တောင်အာရှနိုင်ငံများ၊ ပင်လယ်ကွေ့ဒေသ နိုင်ငံတွေနဲ့သာ ပိုမိုကူးသန်းရောင်းဝယ်မှု ပြုကြတာဖြစ်ပါတယ်။ ဒီအချက်ကိုလည်း အောက်ကပုံပြဇယားကို ကြည့်ရင် သိသာနိုင်ပါတယ်။


ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုအခြေအနေတွေကို ကြည့်ရင်လည်း ကုန်သွယ်ရေးကဏ္ဍလိုပဲ အလားတူ အနေအထားမှာ ရှိပါတယ်။ အောက်က ရင်းနှီးမြှုပ်နှံမှုဇယားကိုကြည့်ရင် ပြည်ပနိုင်ငံတွေမှာ အများအပြားသွားရောက်ရင်းနှီးမြှုပ်နှံကြတဲ့ အမေရိကန်၊ ဂျပန်၊ တရုတ်နိုင်ငံတို့ဟာ အိန္ဒိယသမုဒ္ဒရာဒေသတွင်း နိုင်ငံတွေမှာထက်စာရင် အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံတွေမှာ အများအပြား သွားရောက်ရင်းနှီးမြှုပ်နှံကြတာကို တွေ့နိုင်ပါတယ်။ ၂၀၁၅ ခုနှစ်စာရင်းဇယားအရ အမေရိကန်၊ ဂျပန်၊ တရုတ်သုံးနိုင်ငံပေါင်းရဲ့အာရှ-ပစိဖိတ်ဒေသတွင်းရှိနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှု ပမာဏဟာ ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံအထိရှိပြီး အိန္ဒိယသမုဒ္ဒရာဒေသတွင်း နိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ ဒေါ်လာ ၈၄ ဘီလီယံသာ ရှိတာကို မြင်နိုင်ပါတယ်။ ဒါကြောင့် အင်ဒို-ပစိဖိတ်ဒေသဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အမြင်နဲ့ကြည့်ရင် အပြန်အလှန်မှီခိုပြီး တစ်သားတည်းရှိတဲ့ အနေအထားမှာ မရှိဘူးဆိုတာကို ဖော်ပြနေပါတယ်။

ဒါကြောင့် အင်ဒို-ပစိဖိတ်ဒေသဆိုင်ရာမဟာဗျူဟာ ဟာ အငြင်းပွားဖွယ်ရာ အခြေအနေ သုံးရပ် ရှိနေပါတယ်။ ပထမအချက်က အင်ဒို-ပစိဖိတ်ဒေသဆိုင်ရာ မဟာဗျူဟာမှာ စီးပွားရေးအရ အပြန်အလှန်မှီခိုမှုက အဓိကနေရာကနေ မပါဝင်နိုင်တဲ့အချက်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လုံခြုံရေးဆိုင်ရာ အသားပေးတဲ့ အယူအဆတစ်ရပ်လို့ ပြောနိုင်ပါတယ်။ ဒုတိယအချက်က အိန္ဒိယသမုဒ္ဒရာအတွင်းက နိုင်ငံတွေဟာ အာရှဒေသမှာရှိတဲ့ သူတို့ရဲ့မိတ်ဖက်နိုင်ငံများနဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအရ အပြန်အလှန်အကျိုးရှိစေမယ့် အခွင့်အလမ်းတွေ လက်လွတ်နေခြင်းဖြစ်ပါတယ်။ တတိယအချက်က အင်ဒို-ပစိဖိတ် အယူအဆဟာ သူပြောင်းလဲအစားထိုးမယ့် လက်ရှိ အာရှ-ပစိဖိတ် အခင်းအကျင်းမှာရှိနေတဲ့ စီးပွားရေးပေါင်းစည်းမှုပုံစံနဲ့ အံမဝင်ဂွင်မကျတဲ့ အနေအထားမှာ ရှိနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အင်ဒို-ပစိဖိတ်မဟာဗျူဟာဟာ ရေကြောင်းလုံခြုံရေး ရှုထောင့်အမြင်ကနေကြည့်ရင် အဆင်ပြေသော်လည်း စီးပွားရေးအယူအဆအရကြည့်ရင် အလားအလာမှေးမှိန်နေဆဲ ဖြစ်ပါတယ်။


*(ဆက်လက်ဖော်ပြပါမည်)*

**"အင်ဒို-ပစိဖိတ်မဟာဗျူဟာသစ်ရဲ့ အဓိကရည်မှန်းချက်က ဒေသကြီးတစ်ခုလုံးကို လွှမ်းခြုံတဲ့ သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေ တည်ထောင်ရေးထက် ဩစတြေးလျ၊ ဂျပန်၊ အိန္ဒိယနဲ့ အမေရိကန်နိုင်ငံတို့အကြား ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးသာ ဖြစ်ပါတယ်"**

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ် တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)**




အာရှဒေသတွင်း ပထဝီနိုင်ငံရေးအလိုက် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ၏ ဒေသတွင်း ကုန်သွယ်မှု အနေအထားပြဇယား။




အာရှ-ပစိဖိတ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာဒေသတွင်း နိုင်ငံများ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများ အခြေအနေပြဇယား။

# မုံရွာမြို့ အဝေးပြေးကားကြီးကွင်းကို ယခုနှစ်အတွင်း အပြီးတည်ဆောက်မည်

**မုံရွာ မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် တည်ဆောက်နေသော အဝေးပြေးကားကြီးကွင်းကို ယခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ အဝေးပြေးကားကြီးကွင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းက မုံရွာတောင်ရပ်ကွက်ရှိ မြေကေ ၁၂ ကေ ပေါ်တွင် 'ULTRA Co.,Ltd. မှ တာဝန်ယူ စတင်တည်ဆောက်ခဲ့ရာ လက်ရှိတွင် ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ယခုနှစ် စက်တင်ဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ အင်ဂျင်နီယာမှူး ဦးလှမျိုးက ပြောသည်။

"လက်ရှိ ကားကွင်းက ကျဉ်းတယ်။ ခရီးသည်တွေကလည်း များလာတယ်။ လေအိတ်ကားကြီးတွေ ဝင်လိုက်ရင် အကုန်လုံး ကျပ်တည်းပြီးတော့ အဝင်အထွက် အခက်အခဲတွေဖြစ်တယ်။ အဲဒါကြောင့် အဝေးပြေးကားကွင်းသတ်သတ် ဖော်လိုက်တာ။ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်ဆောက်လုပ်ခဲ့တယ်။ လုပ်ငန်းတွေကို Developer ခေါ်လုပ်တာ ကျပ်သန်း ၁၉၈၀ နဲ့ ULTRA Co., Ltd. က တင်ဒါရတယ်။ စာချုပ်အရ ဒီနှစ် ၉ လပိုင်းမှာ ပြီးစီးရပါမယ်။ အချိန်မီ ပြီးစီးအောင် ဆောက်လုပ်နေပါတယ်" ဟု ၎င်းက ပြောသည်။

မုံရွာမြို့ တောင်ရပ်ကွက်တွင် ရှိသော လက်ရှိအဝေးပြေးကားကြီးကွင်းမှာ ၆ ဧကခန့်သာ ကျယ်ဝန်းသောကြောင့် ကျဉ်းမြောင်းနေသည့်အတွက် ယခုကဲ့သို့ အဝေးပြေးကားကြီးကွင်း တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက် ခြင်းဖြစ်ကြောင်း၊ လက်ရှိတည်ဆောက်နေသော အဝေးပြေးကားကြီးကွင်းမှ ကားဂိတ်များနှင့် ဈေးဆိုင်ခန်းများကိုလည်း စတင်ရောင်းချနေပြီဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ကိုမင်း(အင်းတော်)**



မုံရွာမြို့ အဝေးပြေးကားဝင်းသစ်တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်အတွင်း အဖျက်အမှောက်လုပ်ငန်းများ ဆောင်ရွက်နေသည့် AA အဖွဲ့နှင့် ဆက်စပ်သူများအား တပ်မတော်မှ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

ရခိုင်ပြည်နယ်အတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်စစ်ကြောင်းများ လိုက်ပါလာသည့် မော်တော်ယာဉ်တန်းအား မြောက်ဦး-ကျောက်တော်ကားလမ်း မိုင်တိုင်အမှတ် ၁၁၈/၂ အနီးလမ်းဘေးဝဲယာမှ အရပ်ဝတ်များဝတ်ဆင်ထားသော AA အဖွဲ့မှ ၁၀ ဦးခန့်က ရီမုမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန်ပစ်ခတ်တိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆုတ်ခွာရာ နောက်သို့ တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံရှင်းလင်းစဉ် မြောက်ဦးမြို့နယ် ဘုရားကြီးကျေးရွာနေ ဦးစိန်လှ (ဘ) ဦးလှထွန်းအောင်အား လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ မော်တော်ဆိုင်ကယ် တူးဘောက်အတွင်းမှ ပလတ်စတစ်ဘူးဖြင့် ပြုလုပ်ထားသော ဒေသန္တရလက်လုပ်မိုင်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ မတ် ၁၅ ရက်ကလည်း မြောက်ဦးမြို့နှင့် တိမ်ညိုကျေးရွာကြား လုံခြုံရေးဆောင်ရွက်စဉ် တပ်မတော်စစ်ကြောင်းများနှင့် AA အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး AA အဖွဲ့ အသုံးပြုခဲ့သည့် Honda Wave အမျိုးအစား မော်တော်ဆိုင်ကယ်တစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်ရန်အတွက် တပ်မတော် စစ်ကြောင်းများသည် စစ်တွေမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ပုဏ္ဏားကျွန်းမြို့နယ် ယိုးငူကျေးရွာနှင့် သရက်ချိုကျေးရွာကြားရောက်ရှိစဉ် ကားလမ်း၏ ဘယ်ဘက်ခြမ်း၌ အသင့်စောင့်ဆိုင်းနေသည့် AA အဖွဲ့မှ အင်အား ၃၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်နေရာတစ်ဝိုက်အား ရှင်းလင်းဆောင်ရွက်စဉ် အလောင်းတစ်လောင်းနှင့် ကွန်ကြူပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ရခိုင်ပြည်နယ် ဝါးနက်ရုံဒေသအတွင်းရှိ နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို နှောင့်ယှက်လျက်ရှိသော AA အဖွဲ့ကို တိုက်ခိုက်ချေမှုန်းလျက်ရှိရာ နယ်စပ် မှတ်တိုင်အမှတ်၊ ဘီပီ- ၆၇ အနီးရှိ ပွိုင့်-၈၀၂ တောင်ကုန်း၌ အခြေပြုနေထိုင်လျက်ရှိသော AA အဖွဲ့ကို မတ် ၁၇ ရက်တွင် တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများရယူ၍ ချီတက်ပိတ်ဆို့ တိုက်ခိုက်ချေမှုန်းခဲ့ကြောင်း၊ ဖြစ်စဉ်တွင် အလောင်းနှင့် လက်နက်အချို့ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းများ အနေဖြင့် ရခိုင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေး ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**



**AA သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသော ကွန်ကြူပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း** (အပေါ်ဝဲပုံ) **နှင့် ဦးစိန်လှအား ဒေသန္တရလက်လုပ်မိုင်း၊ မော်တော်ဆိုင်ကယ်နှင့်အတူ တွေ့ရစဉ်။**

## မြန်မာ့ရုပ်မြင်သံကြား

၁၉-၃-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၅ - "အံ့ဖွယ်ထင်ရှား ကမ္ဘာ့ပထမဦးဆုံး ဝေရောစနကျောက်စိမ်းဘုရား"

၈း၃၅ - ဉပဒေရေးရာအဖြာဖြာ "ဆေးပေးမီးယူ"

၁၀း၄၅ - "မွန်တိုင်းရင်းသားတို့ လူမှုဝန်းကျင်မျိုးစုံလင် အမျိုးသားအထိမ်းအမှတ် ဉယျာဉ်"(နေပြည်တော်) (မွန်တိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာ အိမ်ကလေးများ)

၁၅း၀၀ "သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်း လတပေါင်း "(အပိုင်း-၁)

**ညပိုင်း**

၁၆း၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ " (၉၉)

၁၆း၅၀ - မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာ စကားဝိုင်း

၁၇း၄၅ - နိုင်ငံတကာ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်း)

၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

၂၀း၃၅ - ပညာရေးစကားဝိုင်း " လူငယ်များ အချိန်ကို လေးစားသော ယဉ်ကျေးမှု တစ်ရပ် ထူထောင်နိုင်ရေး"

- အနုပညာခန်းရိပ်သာ " အဆိုတော်နွဲ့ယဉ်ဝင်းနှင့် တွေ့ဆုံခြင်း"

# ပေါက်မြို့နယ် ရေခါးကျေးရွာအနီး ရေနံလုပ်ငန်းခွင်အတွင်း မီးလောင်မှုဖြစ်ကာ သုံးဦးသေ၊ ငါးဦးဒဏ်ရာရ

**ပေါက် မတ် ၁၈**

ပေါက်မြို့နယ် သရက္ကန်အုပ်စု ရေခါးကျေးရွာအနီးရှိ တရားမဝင်ရေနံလုပ်ငန်းခွင်အတွင်း မတ် ၁၇ ရက် ည ၁၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားကာ သုံးဦးသေ၊ ငါးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေခါးကျေးရွာအနီး ယာမြေပေါ်တွင် တရားမဝင်ရေနံတူးဖော်နေသော ရေနံတွင်းပိုင်ရှင် မြိုင်မြို့နယ် ပေါင်းတည်ကျေးရွာနေ ဦးအောင်ထက်မင်း၏ ရေနံတွင်းတွင် မြိုင်မြို့နယ် ပေါင်းတည်ကျေးရွာနေ ရေနံတွင်း အလုပ်လုပ်ကိုင်သူ ဦးလှတိုးက ရေနံလှုံကျင်းမှ ရေနံများအား သိုလှောင်ကန်အတွင်းသို့ သံပိုက်များ အသုံးပြု၍ ကူးပြောင်းစဉ် သံပိုက်ချင်း ထိခတ်၍ မီးစတင်လောင်ခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

မီးလောင်မှုကြောင့် ရေနံစိမ်းဂါလန် ငါးရာခန့်မီးလောင်ဆုံးရှုံးခဲ့ပြီး ဦးလှတိုး (၃၅နှစ်)၊ ဦးဇော်မိုး (၃၀ နှစ်)၊ ဦးမိုးဇော်(၃၅နှစ်)တို့ မီးလောင်သေဆုံးခဲ့ကာ ဦးသိန်းထွန်း၊ မောင်ချမ်း၊ ဖိုးလှိုင်(မစိုးရိမ်ရ) ၊တင်မောင်၊ ဝင်းမင်းဦး(စိုးရိမ်ရ) မီးလောင်ဒဏ်ရာများရရှိခဲ့သည်။ မီးလောင်ရာသို့ ပေါက်မြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရေခါး၊ လယ်အို၊ လက်ပံတိုကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ရေယာဉ်များဖြင့် ငြှိမ်းသတ်ခဲ့ရာ ည ၁၂ နာရီခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါက်မြို့နယ် ရဲပြောရဲစခန်းမှ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**



# မြိတ်၊ ပုသိမ်ကြီး၊ မောင်တောမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် ညနေ ၄ နာရီခွဲတွင် မြိတ်မြို့ ကန်ကြီးရပ်ကွက် သာကေတ (၅)လမ်းနေ ဘိုဘို(ခ)နိုင်ဝင်းထိုက်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့နံနက် ၃ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း)မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် စစ်ဆေးရေးစခန်းတွင် ဇော်လတ်(ခ)အားတွမ် မောင်းနှင်လာသည့် FORD RANGER အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ကာလတန်ဖိုးငွေကျပ် ၂၅၆၉၄ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၂ ဒသမ ၄၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ညနေ ၅ နာရီခွဲတွင် ဖားဝပ်ချောင်း ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ငန်းချောင်းကျေးရွာမှ ကျီးကန်းပြင်ကျေးရွာသို့ မောင်းနှင်လာသည့် ခြောက်ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ခန်းတွင် လမ်းကြုံလိုက်ပါသည့် မရွှေရွှေနှင့် မနွယ်နွယ်အောင်တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၁၃၀ သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဉပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အလောင်းတော်ကဿပဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်၍ ငါးဦးသေ၊ ၃၁ ဦး ဒဏ်ရာရ

**ကနီ မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အလောင်းတော်ကဿပ ဘုရားသို့ ဘုရားဖူးမှန်လုံယာဉ်တစ်စီး မတ် ၁၈ ရက် နံနက် ၆ နာရီက ချောက်ထဲထိုးကျ တိမ်းမှောက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ ကနီမြို့နယ် အလောင်းတော်ကဿပဘုရားသို့ ဘုရားဖူးလာသော ယာဉ်အမှတ် SGG 4Q/ ----- မှန်လုံယာဉ်သည် မိုင်တိုင်အမှတ်(၁၆/၄)မိုင် ချောင်းမကြီးစခန်းအတက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည် ၃၆ ဦးအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီးလေးဦးတို့မှာ နေရာတွင် သေဆုံးကြောင်း သိရသည်။

အခြားဒဏ်ရာရရှိသည့် လူနာ ၃၁ ဦးအား အလောင်းတော်ကဿပဂေါပကအဖွဲ့ကားများဖြင့် ကပိုင်တိုက်နယ်ဆေးရုံနှင့် မုံရွာပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသနိုင်ရေး ပို့ဆောင်ထားကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ကြံခင်း၊ မော်လမြိုင်ကျွန်း၊ မြန်အောင်နှင့် ပဲခူးမြို့နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းမိ

**နေပြည်တော် မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၁၄ ရက်က ကြံခင်းမြို့နယ် ပုသိမ်-မုံရွာကားလမ်း၊ မိုင်တိုင်အမှတ်(၉၄/၄)နှင့် (၉၄/၅)ကြား ကံဆယ်ကျေးရွာအနီး နေရာ၌ NISSAN Diesel ယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုးခွဲသား ၁၂ ဒသမ ၁၇၇၆)တန်အား လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု ကျွန်းပြဿဒ်မြစ်အတွင်း ဖားကူးစက်လှေတစ်စင်းပေါ်မှ တရားမဝင် တောင်သရက် / သစ်ပုတ် / ဘောင်ဆန့်ခွဲသား ၆၆)ချောင်း(၁၄ ဒသမ ၂၇၄၆)တန်နှင့် ပြစ်မှုကျူးလွန်သူ သုံးဦးအား လည်းကောင်း၊ မတ် ၁၆ ရက်တွင် မြန်အောင်မြို့နယ်၊ မျှင်ဝါးတောင်ကြိုးဝိုင်းအကွက် အမှတ်(၂၇)အတွင်း တရားမဝင် သပြေ/ စကားဝါခွဲသား ၃၂ ချောင်း (၁၅ ဒသမ ၉၃၅၀) တန်တို့အား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**ဆောင်ရွက်လျက်ရှိ**

ထို့အပြင် မတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ပဲခူးမြို့နယ် ဘောနက်ကြီး-ဇောင်းတူကားလမ်းနှင့် ဘောနက်ကြီးကျေးရွာ ပတ်ဝန်းကျင်တို့မှ တရား မဝင် သစ်တောထွက်ပစ္စည်း တင်ဆောင်သော မော်တော်ယာဉ်ကိုးစီး၊ ပြစ်မှုကျူးလွန်သူကိုးဦး၊ မီးသွေး ၃၁ တန်၊ တရားမဝင်သစ်ခွဲသား (၃၈ ဒသမ ၈၁၇၃)တန်ခန့်တို့အား လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မောင်လူမော်**

# မြန်မာ့တိုင်းရင်းသား အစားအစာရောင်းချသည့် မုန့်တိုက်ပွဲ မော်ဘီမြို့မစျေး၌ ကျင်းပ

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မော်ဘီမြို့နယ်လုံးဆိုင်ရာ ပရဟိတလူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာမြန်မာများ ကြိုက်နှစ်သက်မြတ်နိုးရာ နေ့စဉ်စားသုံးလျက်ရှိကြသော တိုင်းရင်းသား အစားအစာများ တိမ်ကောပပျောက်မှုမဖြစ်ပေါ်စေရေးနှင့်ဓာတုဗေဒဆေးဝါးများ ရောစပ်ပါဝင်မှုမရှိစေရေးအတွက် ရည်ရွယ်၍ မုန့်တိုက်ပွဲကို မတ် ၁၇ ရက်က မော်ဘီမြို့မစျေး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ "ပါဝင်ဆင်နွှဲမုန့်တိုက်ပွဲ"ခေါင်းစဉ်ဖြင့် စာရေးဆရာမ အေးအေးသန့်(စက်မှု) က ကိုယ်တိုင်ရေးသားပြုစုထားသော စာတမ်းကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် စာရေးဆရာ ဝင်းနွယ် (ပုသိမ်)က ဦးဆောင်သော စကားဝိုင်းကို ကလေးသူငယ်အာဟာရဖွံ့ဖြိုးရေးအသင်းမှ ဒေါ်နီလာဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာ အေးငြိမ်းဦး (ကျောင်းကျန်းမာရေး)၊ မြန်မာနိုင်ငံအစားအသောက်ဘေးကင်းလုံခြုံရေးအဖွဲ့ (အကြံပေး)ဒေါက်တာ လှအောင်နှင့် မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးအသင်းအတွင်းရေးမှူး ဦးအောင်ကျော်တို့က စကားဝိုင်းဖွဲ့ ဆွေးနွေးခဲ့ကြသည်။

မုန့်တိုက်စျေးရောင်းပွဲ ဆက်လက်ကျင်းပရာ မြန်မာတိုင်းရင်းသားရိုးရာလတ်ဆတ်သော မုန့်အမျိုးပေါင်း ၁၀၀ ကျော်တို့ကို ဆိုင်ခန်းပေါင်း ၅၀ တို့ဖြင့် ပလတ်စတစ်နှင့် ထုပ်ပိုးရောင်းချခြင်းမပြုဘဲ ငှက်ပျောဖက်၊ ကွမ်းဖက်၊ ဇန်ဒါရွက်များ၊ ကြွေ၊ မြေပန်းကန်ပြားဖြင့်သာရောင်းချကြကာ မော်ဘီမြို့မစျေးရှေ့၌ ရောင်းသူ ဝယ်သူ ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - မျိုးမင်းသိန်း (မရမ်းကုန်း)**



# ဆေးဖက်ဝင် မြန်မာ့ဒန့်သလွန်သီးနှင့် အရွက်ကို ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရန် ကြိုးပမ်းနေ

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံမှထွက်သော ဒန့်သလွန်သီးနှင့် အရွက်ကို ပြည်ပနိုင်ငံများမှ မှာယူမှုရှိသည့်အတွက် တစ်နိုင်ငံလုံးမှထွက်ရှိသော အသီးနှင့်အရွက်များကို တင်ပို့နိုင်ရန် ကြိုးပမ်းနေကြောင်း ရန်ကုန်မြို့ UMFCCI ရှိ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သိရသည်။

"မြန်မာကထွက်တဲ့ ဒန့်သလွန်သီးနဲ့ အရွက်ကို ကွန်တိန်နာ သုံးလုံးစာ လိုချင်ကြတာ။ ကျွန်တော်တို့မှာ မြန်မာတစ်ပြည်လုံးမှ ကွန်တိန်နာတစ်လုံးစာပဲရနိုင်မယ်။ ကျွန်တော်တို့ပို့တဲ့ နမူနာကိုလည်း သူတို့က လက်ခံတယ်။ ဝယ်လက်ရှိပေမယ့် အာဖရိကကိုတော့ အလုမ်းဝေးလို့ မပို့နိုင်ဘူး။ ဂျပန်နဲ့ အမေရိကန်ကတော့ ကုန်ကြမ်းအဖြစ် ဒန့်သလွန်ရွက်ခြောက်မှုန့်နဲ့ ဒန့်သလွန်အဆီကို မှာထားတယ်။ အခုဆို တောင်သူတွေ စိတ်ဝင်စားလာကြပြီး တိုးချဲ့စိုက်ပျိုးဖို့ စိတ်အားသန်နေကြတယ်။ ကျွန်တော်တို့အသင်းက နည်းပညာနဲ့ အကြံဉာဏ်တွေပေးနေပါတယ်"ဟု ဒန့်သလွန်နှင့် ရဲယိုသီး အစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကိုက ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှထုတ်လုပ်သော ဒန့်သလွန်ရွက်အမှုန့်ကို တစ်ကီလိုဂရမ်လျှင် ကျပ်ခြောက်သောင်း၊ ဒန့်သလွန်သီးအဆီ ၁၀ မီလီလီတာကို ကျပ်ငါးထောင်ဖြင့် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ပြည်ပဝယ်လိုအားအတိုင်း တင်ပို့နိုင်ရန် ကြိုးပမ်းသွားမည်ဟု သိရသည်။

ဒန့်သလွန်သီးကို ဆေးဖက်ဝင်သော ဓာတ်စာအဖြစ် ကမ္ဘာတွင် အသုံးပြုလျက်ရှိပြီး အာဖရိကနိုင်ငံရှိ ကလေးငယ်များအား ဒန့်သလွန်ရွက်ကျွေးခြင်းဖြင့် ခန္ဓာကိုယ်ပြန်လည်အားပြည့်လာသည်ကို ကမ္ဘာက အသိအမှတ်ပြုခဲ့သောကြောင့် မြန်မာနိုင်ငံမှ ဒန့်သလွန်သီးနှင့်အရွက်ကို ပြည်ပနိုင်ငံများမှ ဝယ်လိုအားရှိလာခြင်းဖြစ်သည်။ လက်ရှိကမ္ဘာ့စျေးကွက်တွင် ဒန့်သလွန်သီးနှင့် အရွက်ကို အိန္ဒိယနိုင်ငံမှ အများဆုံးစိုက်ပျိုးထုတ်လုပ်နေပြီး အမေရိကန်၊ ဂျပန်၊ ထိုင်ဝမ် (တရုတ်တိုင်ပေ)နှင့် အာဖရိကနိုင်ငံတို့မှ ဝယ်ယူတင်သွင်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မကွေး၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန် တိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒန့်သလွန်ကို အဓိက စိုက်ပျိုးလျက်ရှိသော်လည်း စုစုပေါင်းစိုက်ဧက ၂၀၀ ခန့်သာရှိသောကြောင့် ပြည်ပဝယ်လိုအားကို မဖြည့်ဆည်းနိုင်ဘဲ စျေးကွက်လိုအပ်ချက်အရ ပိုမိုစိုက်ပျိုးရန် တောင်သူများ စိတ်အားထက်သန်လျက်ရှိသည်။ ဒန့်သလွန်သည် ငါးနှစ်မှ ၁၉ နှစ်အထိ သက်တမ်းရှိကာ အရင်းအနှီးနည်းပြီး ဝင်ငွေကောင်းသောအပင်ဖြစ်သောကြောင့် တောင်သူများ စိတ်ဝင်စားနေခြင်း ဖြစ်သည်။


**မကွေးတိုင်းဒေသကြီးတွင် စီးပွားဖြစ်စိုက်ပျိုးထားသော ဒန့်သလွန်စိုက်ခင်းတစ်ခင်း**

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းတွင် ဒန့်သလွန်နှင့် ရဲယိုအစုအဖွဲ့ကို မတ် ၈ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ပသို့တင်ပို့ရာတွင် အစုအဖွဲ့အနေဖြင့် ချိတ်ဆက်ဆောင်ရွက် ခြင်းဖြင့် ခိုင်မာသော စျေးကွက်တစ်ခုကို ရရှိစေရန် ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ပြည်ပ ဝယ်လိုအားရှိနေသော ဒန့်သလွန်ကို တစ်နိုင်ငံလုံးတွင် တိုးချဲ့စိုက်ပျိုးနိုင်ရန် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းက ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ယောဒေသထွက်ကြက်သွန်ဖြူများ ပခုက္ကူစျေးကွက်တွင် ယမန်နှစ်ထက် စျေးနှစ်ဆမြင့်တက်နေ

**ပခုက္ကူ မတ် ၁၈**

ယခုနှစ် ယောဒေသထွက် ဗမာကြက်သွန်ဖြူများ ပခုက္ကူစျေးကွက်သို့ စတင်ဝင်ရောက်လာချိန်တွင် ယမန်နှစ်ကထက် စျေးနှုန်းများ နှစ်ဆခန့်မြင့်တက်လာကြောင်း တောင်သူများနှင့် ပခုက္ကူမြို့ရှိ ပွဲရုံများမှ သိရသည်။

ကြက်သွန်ဖြူစိုက်တောင်သူ ဦးသန်းကျော်က ဗမာကြက်သွန်ဖြူများကို ဒေသအနှံ့၌ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စတင်စိုက်ပျိုးကြပြီး ရက်ပေါင်း ၈၀ကျော်လျှင် နုတ်သိမ်းကာ စျေးကွက်အတွင်းသို့ တိုက်ရိုက်ရောင်းချကြောင်း၊ ပြီးခဲ့သည့်နှစ်က ဗမာကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၅၅၀ ခန့်သာ စျေးရှိခဲ့သော်လည်း ယခုနှစ် စပေါ်ချိန်တွင် ၁၃၀၀ ကျပ်စျေး ရောင်းချနေရကြောင်း၊ ယမန်နှစ်က ကြက်သွန်ဖြူစိုက်ရာတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး ယခု တစ်ပိဿာ ကျပ်တစ်ထောင်ကျော်စျေးရမှ အရင်းရရုံသာ ရှိကြောင်း ပြောသည်။

မြနီလာကုန်စိမ်းပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်လှိုင်က ဗမာကြက်သွန်ဖြူများနည်းတူ တရုတ်ကြက်သွန်ဖြူများလည်း ပခုက္ကူစျေးကွက်သို့ ဝင်ရောက်နေကြောင်း၊ တရုတ်ကြက်သွန်ဖြူများသည် အထားခံပြီး ဗမာကြက်သွန်ဖြူများမှာ သက်တမ်းကုန်လျှင် ပိန်ခြောက်သွားကာ အခွံသာ ကျန်ရှိတော့ကြောင်း၊ တရုတ်ကြက်သွန်ဖြူများမှာ အထားခံသလို စျေးနှုန်းလည်း မြင့်သည့်အတွက် စားသောက်ဆိုင်များက အများဆုံးသုံးကြပြီး ဗမာကြက်သွန်ဖြူများကို ပြည်သူအများစုက အသုံးများကြကြောင်းပြောသည်။ ဟင်းခတ် စားသောက်လျှင် ဗမာကြက်သွန်ဖြူက ပို၍အနံ့မွှေးကြောင်း၊ တရုတ်ကြက်သွန်ဖြူများမှာ အမျိုးအစားမျိုးစုံရှိပြီး အနိမ့်ဆုံး တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

# ဂွမြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအတွင်း အမှိုက်မပစ်ရေး အသိပညာပေး

**ဂွ မတ် ၁၈**

သံတွဲခရိုင် ဂွမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပြည်သူများ ငါးစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေးအတွက် မြစ်ချောင်းများနှင့် ပင်လယ်ကမ်းခြေများသို့ အမှိုက်များမပစ်ချရန်နှင့် စွန့်ပစ်အမှိုက်များကို အမှိုက်ပုံးများဖြင့် စနစ်တကျစွန့်ပစ်ကြရန် စစ်တွေမြို့၌ မတ် ၁၄ ရက်က အသိပညာပေးခဲ့သည်။

"ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ မြစ်ချောင်းတွေ၊ အင်းအိုင်တွေနဲ့ ပင်လယ်ပြင်တွေမှာ လူတွေရဲ့ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေကြောင့် ငါးနဲ့ အခြားရေနေသတ္တဝါတွေ သေကြေပျက်စီးမှုတွေ ဖြစ်နေပါတယ်။ ဒီစွန့်ပစ်ပလတ်စတစ်ပစ္စည်းတွေကို စည်းကမ်းမဲ့ စွန့်ပစ်တဲ့အတွက် ငါးမျိုးပြုန်းတီးမှု အန္တရာယ်နဲ့ ကြုံတွေ့လာနိုင်တာကြောင့် ပလတ်စတစ်ပစ္စည်းတွေအပြင် ငါးဖမ်းပိုက်အစတွေ၊ စွန့်ပစ်စက်သုံးဆီတွေကို ပင်လယ်ပြင်နဲ့ မြစ်ချောင်းတွေအတွင်းကို မစွန့်ပစ်ဖို့ ကျွန်တော်တို့ အသိပညာပေးဟောပြောခြင်းတွေနဲ့ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတွေ လုပ်ကြတာပါ။ ဒါတွေကို ပြည်သူတွေနဲ့ ရေလုပ်သားတွေက လိုက်နာပြီးတော့ ရှောင်ကြဉ်လာမှ ငါးသယံဇာတတွေ ပေါ်များလာမှာပါ"ဟု ဂွမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းမင်းနိုင်က ပြောသည်။


**ရေလုပ်သားများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေစဉ်။**

ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ကို ဂွမြို့နယ်အတွင်းမှ လူစည်ကားရာနေရာများတွင်လည်းကောင်း၊ ပင်လယ်ကမ်းခြေရှိ ရေလုပ်ငန်း လုပ်ကိုင်သူများနှင့် ရေလုပ်သားများထံသို့လည်းကောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းသွားရောက်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# သတင်းတိုများ

## မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေပေးဝေမှုကြောင့် တောင်သူများအဆင်ပြေ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းမှ ဆည်ရေအများဆုံးသိုလှောင်ထားနိုင်သည့် စေတုတ္တရာမြို့နယ်အတွင်းရှိ မုန်းချောင်းရေလှောင်တမံနှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝ ရေလှောင်တမံမှရေများကို မဲဇလီရေလွှဲဆည်မှတစ်ဆင့် မိုးစပါးစိုက်ပျိုးခြင်းအပြင် နွေစပါးနှင့် နွေသီးနှံ ဧက ၆၀၀၀ ခန့်အတွက် ဖေဖော်ဝါရီလမှစတင်၍ စိုက်ပျိုးရေပေးဝေနေပြီဖြစ်ရာ ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိသည်။

ဆည်ရေပေးဝေရာတွင် မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံရေအားလျှပ်စစ်စက်ရုံတို့မှ ဓာတ်အားထုတ်လွှတ်ပြီး ထွက်ရှိလာသည့်ရေများကို မဲဇလီဆည်မှတစ်ဆင့် ဆည်ရေသောက်ရေိယာများသို့ ပေးဝေနေခြင်းဖြစ်သည်။ ယခုနှစ် နွေစပါးရေပေးရာသီတွင် မဲဇလီရေလွှဲဆည်မှရေများကို ပွင့်ဖြူမြို့နယ်မှ နွေစပါး ၃၁၀၄၃ ဧကနှင့် နွေနှမ်း ၂၁၅၁၃ ဧက၊ မင်းဘူးမြို့နယ်မှ နွေစပါး ၉၅၇ ဧကနှင့် နွေနှမ်း ၁၉၈၇ ဧက၊ စလင်းမြို့နယ်မှ နွေစပါး ဧက ၂၅၀၀ နှင့် နွေနှမ်းဧက ၂၀၀၀ စုစုပေါင်း နွေသီးနှံ ဧက ၆၀၀၀၀ ခန့်အတွက် ပေးဝေလျက်ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်း၏ ပြောကြားချက်အရ သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးငွေဖြင့် ကျေးရွာလမ်းခင်း

ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းတန်းရိုးကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ သုံးနှစ်အတွင်း အတိုးရငွေ ကျပ်သိန်း ၁၀၀ ထဲမှ ကျပ်သိန်း ၅၀ ဖြင့် ကျွန်းတန်းရိုးကျေးရွာအတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ယခု မတ်လဆန်းပိုင်းတွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ အောက်ခံကျောက်သားအမာခံရှိပြီးဖြစ်သည့် ကျေးရွာတွင်းလမ်း အရှည်ပေ ၂၅၀၀ တွင် အကျယ် ၁၈ ပေ မြေနီလမ်းခင်းခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရန်နိုင်စိုးနှင့် အဖွဲ့က မတ်လ ဒုတိယပတ်အတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဗထူး**

# ပြည်ပသို့ဆန်တင်ပို့မှု ပူးပေါင်းဆောင်ရွက်ရန် ဆန်စပါးအသင်းချုပ်က အသင်းဝင်ကုမ္ပဏီများကို ဖိတ်ခေါ်

**ရန်ကုန် မတ် ၁၈**

ပြည်ပသို့ ဆန်တင်ပို့မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က အသင်းဝင်ကုမ္ပဏီများကို ဖိတ်ခေါ်ထားကြောင်း၊ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုလုပ်ငန်းများကို အစိုးရချင်းသဘောတူညီမှု(G to G)ဖြင့် တင်ပို့ရောင်းချမှုများတွင် လည်းကောင်း၊ အသင်းချုပ်၏ စီစဉ်မှုဖြင့် စုပေါင်းညှိနှိုင်း ရောင်းချမှုများတွင်လည်းကောင်း ပါဝင်ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ခြင်းဖြစ်ပြီး အသင်းဝင်ကုမ္ပဏီများမှာ ယခုလ နောက်ဆုံးထား၍ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း အသင်းချုပ်မှ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်း၍ ဆန်ပို့ကုန်မြှင့်တင်နိုင်ရန်အတွက် စျေးကွက်အသစ်များကို မြန်မာနိုင်ငံမှ ဆန်ဝယ်နေကျဖြစ်သော အာဖရိက၊ တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စသည့်နိုင်ငံများတွင် ချိတ်ဆက်ရှာဖွေသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီအတွင်းကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ ကျင်းပသော The 2nd China Myanmar Economic Corridor Forum သို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့တက်ရောက်ခဲ့ရာ ယခုနှစ်အတွင်း မြန်မာနိုင်ငံမှ ဆန်တန်ချိန် လေးသိန်းအထိ တရားဝင်(Quota)ဖြင့် တင်ပို့ခွင့်ရရှိရေးအတွက် အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဖေဖော်ဝါရီ ၂၅ ရက်က ထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် မြန်မာနိုင်ငံမှထွက်ရှိသော ဆန်ကွဲကို မြန်မာနိုင်ငံမှ ရောင်းသူနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုန်ဝယ်သူတို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး တရားဝင်လိုင်စင်လျှောက်ထား၍ အခွန်ပေးဆောင်ပြီး ရောင်းဝယ်နိုင်ကြောင်းလည်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဆန်တင်ပို့ရာတွင် အပင်ပိုးမွှားကင်းစင်ရေးကို ပြန်လည်စစ်ဆေးပေးရန် တရုတ်နိုင်ငံဘက်မှ ပြောဆိုနေသောကြောင့် ကုန်သည်များအနေဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် လိုအပ်ကြောင်းလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

**ငြိမ်းငြိမ်း**

# သခွားမွှေးများ GAP ဈေးကွက်ရရှိရန်နှင့် လက်မှတ်ရရှိရန် ခက်ခဲလျက်ရှိ

**ရေစကြို မတ် ၁၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကမ်းဖြူကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (Good Agricultural Practices - GAP) စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားသော သခွားမွှေးများအနေဖြင့် GAP သီးသန့်ရောင်းချနိုင်ရန် ဈေးကွက်ခက်ခဲနေသကဲ့သို့ဈေးကွက်မတင်မီ GAP လက်မှတ်ရရှိရန်လည်း ခက်ခဲလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

GAP စနစ်ဖြင့်သခွားမွှေးစိုက်ပျိုးသူ ဦးကျော်မင်းက "ကျွန်တော် ဒီနှစ် GAP စနစ်နဲ့ သခွားမွှေး ငါးဧက စိုက်ခဲ့ပါတယ်၊ GAP စနစ်နဲ့ ကိုက်ညီအောင် မြေတို့၊ ရေတို့ကိုလည်းဓာတ်ခွဲခန်းပို့ပြီး စစ်ဆေးခဲ့တာ ဓာတ်ကြွင်းမရှိပါဘူး၊ အောင်မြင်ပါတယ်၊ အသီးကို ဓာတ်ခွဲခန်းပို့စစ်ဆေးတာက ဖေဖော်ဝါရီ ၂၂ ရက်မှာ ဓာတ်ခွဲခန်းကို အသီးရောက်ပါတယ်၊ မတ် ၄ ရက်မှာ အဖြေထွက်ပါတယ်၊ ဒါပေမယ့် အခု အသီးရောင်းချပြီးချိန်အထိ GAP လက်မှတ် မရသေးပါဘူး၊ လက်မှတ်မရသေးတာကြောင့် ရိုးရိုးအသီးဈေးနှုန်းနဲ့ပဲ တရုတ်ကို ရောင်းချခဲ့ရပါတယ်"ဟု ပြောသည်။

အဆိုပါစိုက်ခင်းထွက် GAP အသီးများကို ရန်ကုန်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့သည်မှာ ၁၉ ရက်ခန့် ရှိပြီဖြစ်သော်လည်း GAP လက်မှတ်ကို မရရှိသေးသလို GAP လက်မှတ်ရရှိသည့်တိုင် လက်ရှိရောင်းချနေသော တရုတ်ဝယ်လက်များအနေဖြင့် GAP အသီးများကို စိတ်ဝင်စားမှုမရှိကြကြောင်း သိရသည်။

"နေရာဒေသအမျိုးမျိုးမှာ ကျွန်တော်တို့အတွက် ဓာတ်ခွဲခန်းတွေဖွင့်ပေးမှ အဲဒီနည်း(GAPစနစ်)ကို သွားလို့ရမှာ၊ အခုဟာက ရန်ကုန်တစ်ခုတည်း ဓာတ်ခွဲခန်းရှိတယ်၊ ပို့ဆောင်ရေးကလွယ်ပေမယ့် GAP လက်မှတ်က အခုချိန်အထိ မရသေးဘူး၊ GAP လက်မှတ်ထုတ်ပေးရေးဌာနကတော့ ကွင်းဆင်းစစ်ဆေးထားတဲ့ အဆင့်ဆင့်မှတ်တမ်းတွေ ရောက်မလာတာကြောင့် လက်မှတ်ထုတ်ပေးဖို့ အချိန်နောက်ကျနေတာလို့ ပြောပါတယ်၊ ကျွန်တော့်အသီးတွေက စိုက်ခင်းထဲ ဒီတိုင်းထားမရတော့ GAP လက်မှတ်မရလည်း ရောင်းလိုက်ရတော့တာပေါ့"ဟု ဦးကျော်မင်းကပြောသည်။

"အသီးကို ဓာတ်ခွဲခန်းမှာစစ်တာ မြန်လို့ရှိရင်တော့ ဈေးကွက်ထဲကို GAP လက်မှတ်နဲ့ ရောင်းရရင်တော့ ဈေးကွက်တစ်မျိုးဖြစ်နိုင်တယ်ပေါ့၊ GAP က စားသုံးသူလည်း အန္တရာယ်ကင်းရမယ်၊ နောက် ထုတ်လုပ်တဲ့သူတွေ၊ လုပ်သားတွေလည်း ကျန်းမာရေးနဲ့ပက်သက်တဲ့ အန္တရာယ်ကင်းရမယ်၊ ပုံမှန်စိုက်တဲ့အနေအထားနဲ့GAP စနစ်နဲ့ စိုက်တဲ့ အနေအထားက သိပ်ကွာဟမှုမရှိဘူး၊ မြေတို့ ရေတို့ကတော့ ကျွန်တော်တို့ဒေသတွေက ဓာတုဓာတ်ကြွင်းသိပ်မရှိပါဘူး၊ ပိုးသတ်ဆေးသုံးစွဲမှုမှာတရားဝင် ပိုးသတ်ဆေးတွေကို သုံးရမယ်လို့ ညွှန်းထားတဲ့ အတိုင်း တိတိကျကျလိုက်နာပြီးတော့ ဆောင်ရွက်ရမယ်၊ အဲဒါဆိုရင် စားသုံးတဲ့သီးနှံတွေမှာ အန္တရာယ်မဖြစ်ဘူး၊ GAP စနစ် စိုက်ဖြစ်တာက စားသုံးတဲ့သူတွေ အတွက် အန္တရာယ်ကင်းဖို့နဲ့ GAP သီးအတွက် ဈေးကွက်လိုချင်လို့ စိုက်ဖြစ်တာပါ"ဟုလည်း ၎င်းက ဆက်ပြောသည်။

မြန်မာနိုင်ငံတွင် GAP စနစ်ဖြင့် စိုက်ပျိုးပါက အာဆီယံ ၁၀ နိုင်ငံသို့ တင်ပို့နိုင်ကြောင်း၊ လက်ရှိ ဝယ်လက် တရုတ်နိုင်ငံ၏ သခွားမွှေးဈေးကွက်မှာ မတည်ငြိမ်သောကြောင့် ဈေးကွက်သစ်များ ရှာဖွေရောင်းချရန် ရည်ရွယ်ကာ ယခုနှစ်တွင် သခွားမွှေးကို GAP စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ (ရေစကြို)**



ကမ်းဖြူကျေးရွာ၌ GAP စနစ်ဖြင့် စိုက်ပျိုးထွက်ရှိသော သခွားမွှေးများ

# ရှေးဟောင်းစေတီသုံးဆူ ရွှေထီးတော်တင်လှူပွဲနှင့် အနေကဇာတင် အလှူတော်မင်္ဂလာကျင်းပ

**ပြင်ဦးလွင် မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပင်လိန်အရှေ့ကျေးရွာ ရွှေလမင်းကျောင်းတိုက်အတွင်းရှိ ရှေးနှစ်ပေါင်း ၄၀၀ ခန့်က အလှူရှင်များ တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းဘုရားစေတီ သုံးဆူကို သီတဂူ ဒေါက်တာအရှင်သာသနနှင့် သာသနပြုမှန်ကျောင်းဆရာတော် အရှင်ဇာဂရတို့က ဦးဆောင်၍ စေတနာရှင်ပြည်သူများ၏ စုပေါင်းအလှူဖြင့် ပြန်လည်ပြုပြင်မွမ်းမံခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် ရွှေထီးတော်တင်လှူပွဲနှင့် အနေကဇာတင် ရေစက်ချအလှူတော်ပွဲကို မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

ထီးတော်တင်ပွဲတွင် ဆရာတော် သံဃာတော်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များနှင့် အလှူရှင်ပြည်သူများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး ဉ့ေပရိသတ်များက ဆရာတော်များထံမှ သီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်များနှင့် အလှူရှင်များက ရွှေထီးတော်များကို တင်လှူ၍ စေတီတော်များကို အနေကဇာတင်ကာ အလှူရှင်များက ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**



ရှေးဟောင်းစေတီတော်သုံးဆူကို ထီးတော်တင်နေစဉ်။

# လေးတန်ချောင်း ရေကြီးရေလျှံမှုနှင့် ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ရေး ဆောင်ရွက်

**မိုးညှင်း မတ် ၁၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၌ မိုးတွင်းကာလတွင် လေးတန်ချောင်း ရေကြီးရေလျှံမှုနှင့် ချောင်းကမ်းပါးများ ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် ချောင်းကောဆယ်ယူခြင်းလုပ်ငန်းကို ရွှေနန်းတင် လမ်းတံတားဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူပြီး မော်ဟန်ကျေးရွာ ဒေသဖွံ့ဖြိုးရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လေးတန်ချောင်း တိမ်ကောနေသော နေရာများကို စက်ယန္တရားဖြင့် ဆယ်ယူနေစဉ်။

"လေးတန်ချောင်း ရေစီးရေလာကောင်းမွန်ဖို့နဲ့ မိုးတွင်းကာလမှာ ရေကြီးရေလျှံမှုကြောင့် ချောင်းကမ်းပါးပျက်စီးမှုမှ ကာကွယ်နိုင်ဖို့ ချောင်းကောဆယ်ယူခြင်းလုပ်ငန်းကို မတ် ၈ ရက်က စတင်ဆောင်ရွက်ပါတယ်၊ မော်ဟန်ရွာ ဒေသခံများရဲ့စိတ်တိုင်းကျဖြစ်စေဖို့ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးပြီး စနစ်တကျ ဆောင်ရွက်သွားမှာပါ"ဟု မော်ဟန်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မြင့်က ပြောကြားသည်။

အဆိုပါ လေးတန်ချောင်း ချောင်းကောဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ် ၂၇၀၉ သိန်းဖြင့် ရွှေနန်းတင် လမ်းတံတားဆောက်လုပ်ရေးကုမ္ပဏီ(မြစ်ကြီးနား)က မတ် ၈ ရက်တွင် တင်ဒါအောင်မြင်ခဲ့ပြီး ကုမ္ပဏီအနေဖြင့် လေးတန်ချောင်းကော ဆယ်ယူရေးလုပ်ငန်းအပြင် မိုးညှင်းမြို့နယ်အတွင်း နန့်ရင်းချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် သံမဏိခြင်း အခြေပြု ကျောက်စီမြေထိန်းနံရံ ပေ ၆၀၀ လုပ်ငန်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**၀၇၈**

# စွန့်ပစ်ပစ္စည်း စပါးခွံများကို အကျိုးရှိစွာသုံးစွဲနိုင်ရန် မအူပင်၌ အသိပညာပေး သရုပ်ပြ

**မအူပင် မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် စပါးစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ စပါးကြိတ်ခွဲခြင်းမှ စွန့်ပစ်ပစ္စည်းဖြစ်သည့် စပါးခွံများကို လောင်စာနှင့် သဘာဝမြေဩဇာအဖြစ် အကျိုးရှိစွာ အသုံးပြုနိုင်ရန်အတွက် သရုပ်ပြပွဲကို မအူပင်ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မတ် ၁၇ ရက်က ပြုလုပ်ခဲ့သည်။

စပါးတစ်တင်းလျှင် စပါးခွံ ၂၀ ရာခိုင်နှုန်း ထွက်ရှိပြီး လက်ရှိအချိန်တွင် စပါးခွံများကို အကျိုးရှိစွာအသုံးမပြုဘဲ မြစ်ချောင်းများတွင် စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေခြင်းစသည့် ပြဿနာများကို တွေ့ကြုံရသဖြင့် ထိုသို့မဖြစ်စေရန် စပါးခွံကို သဘာဝမြေဩဇာအဖြစ် ပြုလုပ်သုံးစွဲနည်း၊ လောင်စာအဖြစ် ပြုလုပ်သုံးစွဲနည်းများနှင့် ပြုလုပ်ပုံအဆင့်ဆင့်ကို တောင်သူများသိရှိပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် မအူပင်ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သရုပ်ပြပွဲပြုလုပ်ခြင်းဖြစ်ကာ စိတ်ဝင်စားသည့်တောင်သူများ တက်ရောက်လေ့လာခဲ့ကြပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်တင်လဲ့လဲ့ဦးနှင့် ဝန်ထမ်းများက လက်တွေ့သရုပ်ပြမှုများ ဆောင်ရွက်ခဲ့သည်။

**အောင်မြင့်မြတ်(မအူပင်)**

# အသက် ၈၀ အထက် စစ်မှုထမ်းဟောင်းများနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

**မိတ္ထီလာ မတ် ၁၈**

(၇၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိတ္ထီလာမြို့နယ်၌ အသက် ၈၀ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် နိုင်ငံတော်အတွက် ကိုယ်လက်အင်္ဂါ စွန့်လွှတ်လှူဒါန်းသော မသန်စွမ်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၁၈ ရက်က ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်မြဝင်း(ငြိမ်း)နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်တို့က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက် ၈၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၂၅ ဦးနှင့် နိုင်ငံတော်အတွက် ကိုယ်လက်အင်္ဂါ စွန့်လွှတ်လှူဒါန်းခဲ့သည့် မသန်စွမ်းအဖွဲ့ဝင် ၁၀၉ ဦး၊ စုစုပေါင်း ၂၃၄ ဦးအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေ ကျပ် ၁၁၇၀၀၀၀ နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေ ကျပ် ၅၅၆၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်လာသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ တပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့က မြို့နယ်များအလိုက် မူခင်းအသိပညာပေးဆောင်ရွက်

**ဘုတလင်**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် မတ် ၁၇ ရက်နံနက်ပိုင်းက မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလှိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်မြင့်လွင်တို့ဦးစီးသည့် တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူ ၁၁၀ အား မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးတို့ကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

**စမ်းချောင်း**

စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ရှင်စောပုဘုရားလမ်းရှိ ရှင်စောပုဓမ္မာရုံ၌ မတ် ၁၆ ရက်က စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းနိုင်တို့မှ ဦးဆောင်၍ သက်ငယ်မုဒိမ်းလျော့နည်းကျဆင်းရေးနှင့် မူခင်းလျော့နည်းကျဆင်းရေးအကြောင်းအရာများ အသိပညာပေးဟောပြောခြင်း၊ သင်္ကြန်ကာလအတွင်း ကာမစိတ်ကြွဆေးများ ရောင်းဝယ်သုံးစွဲခြင်းမပြုရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်းမပြုရေးတို့ကို အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

**မရမ်းကုန်း**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ၂ ရပ်ကွက် ပေါ်တော်မူဘုရားဝင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးသန့်နှင့် ဘုရင့်နောင် နယ်မြေရဲစခန်းမှူး ရဲအုပ်တင်လင်းဇော်၊ အမှတ် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်ယဉ်ယဉ်ထွန်းတို့က သက်ငယ်မုဒိမ်းမှုပပျောက်ရေးဟောပြောပွဲကို မတ် ၁၈ ရက် ည ၇ နာရီခန့်က ကျင်းပခဲ့ရာ ရပ်ကွက်နေပြည်သူ ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရ သည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

**လယ်ဝေး**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးခြင်းကို မတ် ၁၅ ရက်က ချောင်းခွအုပ်စု ရွာသစ်ရွာ၌ ကျင်းပရာ သစ်ပုတ်ပင် နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဆွေက ဒေသခံ ၈၀ အား အသိပညာပေးဟောပြောကြောင်း သိရသည်။

**ကိုကိုရှူပ (နေပြည်တော်)**

**အလုံ**

အလုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်ကြည်သည် မတ် ၁၇ ရက်က သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မူခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၃၆။ (က) စစ်ဆေးရေးအရာရှိများသည် လုပ်ငန်းခွင်ထိခိုက်မှုများ၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများဖြစ်ပွားကြောင်း သိရှိရပါက စုံစမ်းစစ်ဆေးရမည်။

(ခ) မည်သူမဆို ဖြစ်ပွားခဲ့သည့် လုပ်ငန်းခွင်ထိခိုက်မှုများ၊ ဘေးအန္တရာယ်ရှိသော ဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများနှင့် သက်ဆိုင်သည့်ပစ္စည်းများ၊ စက်ကိရိယာများ၊ ကိရိယာတန်ဆာပလာများ၊ နေရာအခင်းအကျင်းများ၊ စာတမ်းအမှတ်အသားများ အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ စစ်ဆေးရေးအရာရှိချုပ်၏ခွင့်ပြုချက်မရဘဲ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

(ဂ) ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်သည် အသက်အိုးအိမ်စည်းစိမ်၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သောလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) ပုဒ်မခွဲ (ခ) အရ တားမြစ်မှုသည်နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပွားနိုင်ပါက စစ်ဆေးရေးအရာရှိချုပ်သည် ပစ္စည်းများ၊ စက်ကိရိယာများ၊ ကိရိယာ တန်ဆာပလာများနှင့် နေရာအခင်းအကျင်းကို ဖယ်ရှားခြင်း၊ ဖြုတ်သိမ်းခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ရန်ခွင့်ပြုနိုင်သည်။

၃၇။ ကောင်စီသည် ဘေးအန္တရာယ်ရှိသောဖြစ်ရပ်များဖြစ်ပွားခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါဖြစ်ပွားခြင်းနှင့် ကြီးမားပြင်းထန်သောလုပ်ငန်းခွင်ထိခိုက်မှုများကို လိုအပ်ပါက စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးကော်မတီကို သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၃၈။ ပုဒ်မ၃၇အရ ဖွဲ့စည်းသည့်စုံစမ်းစစ်ဆေးရေးကော်မတီသည်စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ၃၇ပါ ကိစ္စအတွက် စုံစမ်းစစ်ဆေးရန် ရည်ရွယ်ချက်ဖြင့်သာ စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သောနေရာသို့ ဝင်ရောက်စစ်ဆေးနိုင်ခွင့်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သောပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးရန် ဆင့်ဆိုခြင်း၊ စုံစမ်းမေးမြန်းခြင်းနှင့် စစ်ဆေးချက်များရယူခြင်း ပြုနိုင်သည်။

(ဂ) လိုအပ်သည့်စာရွက်စာတမ်း၊ စာရင်းဇယား၊ စာချုပ်၊ သက်သေခံအထောက်ထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို ရယူနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်တို့ပါဝင်သော အစီရင်ခံစာကို သတ်မှတ်ရက်အတွင်း ကောင်စီသို့ တင်ပြရမည်။

## အခန်း (၁၁)

## စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူအဖြစ် ဆောင်ရွက်ခြင်းနှင့် သင်တန်းကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း

၃၉။ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ကိုက်ညီပါက အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက်သော်လည်းကောင်း၊ သင်တန်းကျောင်းတည်ထောင်သူအဖြစ် လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရေးအတွက်သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၀။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ပုဒ်မ ၃၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုသည့်အခါ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ်တို့၏ သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူအား အသိအမှတ်ပြုလက်မှတ်ကိုလည်းကောင်း၊ သင်တန်းကျောင်းတည်ထောင်သူအား မှတ်ပုံတင်လက်မှတ်ကိုလည်းကောင်း အသီးသီး ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသော စမ်းသပ်စစ်ဆေး ပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူနှင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးထားသော သင်တန်းကျောင်းများကို မှတ်ပုံတင်ထားရမည်။

၄၁။ (က) ပုဒ်မ၄၀၊ ပုဒ်မခွဲ(ခ)အရ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိသူသည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါကဝန်ကြီးဌာနက သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရမည်။

၄၂။ (က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူသည် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ စမ်းသပ်စစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းကြောင်းတွေ့ရှိပါက ဘေးအန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ အလုပ်ရှင်အား ထုတ်ပေးရမည်။

(ခ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်း တည်ထောင်သူသည် ဦးစီးဌာနက သတ်မှတ်ပေးသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

## အခန်း (၁၂)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၃။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူက အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်ခွင့် ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာပေးပို့ရမည်-

(၁) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆောင်ရွက်ခွင့်ရရှိရန် သို့မဟုတ် သင်တန်းကျောင်း တည်ထောင်သူက သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ရရှိရန် လျှောက်ထားရာတွင် မမှန်မကန် တင်ပြခဲ့ခြင်း၊

(၂) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆက်လက်လုပ်ကိုင်ရန် သို့မဟုတ် သင်တန်းကျောင်းအဖြစ် ဆက်လက်ဖွင့်လှစ်လုပ်ကိုင်ရန် သင့်လျော်မှုမရှိဟု စိစစ်တွေ့ရှိခြင်း၊

(၃) ဦးစီးဌာနမှသတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာနှင့်စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်း တည်ထောင်သူအား အကြောင်းကြားစာ လက်ခံရရှိပြီး သတ်မှတ်ရက်အတွင်း ဖြေရှင်းတင်ပြစေရမည်။

(ဂ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်း တည်ထောင်သူ၏ ပုဒ်မခွဲ(ခ)ပါ ဖြေရှင်းချက်အပေါ် ခိုင်လုံသော အကြောင်းပြချက်မရှိကြောင်းတွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း သို့မဟုတ် ထုတ်ပေးထားသော အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုရမည်။

## အခန်း(၁၃)

## အယူခံခြင်း

၄၄။ (က) စစ်ဆေးရေးအရာရှိများက ပုဒ်မ၁၈အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ) အရ လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် အဆိုပါ အမိန့်ချမှတ်သည့် သို့မဟုတ် တားမြစ်သည့်နေ့မှ ရက်ပေါင်း၃၀အတွင်း ကောင်စီက ဖွဲ့စည်းပေးသည့် အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ(က) အရ အယူခံမှုကို စိစစ်ပြီး စစ်ဆေးရေးအရာရှိ၏ အမိန့် သို့မဟုတ် တားမြစ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၅။ (က) ပုဒ်မ၄၃အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း၃၀အတွင်း အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည်ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၆။ အယူခံမှုများနှင့်စပ်လျဉ်း၍ အယူခံကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၄၇။ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူသည် ပုဒ်မ ၄၃ အရ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ရပ်ဆိုင်းသည့် သို့မဟုတ် ပယ်ဖျက်သည့် ဆုံးဖြတ်ချက်ကို အယူမခံလျှင် ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ခုနစ်ရက်အတွင်း သို့မဟုတ် အယူခံသော်လည်း အယူခံကော်မတီက ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၁၄)

## တားမြစ်ချက်များ

၄၈။ (က) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသူနှင့် စတင်လုပ်ကိုင်လိုသူ မည်သူမျှ ဦးစီးဌာနသို့ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း မပြုရ။

(ခ) မည်သူမျှ ဤဥပဒေနှင့်သက်ဆိုင်သည့်လုပ်ငန်းများရှိ အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊လုပ်ငန်းစဉ်အလိုက် စက်ကိရိယာများနေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲအသုံးပြုခြင်းများကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်အညီ ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရန် ပျက်ကွက်ခြင်း မပြုရ။

(ဂ) မည်သူမျှ ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်မရှိဘဲ သင်တန်းကျောင်းတည်ထောင်သူအဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း မပြုရ။

၄၉။ မည်သည့်အလုပ်ရှင်မျှ-

(က) ပုဒ်မ၁၈အရ ယာယီရပ်နားရန် ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မပြုရ။

(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မပြုရ။

(ဂ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ စစ်ဆေးရေးအရာရှိက ထုတ်ပြန်သည့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မပြုရ။

(ဃ) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ထ) အရ သတ်မှတ်သည့် အလုပ်ချိန်ထက် ကျော်လွန်စေခိုင်းခြင်း မပြုရ။

(င) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဒ) အရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကုန်ကျစရိတ်များကို တာဝန်ယူကျခံရန် ပျက်ကွက်ခြင်း မပြုရ။

၅၀။ မည်သူမျှ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ ပုဒ်မ၃၆၊ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း မပြုရ။

၅၁။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်သည့် မည်သည့်ပုဂ္ဂိုလ်မျှ မိမိ၏ရာထူးဆိုင်ရာ တာဝန်ဝတ္တရားများဆောင်ရွက်ရာ၌ သိရှိလာသည့် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်တစ်ခုခုနှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို ရာထူးတာဝန်ထမ်းဆောင်နေစဉ်တွင်သော်လည်းကောင်း၊ ရာထူးတာဝန်မှအနားယူပြီးနောက်တွင်သော်လည်းကောင်း တရားရုံးတွင် သက်သေခံသည်မှအပ မည်သူကိုမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

## အခန်း(၁၅)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတာဝန်ခံ မည်သူမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၃။ အလုပ်ရှင်မည်သူမဆို ပုဒ်မ၁၂၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) မှ (တ) အထိ၊ ပုဒ်မ ၂၇နှင့် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၅၄။ အလုပ်သမားမည်သူမဆို ပုဒ်မ၃၀၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊(စ) နှင့် (ဇ) တို့ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၅။ အလုပ်သမားမည်သူမဆို ပုဒ်မ၃၀၊ ပုဒ်မခွဲ (င) နှင့် (ဆ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို တမင်ကြံရွယ်ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၆။ ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူ၊ တပ်ဆင်သူ သို့မဟုတ် ဖြုတ်သိမ်းသူ၊ တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူမည်သူမဆို ပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ အလုပ်ရှင်မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ်အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၅၈။ မှတ်ပုံတင်ဆရာဝန် မည်သူမဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက် မပိုသောငွေဒဏ် ချမှတ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*


With POSCO
Go
Together
အမည် အသစ်နဲ့ အသစ်တဖန် ပြန်လည် မွေးဖွားလာသော ပေါ်စကိုအင်တာနေရှင်နယ်လ်သည်
တန်ဖိုးကို သိမြင် တွေ့ရှိပြီး အခွင့်အရေးများကို ဖန်တီးပေးပါမည်။
ပေါ်စကို ဒေဝူးအား ပေါ်စကိုအင်တာနေရှင်နယ်လ်အဖြစ် အသစ်တဖန် စတင်နိုင်ခဲ့ပါပြီ။
ပေါ်စကို ဒေဝူးသည် ၁၉၆၇ခုနှစ်တွင် ဒေဝူးဆိုသော ကုမ္ပဏီအမည်ဖြင့် စတင်ခဲ့ပြီး ပေါ်စကိုဂရု(ပ်)၏
ကုမ္ပဏီခွဲတစ်ခုအဖြစ်ဖြင့်
တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးကို ဦးညွှန့် ဖွံ့ဖြိုးလာအောင် ဦးဆောင်လာခဲ့ပါသည်။
ယခုအခါမှာတော့ တာဝန်ယူ လုပ်ဆောင်နေသော လုပ်ငန်းဆောင်တာများနှင့် ကိုက်ညီသည့်
ပေါ်စကိုအင်တာနေရှင်နယ်လ်ဆိုသော အမည် အသစ်ဖြင့် အသစ်တဖန် စတင်မွေးဖွားလာခဲ့ပါပြီ။
နိုင်ငံပေါင်း ၈၀ကျော်၌ ရှိသော ရုံးခွဲများမှ တဆင့် စတီးနှင့် ကားပစ္စည်းများ အပါအဝင် အမျိုးမျိုးသော
ကုန်ပစ္စည်းများကို ရောင်းချပေးနေပါသည်။
လျှပ်စစ် နှင့် စွမ်းအင် ထုတ်လုပ် ရောင်းချမှု၊ စားသုံးကုန်လုပ်ငန်း အစရှိသော နယ်ပယ်များတွင်လည်း
ကျယ်ပြန့်စွာ လုပ်ဆောင်နေသော ပေါ်စကိုအင်တာနေရှင်နယ်လ်သည်
ကုန်သွယ်မှု လုပ်ငန်းများအပြင် ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုးတက်မှုကိုသာမက ကမ္ဘာတစ်လွှားတွင် ရှိသော
လူအများ၏ လူနေမှု့ အဆင့်အတန်းများကိုပါ တိုးတက်ဖွံ့ဖြိုးလာစေရန် လုပ်ဆောင်ပေးမည့်
အရည်အသွေးမြင့် ကုန်ပစ္စည်းများကိုသာ ထုတ်လုပ် ရောင်းချပေးနေသော ဂလိုဘယ်လ်
ကုမ္ပဏီတစ်ခုအဖြစ် တိုးတက်လာခဲ့ပါပြီ။
posco
INTERNATIONAL

# နိုင်ငံတော်ကာကွယ်ရေး စွမ်းပကားမြှင့်တင်ရေးအတွက် တပ်မတော်(ရေ)၏ စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ရေပိုင်နက် (ကိုကိုးကျွန်းဒေသ) ၌ တပ်မတော်(ရေ) မှ စစ်ရေယာဉ်တပ်ပေါင်းစုပင်လယ်ပြင် စစ်ဆင်မှုလေ့ကျင့်ပြုလုပ်ခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)

**နေပြည်တော် မတ် ၁၈**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာကာကွယ်စောင့်ရှောက်ရန်အတွက် ကာကွယ်ရေးစွမ်းရည် ထက်မြက်မြင့်မားစေရန် တပ်မတော် (ကြည်း၊ ရေ၊ လေ) လေ့ကျင့်ခန်းများကို အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြန်မာ့ရေပိုင်နက် (ကိုကိုးကျွန်းဒေသ) ၌ တပ်မတော်(ရေ) မှ စစ်ရေယာဉ် တပ်ပေါင်းစု ပင်လယ်ပြင် စစ်ဆင်မှု (Combined Fleet Exercise-Sea Shield 2019) လေ့ကျင့်ပြုလုပ်ခြင်းအား ဆောင်ရွက်ကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော် (ရေ) ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဆွေးနွေးပွဲကျင်းပ



**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ဆွေးနွေးပွဲကျင်းပစဉ်။** သတင်းစဉ်

**နေပြည်တော် မတ် ၁၈**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် အစိုးရနှင့် ၂၀၁၂ ခုနှစ်ကတည်းက ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်များရေးထိုးခဲ့ပြီး ဒေသတွင်းနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုများ မရှိသလောက် အခြေအနေကောင်းများကို ထိန်းသိမ်းထားနိုင်သည့် အဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ UNFC ၏ နိုင်ငံရေးဆွေးနွေးရေးအဖွဲ့ဖြစ်သည့် DPN တွင် KNPP မှ ဒုတိယဥက္ကဋ္ဌ ခူဦးရယ်က အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ခဲ့ပြီး ငြိမ်းချမ်းရေး ရှေ့ဆက်နိုင်ရန်အတွက် UNFC ၏ အဆိုပြုချက် ၉ ချက်ကိုလည်း နှစ်ဖက်အကျေအလည်ဆွေးနွေးခဲ့ကြပါကြောင်း၊ အဆိုပါ အဆိုပြုချက်အားလုံးနီးပါး သဘောတူညီနိုင်သည့် အခြေအနေကောင်းများ ရှိခဲ့သော်လည်း တချို့ကိစ္စရပ်များ ဆက်လက်ညှိနှိုင်းရန် ကျန်ရှိနေသည့်အတွက် KNPP အနေဖြင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးဘဲ အစိုးရနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးနေဆဲပင်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❒

## နိုင်ငံတကာချစ်ကြည်ရေး ဘောလုံးပွဲစဉ်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၈**

မြန်မာ့ လက်ရွေးစင်ဘောလုံးအသင်းသည် နိုင်ငံတကာ ချစ်ကြည်ရေး ဘောလုံးပွဲစဉ်များအဖြစ် မတ် ၁၉ ရက် ညနေ ၆ နာရီတွင် တရုတ် (တိုင်ပေ) ဘောလုံးအသင်းနှင့်လည်းကောင်း၊ မတ် ၂၅ ရက် ညနေ ၆ နာရီတွင် အင်ဒိုနီးရှားဘောလုံးအသင်းနှင့်လည်းကောင်း မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်များအား ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

